ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်၊ သောကြာနေ့၊ (20-8-2004)(၄၃၃၁)

ကာလေန ဓမ္မဿဝနံ ဧတံ မင်္ဂလ မုတ္တမံ။

သင့်လျော်သောအခါ၌ တရားနာခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဟန်ဂေရီသမ္မတနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၂၀

၂၀၀၄ခုနှစ် ဩဂုတ် ၂၀ရက်၌ကျရောက်သော ဟန်ဂေရီသမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်– နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဟန်ဂေရီသမ္မတနိုင်ငံ သမ္မတ မစ္စတာဖယ်ရန့်၊ မာဒဲလ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၇)ကြိမ်မြောက် ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး တက်ရောက်ကြည့်ရှုအားပေး

ရန်ကုန် ဩဂုတ် ၁၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပလျက်ရှိသော ပြည်ထောင်စု မြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်၏ (၁၇)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ(၂၀၀၄) အခမ်းအနားသို့ တက်ရောက်ကြည့်ရှု အားပေးသည်။

ကြိုဆို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် မွန်းလွဲ ၂နာရီခွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၇)ကြိမ်မြောက် ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲ(၂၀၀၄)ကျင်းပလျက်ရှိသည့် မြန်မာ့ကျောက်မျက်ရတနာခန်းမသို့ ရောက်ရှိလာရာ ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း) နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ရောင်းချရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် မြန်မာ့ကျောက်မျက်ရတနာခန်းမရှိ ဈေးပြိုင်ခန်းမ၌ ပြည်တွင်းမှ နိုင်ငံသားရတနာကုန်သည်များနှင့် ပြည်ပမှ နိုင်ငံခြားသားရတနာကုန်သည်များက ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများအား ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူအားပေးနေမှုများကို ကြည့်ရှုအားပေးပြီး ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာခန်းမမှ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror

ဆောင်းပါး အညွှန်း

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ယခု ဆောင်ရွက်မည့် ပဲခူးရိုးမ စိမ်းလန်း စိုပြည်ရေး လုပ်ငန်းသည် မြန်မာနိုင်ငံ၏ ဆန်စပါး၊ သားငါး၊ သစ်တောကဏ္ဍကို အဓိက ဖော်ဆောင်ပေးနေသော ပဲခူးတိုင်း၏ ရာသီဥတု ညီညွတ်မျှတရေးကို အထောက်အကူပြုမည်မှာ မလွဲကေန် ဖြစ်ပါသည်။

တင်ထွန်း(ဝန်းကျင်/သားငှက်)၏ "သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းစီမံချက်"ဆောင်းပါး

(စာမျက်နှာ–၆)





ဈေးပြိုင်ဝယ်ယူ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၇)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲတွင် နိုင်ငံသားရတနာကုန်သည်များနှင့် ပြည်ပမှ နိုင်ငံခြားသား ရတနာကုန်သည်များက ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများအား ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရန်ကုန် မိုးရေချိန်

(၁၉–၈–၂၀၀၄)

ကမ္ဘာအေး	–	၂ ဒသမ ၁၃ လက်မ
မင်္ဂလာဒုံ	–	၁ ဒသမ ၈၉ လက်မ
ရန်ကုန်မြို့လယ်	–	၁ ဒသမ ၈၅ လက်မ

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၀-၈-၂၀၀၄
(သောကြာနေ့)

အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားအောင်စွမ်းဆောင်

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းထောင်ချီ၍ ယဉ်ကျေးမှုဖြစ်တည် ထွန်းကားလာသောနိုင်ငံဖြစ်သည်။ မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက် ထုံးတမ်းအစဉ်အလာများ၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအနုပညာများကို ယနေ့တိုင် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော နိုင်ငံဖြစ်သည်။

ယဉ်ကျေးသောနိုင်ငံ၊ သိမ်မွေ့သောလူမျိုးများပီပီ မိမိနိုင်ငံ၏ ယဉ်ကျေးမှု၊ မိမိလူမျိုး၏ အမျိုးသားရေးဂုဏ်ဒြပ်ကို ထာဝရထိန်းသိမ်း မြှင့်တင်ကြရမည်ဖြစ်သည်။ တိုင်းတစ်ပါး၏ ယဉ်ကျေးမှု၊ ဓလေ့စရိုက်၊ အမူအကျင့်များ မိမိတို့လူငယ်ထုအတွင်း ထိုးဖောက်လွှမ်းမိုးမှု မခံရရေး အတွက် အစဉ်သတိပြုကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် နိုင်ငံတကာ၌ သိပ္ပံနှင့်နည်းပညာများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ ကမ္ဘာ့နိုင်ငံများ အကြား ဆက်စပ်ယှက်နွယ် ပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိသည်။ ယင်းသို့ ကမ္ဘာ့နိုင်ငံများ ဆက်စပ်ယှက်နွယ်ပြောင်းလဲလာမှုနှင့်အတူ နိုင်ငံကြီး အချို့ကလည်း ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် နိုင်ငံရေးကွန်ရက် ဖြန့်ကြက် နိုင်ရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းလျက်ရှိကြသည်။

အဆိုပါနိုင်ငံကြီးများသည် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လူငယ်များအပေါ် တေးဂီတ၊ အနုပညာစသည့် ယဉ်ကျေးမှုလွှမ်းမိုးသည့် နည်းဖြင့် ထိုးဖောက်လာလျက်ရှိသည်။ တေးဂီတ၊ အနုပညာ အဆို၊ အက၊ ဝတ်စားဆင်ယင်မှုများမှအစပြု၍ နောက်ပိုင်းတွင် ၎င်းတို့လိုလားသည့် အတွေးအခေါ်အယူအဆနှင့် လူနေမှုဓလေ့စရိုက်ပုံစံများကို သွတ်သွင်း လာလေ့ရှိသည်။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအတွက် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးသည် အဓိကကျသော ဂုဏ်ဒြပ်တစ်ခုဖြစ်သည်။ မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်မှာ လွန်စွာ အရေးကြီးသည်။ မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို တည်တည်တံ့တံ့ ထိန်းသိမ်းစောင့်ရှောက်နိုင်မှုမရှိပါက အမျိုးဂုဏ်၊ ဇာတိဂုဏ်လျော့ပါးပြီး နိုင်ငံနှင့်လူမျိုးပါ ပျောက်ကွယ်သွားနိုင်သည်ကို အထူးသတိပြုကြရ မည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက နိုင်ငံနှင့်လူမျိုး ဂုဏ်သိက္ခာ ထာဝရမြင့်မားနေစေရန် အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေး၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့် ရှောက်ရေး အစီအမံများကို အလေးထားချမှတ် ဆောင်ရွက်လျက် ရှိသည်။

နိုင်ငံတော်က မျိုးဆက်သစ်လူငယ်များအား စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ အမျိုးသားရေးလမ်းကြောင်းမှန်အတိုင်း ဖြစ်ထွန်း လာစေရန် ကြိုးပမ်းလျက်ရှိသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ နှစ်စဉ်ကျင်းပ ပေးခြင်းသည် အဓိက အခန်းမှ ပါဝင်လျက်ရှိသည်။ ယခုအခါ လူငယ်လူရွယ်များအတွင်း မြန်မာ့တေးဂီတ အနုပညာရပ်များကို လေ့လာလိုက်စားသူများ တိုးပွား လာလျက်ရှိကြောင်း သိရသည်။

လူမှုရေးအသင်းအဖွဲ့များကလည်း လူမှုရေးဆိုင်ရာသင်တန်းများ၊ ယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ အမျိုးသမီးကဏ္ဍတွင် ရိုးရာဝတ်စားဆင်ယင်မှုပြိုင်ပွဲများ၊ ပြပွဲများ၊ ဟောပြောပွဲများကို စီစဉ် ကျင်းပပေးလျက်ရှိသည်။ ထို့အပြင် အခြေခံပညာကျောင်းများတွင် ဘက်စုံပညာရေးစနစ်အရ ယဉ်ကျေးမှုအနုပညာဆိုင်ရာ လှုပ်ရှားမှုများကို သင်ကြားပို့ချပေးလျက်ရှိသည်။

လူငယ်လူရွယ်များအနေဖြင့် ယနေ့ကာလတွင် နည်းမျိုးစုံဖြင့် ထိုးဖောက်ဝင်ရောက် နေရာယူလာသော တိုင်းတစ်ပါး ယဉ်ကျေးမှုနှင့် အပြုအမူများကို အထင်ကြီးအားကျ အတုယူမှုများ မဖြစ်ပေါ်စေရန် သတိပြုကြရမည်ဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှု အမြင်ဖြင့် မဆီလျော် သည့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊ သရုပ်ပျက် သီဆိုကခုန်မှုများကို ခေတ်ရေစီးကြောင်းဟု မှတ်ယူကာ ရေစုန်မျှောမလိုက်ပါမိစေရန် ထိန်းသိမ်းဆင်ခြင်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံသူ၊ နိုင်ငံသား မျိုးဆက်သစ်လူငယ်များအနေဖြင့် နိုင်ငံနှင့်လူမျိုး ဂုဏ်သိက္ခာထာဝရ မြင့်မားနေစေရေးအတွက် အမျိုးသား ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေရေး အမျိုးသားရေးတာဝန်များကို ကြိုးပမ်းစွမ်းဆောင်သွား ကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လက်ဆင့်ကမ်းအမွေ

☆ အနှောင်ကင်းနေသမျှ
ချောင်သွင်းကာပိတ်
သူ့စိတ်ကြိုက်ဆွဲရာ
နည်းနည်းမျှမပါ။
☆ အနှောင်ကင်းရှင်း
လွတ်လပ်ခြင်းကိုလည်း
အလျှဉ်းပျက်သုဉ်း
ဆုံးရှုံးမခံ။
☆ နှောင်ဖွဲ့ကင်းရှင်း
လွတ်လပ်ခြင်းဟာ
မြန်မာမျိုးဆက်
အဆက်ဆက်၏
မပျက်မသွေ
လက်ဆင့်ကမ်းအမွေဖြစ်ရမည်။ ။

နွယ်ချို

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် ဩဂုတ် ၁၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့်ရာထူး၊ ဌာန
(က)	ရဲမှူးချုပ်ဇော်ဝင်း ဒုတိယရဲချုပ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြည်ထဲရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် အကျဉ်းဦးစီးဌာန ပြည်ထဲရေးဝန်ကြီးဌာန
(ခ)	ဦးစောဝင်း ဒုတိယပါမောက္ခချုပ် မအူပင်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် မအူပင်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၁၉-၈-၂၀၀၄)

ဖျာပုံ	–	၄ ဒသမ ၄၅လက်မ
မော်ဘီ	–	၃ ဒသမ ၅၄လက်မ

ဗဟိုအလုပ်အမှုဆောင်ဗိုလ်မှူးကြီးမောင်ပါ မြေအောက်ရေပိုက်များလဲလှယ်မှုကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါသည် အင်ဂျင်နီယာဌာနမှ (ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဦးသောင်းရင်လိုက်ပါလျက် ယနေ့နံနက်က ပန်းဘဲတန်းမြို့နယ်၊ (၂၅)လမ်းအောက်လမ်းနှင့် လမ်းမတော် မြို့နယ်၊ (၉)လမ်းအလယ်လမ်းတို့တွင် သောက်သုံးရေပိုမိုရရှိစေရန်နှင့် သန့်ရှင်း မှုရှိသော ရေများရရှိရန်အတွက် သက်ဆိုင်ရာ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများက ဦးဆောင်၍ မြေအောက်ရှိ သံကြွပ် ရေပိုက်များအား လဲလှယ်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။**(ဓါတ်ပုံ)**

ထိုသို့ကြည့်ရှုရာတွင် ဒုတိယ မြို့တော်ဝန်အား မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တာဝန် ရှိသူများနှင့် အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု) တာဝန်ရှိသူများက ယခင် ပိုက်ဟောင်းများသည် နှစ်ပေါင်းကြာ မြင့်ပြီးဆွေးများနှင့် ပိတ်ဆို့နေသဖြင့် ရေစီးဆင်းမှုခက်ခဲပုံကို ရှင်းလင်းတင်ပြ သည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန် သည် လမ်းမတော်၊ လသာ၊ ပန်းဘဲ တန်းနှင့် ကျောက်တံတားမြို့နယ်များရှိ လမ်းအချို့တွင် မိုးရေတိုက်စားမှုကြောင့် ပျက်စီးသွားသော လမ်းသားများကို အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) က ပြန်လည်ပြုပြင်နေမှုများကို လိုက်လံ ကြည့်ရှုစစ်ဆေးသည်။ (၁၉)

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းသစ် ဘားအံမြို့တွင်ဖွင့်

ရန်ကုန် ဩဂုတ် ၁၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ ဘားအံမြို့ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း ကျောင်းသစ်ဖွင့်ပွဲကို ဩဂုတ် ၁၆ ရက် နံနက် ၈ နာရီက ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟို ဌာန၌ကျင်းပရာ သင်တန်းကျောင်းဆိုင်းဘုတ်ကို ဘားအံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကိုကိုကြီးနှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

သင်တန်းကျောင်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး အောင်မော်မော်၊ ဘားအံ ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ကိုကိုကြီးနှင့် အဖွဲ့ဝင်များ၊ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြား ရေးမှူးဦးဝင်းနိုင်၊ ပြည်နယ်/ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် ကျောင်းသားများ စုစုပေါင်းအင်အား ၈၀ ခန့် တက်ရောက်ကြသည်။

(သတင်းစဉ်)

အီရတ်အမျိုးသားကွန်ဖရင့်မှစေလွှတ်သော ကိုယ်စားလှယ်များကို ရှီးယိုက်ခေါင်းဆောင်ဆာဒါ တွေ့ဆုံရန်ငြင်းပယ်

နာဂျက်ဖ် ဩဂုတ် ၁၇

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် ရှီးယိုက်ခေါင်းဆောင် မိုတာဒါအယ်လ်ဆာဒါဦးဆောင်သော အီရတ်ခုခံရေးသမားများနှင့် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များသည် တိုက်ပွဲများ ဖြစ်ပွားလျက်ရှိသည်။ အမေရိကန် ဦးဆောင်သော တပ်ဖွဲ့များတွင် အီရတ်ကြားဖြတ်အစိုးရလက်ထက်တွင် အသစ်ဖွဲ့စည်းထားသော အီရတ်တပ်ဖွဲ့များလည်း ပါဝင်သည်။ ရှီးယိုက်ခေါင်းဆောင် မိုတာဒါအယ်လ်ဆာဒါကို နာဂျက်ဖ် မြို့အတွင်းမှ ထွက်ခွာသွားကာ တိုက်ခိုက်မှုကို အဆုံးသတ်ပေးရန် သဘောတူညီလာစေရေးအတွက် ဆွေးနွေးမည့် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် နာဂျက်ဖ်သို့ ရောက်လျက်ရှိခဲ့သည်။

အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် တိုက်ပွဲဖြစ်ပွားပြီးနောက် အောင်ပွဲခံနေသည့် ရှီးယိုက် ခုခံ တိုက်ခိုက်ရေးသမားများကို ဩဂုတ် ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မိုတာဒါအယ်လ်ဆာဒါက အဆိုပါ ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံရေးကိစ္စကို လက်မခံဘဲ ငြင်းပယ်ခဲ့သည်။ အီရတ်နိုင်ငံကို ကျူးကျော်သူများက သိမ်းပိုက်ထားဆဲ အခြေအနေ၌ပင် ရှိနေသေးသောကြောင့် ခေါင်းဆောင်က ကိုယ်စားလှယ်အဖွဲ့ကို လက်မခံဘဲ ငြင်းပယ်ခဲ့ခြင်းဖြစ်သည်ဟု အယ်လ်ဆာဒါ၏ လက်ထောက်တစ်ဦးက ပြောကြားသည်။ ကိုယ်စားလှယ်အဖွဲ့သည် အယ်လ်ဆာဒါနှင့် တွေ့ဆုံခွင့်ရရန် သုံးနာရီမျှ စောင့်ဆိုင်းခဲ့ကြပြီး မတွေ့ရသောအခါ ဘဂ္ဂဒက်သို့ ပြန်လာခဲ့ကြသည်။

နာဂျက်ဖ်မြို့သို့သွားသော ကိုယ်စားလှယ်အဖွဲ့ကို ဩဂုတ် ၁၆ ရက်တွင် ဖွဲ့စည်းလိုက်ခြင်းဖြစ်သည်။ ထိုအဖွဲ့ကို ကျင်းပနေဆဲ အီရတ်အမျိုးသား ကွန်ဖရင့်က ဖွဲ့စည်းစေလွှတ်ခဲ့ခြင်းဖြစ်၏။ ၎င်းကိုယ်စားလှယ်များကို ဘဂ္ဂဒက်မြို့ဆီမှ အမေရိကန်ကြည်းတပ် ဘလက်ဟော့ ရဟတ်ယာဉ်ဖြင့် နာဂျက်ဖ်မြို့အပြင်ရှိ အမေရိကန် တပ်စခန်းသို့ ပို့ပေးခဲ့ခြင်း ဖြစ်သည်။

အီရတ်အမျိုးသား ကွန်ဖရင့်မှာ ဩဂုတ်လ ၁၈ ရက် ဗုဒ္ဓဟူးနေ့၌ ပြီးစီးရန် စီစဉ်ထားခဲ့သော်လည်း အယ်လ်ဆာဒါနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန်အတွက် တစ်ရက်ထပ်တိုးပေးခဲ့ခြင်းဖြစ်၏။ နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့များနှင့် ဖြစ်ပွားလာသော တိုက်ခိုက်မှုများကြောင့် အမျိုးသားကွန်ဖရင့်ကို ရက်တစ်ရက် ထပ်တိုးလိုက်ကြောင်း သိရသည်။ အီရတ်အမျိုးသားညီလာခံမှ ရွေးချယ်ထားသော ကိုယ်စားလှယ်အဖွဲ့သည် ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါကို ၎င်း၏ လက်နက်ကိုင်များအား လက်နက်စွန့်လွှတ်ကာ အီရတ်နိုင်ငံရေးအတွင်း ပါဝင်လာစေရန် ဆွဲဆောင်ကြမည်ဖြစ်၏။ ထို့အပြင် ခေါင်းဆောင် အယ်လ်ဆာဒါ၏ သစ္စာခံများကိုလည်း လက်နက်စွန့်လွှတ်ကြရန် ဖျောင်းဖျကြမည် ဆိုသော ရည်ရွယ်ချက်ဖြင့် နာဂျက်ဖ်သို့ လာရောက်ခြင်းဖြစ်ကြောင်း သိရသည်။

ယခုရောက်လာသော ကိုယ်စားလှယ်အဖွဲ့ကို ဟူစိန်အယ်လ်ဆာဒါ ဆိုသူက ဦးဆောင်ခဲ့ခြင်းဖြစ်သည်။ ၎င်းမှာ ခုခံဆန့်ကျင်နေသူ ခေါင်းဆောင် မိုတာဒါအယ်လ်ဆာဒါနှင့်လည်းဆွေမျိုးနီးစပ်တော်သူ ဖြစ်သည်ဟု ဆိုသည်။ အမှန်မှာ ယခု နာဂျက်ဖ်မြို့သို့ ရောက်လာသောအဖွဲ့မှာ ကိုယ်စားလှယ်များ မဟုတ်ကြပေ။ အမျိုးသားကွန်ဖရင့်မှ ပါးလိုက်သော သတင်းစကားများကို သယ်ဆောင်လာသည့် ဆက်သွယ်ရေး အဖွဲ့တစ်ဖွဲ့သာ ဖြစ်သည်ဟု ဟူစိန်အယ်လ်ဆာဒါက ပြောကြားသည်။

ပြောကြား

ဘာသာရေး အဆောက်အအုံအတွင်း နေရာယူ တိုက်ခိုက်နေသည့် အဖြစ်ကို စွန့်လွှတ်ပြီး ထွက်ခွာပေးရန်နှင့် မာဒီတပ်ဖွဲ့ကိုလည်း နိုင်ငံရေးအဖွဲ့အစည်း တစ်ရပ်အဖြစ် အသွင်ပြောင်းလာသော အဖြစ်ကို တွေ့မြင်လိုကြသော ဆန္ဒရှိကြသည်ဟု သတင်းများကဆိုသည်။ ထိုအချက်များကို အီရတ်ပြည်သူများကလည်း လိုလားနေကြကြောင်း ဟူစိန်အယ်လ်ဆာဒါက ဆက်လက်ပြောကြားသည်။

အီရတ်အစိုးရက ယခုလာရောက်သည့် ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ကြုံတွေ့နေရသော အခက်အခဲတစ်ရပ်ကို ဖြေရှင်းနိုင်ရန်လိုလားကြောင်း၊ သို့မှသာ နာဂျက်ဖ်မြို့ တိုက်ပွဲများ ပြီးဆုံးသွားမည်ဖြစ်ကြောင်း၊ နာဂျက်ဖ်မြို့ ပျက်စီးမည့် အခြေအနေမှ ကယ်တင်နိုင်မည်ဖြစ်ကြောင်း၊ အီရတ်ပြည်သူများနှင့် နိုင်ငံအတွက်ပါ အကျိုးများစေမည်ဖြစ်ကြောင်းကိုပါ ဟူစိန်အယ်လ်ဆာဒါက ဆိုသည်။ ထိုကိုယ်စားလှယ်အဖွဲ့တွင် ကိုယ်စားလှယ်ပေါင်း ရှစ်ဦးပါဝင်သည်။

အင်တာနက်။

နာဂျက်ဖ်မြို့လယ်တွင် တိုက်ပွဲအပြင်းအထန်ဖြစ်ပွားဆဲ

နာဂျက်ဖ်(အီရတ်) ဩဂုတ် ၁၈

အီရတ်အမျိုးသားကွန်ဖရင့်သို့ တက်ရောက်နေသည့်ကိုယ်စားလှယ်များက ရှီးယိုက်ခေါင်းဆောင် အယ်ဆာဒါအား ခြေကုပ်စခန်းအဖြစ် အသုံးပြုနေသော မြို့နာဂျက်ဖ်မှ စွန့်လွှတ်ရန် ဖျောင်းဖျရေးအတွက် ငြိမ်းချမ်းရေး မစ်ရှင်အဖြစ် ရောက်ရှိနေစဉ် နာဂျက်ဖ်မြို့လယ်ကောင်တွင် ပြင်းထန်သည့်တိုက်ခိုက်မှုများ ဆက်လက်ပေါ်ပေါက်လျက်ရှိသည်။ အမျိုးသားကွန်ဖရင့် တတိယနေ့အဖြစ် ဆက်လက်ကျင်းပနေစဉ် အစိမ်းရောင်ဒေသအတွင်း စိန်ပြောင်းကျည်ကျရောက်ပေါက်ကွဲမှုကြောင့် လူခုနစ်ဦးသေဆုံးပြီး ၄၇ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အမေရိကန်စစ်လေယာဉ်များ ပျံသန်းနေပြီး လက်ဖြောင့်တပ်သားများက အီမန်အလီဗိမာန် တစ်ဝိုက်တွင် နေရာယူထားကြစဉ် စဉ်ဆက်မပြတ် သေနတ်ပစ်ခတ်မှုနှင့် ပြတ်တောင်းပြတ်တောင်း စိန်ပြောင်းပေါက်ကွဲမှုတို့ကြောင့် ရှေးဟောင်းသမိုင်းဝင် နာဂျက်ဖ်၏ အသွားအလာများ ရပ်ဆိုင်းလျက်ရှိသည်။ ကွန်ဖရင့် ကိုယ်စားလှယ်များသည် လုံခြုံရေးဆိုင်ရာ အစောင့်အရှောက်များ ပေါ်ပေါ်ထင်ထင်လိုက်ပါလာခြင်းမရှိဘဲ ဘာသာရေးအဆောက်အအုံသို့ ည ၇နာရီတွင် ရောက်ရှိလာသည်။

တိုက်တွန်း

ယခုလာရောက်ခြင်းသည် စေ့စပ်ညှိနှိုင်းရန်မဟုတ်ကြောင်း၊ မိမိတို့ အဖွဲ့သည်ငြိမ်းချမ်းရေးမစ်ရှင်အဖွဲ့ ဖြစ်ပြီး အမျိုးသားကွန်ဖရင့်က ပေးပို့လိုက်သည့်သတင်းစကား ဆောင်ကြဉ်းလာခြင်းဖြစ်ကြောင်း၊ ကိုယ်စား လှယ်ခေါင်းဆောင် ရှိတ်ဟူစန်အယ်လ်ဆာဒါက အမေရိကန်အခြေစိုက်စခန်းတွင် ပြောကြားသည်။ ယင်းမစ်ရှင် အဖွဲ့၏ အဓိကရည်ရွယ်ချက်မှာ အယ်လ်ဆာဒါ လက်နက်ချရေးအတွက်နှင့် ဘာသာရေးအဆောက်အအုံမှစွန့်ခွာပြီး နိုင်ငံရေးနည်းလမ်းဖြင့် လှုပ်ရှားဆောင်ရွက်ရေး တိုက်တွန်းရန်ဖြစ်သည်။

အီရတ်သမ္မတဂါဇီအယ်လ်ယာဝါကလည်း အယ်လ်ဆာဒါ၏ အဓိပ္ပာယ်မရှိသော လုပ်ရပ်ကိုရပ်ဆိုင်းပြီး နိုင်ငံရေးနယ်ပယ်တွင် ဝင်ရောက်လှုပ်ရှားရေးအတွက် တိုက်တွန်းရန် တူရကီနိုင်ငံတွင် အလေးထားပြောကြားခဲ့သည်။ အယ်လ်ဆာဒါနှင့် ၎င်း၏နောက်လိုက်များအနေဖြင့် လက်နက်ချပြီး ယင်းဘာသာရေးအဆောက်အအုံမှ ၎င်းတို့သဘောနှင့် မဆုတ်ခွာပါက ဝင်ရောက်စီးနင်းတိုက်ခိုက်ပြီး တစ်ဦးချင်းစီ သတ်ပစ်မည် ဟု နာဂျက်ဖ်ရဲတပ်ဖွဲ့မှ ရဲချုပ် အယ်လ်ဂျာဇိုင်ရီက ခြိမ်းခြောက်သည်။

အင်တာနက်။

အီရတ်ထောက်လှမ်းရေးအရာရှိတစ်ဦးကို ပြန်ပေးဆွဲထား

ဒူဘိုင်း ဩဂုတ် ၁၈

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် တိုက်ခိုက်မှုများ ဖြစ်ပွားနေမှုကို တုံ့ပြန်သည့်အနေဖြင့် အီရတ်ထောက်လှမ်းရေး အရာရှိတစ်ဦးအား အီရတ်ခုခံတိုက်ခိုက်ရေးသမားများက ပြန်ပေးဆွဲထားကြောင်း အယ်ဂျာဇီယာ ရုပ်/သံက အင်္ဂါနေ့က ထုတ်လွှင့်သည်။

မျက်နှာဖုံးစွပ် အမျိုးသားနှစ်ဦး အကြားရပ်နေသည့် အမျိုးသားတစ်ဦးကို ရုပ်/သံက ထုတ်လွှင့်ပြသသည်။

မိမိတို့သည် အိုစမာအဗ္ဗဒယ်ဂျာဘားအမည်ရှိ အီရတ်ထောက်လှမ်းရေး အရာရှိတစ်ဦးအား ပြန်ပေးဆွဲထားကြောင်း အဆိုပါအုပ်စုက ကြေညာထားသည်။ ယင်းသို့ ပြန်ပေးဆွဲမှုသည် နာဂျက်ဖ်မြို့မှ တိုက်ခိုက်မှုများကို တုံ့ပြန်ခြင်းဖြစ်ကြောင်း ဖော်ပြထားသည့် ကြေညာချက်ကို မျက်နှာဖုံးစွပ် အမျိုးသားတစ်ဦးက ဖတ်ကြားသည်။

ဖမ်းဆီးထားသူများသည် ပြန်ပေးဆွဲခံရသူ၏အမည်နှင့် ရာထူးကို ထုတ်ဖော်ပြောကြားသည်ဟု အယ်ဂျာဇီယာရုပ်/သံက ထုတ်လွှင့်သည်။

တင့်ကားများ အကူအညီဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ရှီးယိုက်ခုခံတိုက်ခိုက်ရေးသမားတို့အပြန်အလှန်ပစ်ခတ်ကြသည့်အတွက် တနင်္လာနေ့က နာဂျက်ဖ်မြို့လယ်တွင် တိုက်ပွဲအပြင်းအထန်ဖြစ်ပွားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါအား သစ္စာစောင့်သိသည့် ခုခံတိုက်ခိုက်ရေးသမားများသည် အီရတ်အစိုးရတပ်ဖွဲ့ဝင်များနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ခိုက်နေသည်မှာ ၁၂ ရက်ကြာမြင့်နေပြီဖြစ်သည်။ ယင်းတိုက်ခိုက်မှုများ အဆုံးသတ်ရေးအတွက် ဆွေးနွေးပွဲများ ပျက်ပြားခဲ့ပြီးနောက် နှစ်ရက်ကြာ အေးချမ်းငြိမ်သက်မှုမှာ တနင်္ဂနွေနေ့က ဖရိုဖရဲဖြစ်ခဲ့သည်။

ရှီးယိုက်တို့၏ ခုခံတိုက်ခိုက်သူများသည် အီရတ်မြို့ကြီး ခုနစ်မြို့သို့ ကူးစက်ပျံ့နှံ့ခဲ့သည်။ ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံးဒေသတွင် ရှီးယိုက်ခုခံတိုက်ခိုက်ရေးသမားများသည် အမေရိကန်တပ်ဖွဲ့ဝင်များကို တနင်္လာနေ့က တိုက်ခိုက်ရာ တင့်ကားတစ်စီး ပျက်စီးခဲ့ရသည်။ အဆိုပါ တင့်ကားပေါ်တွင် လိုက်ပါလာသူများမှာ ဒဏ်ရာအနည်းငယ်ရရှိကြကာ လွတ်မြောက်ခဲ့ကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၉၄၆ဦးရှိပြီ

ဘဂ္ဂဒက် ဩဂုတ် ၁၉

အမေရိကန်ဦးဆောင်သောတပ်များ အီရတ်သို့ ၂၀၀၃ခုနှစ် မတ်လတွင် စတင် ကျူးကျော်တိုက်ခိုက်ချိန်မှ ယခုနှစ် ဩဂုတ် ၁၈ရက်အထိ အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ၉၄၆ဦးရှိသွားပြီဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဌာန ထုတ်ပြန်ချက်များအရသိသည်။ ၎င်းတို့အနက် တိုက်ပွဲကြောင့် သေဆုံးသူ အမေရိကန် တပ်ဖွဲ့ဝင်ဦးရေ ၇၀၅ဦးရှိပြီး ၂၄၁ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်။

ထိုအတောအတွင်း အီရတ်၌ ဗြိတိန် တပ်ဖွဲ့ဝင် ၆၄ ဦးသေဆုံးကြောင်း ဗြိတိန်စစ်ဘက်က ကြေညာသည်။ အီတလီ ၁၈ဦး၊ စပိန် ၁၁ဦး၊ ပိုလန် ခုနစ်ဦး၊ ဘူလ်ဂေးရီးယားခြောက်ဦး၊ ယူကရိန်းခြောက်ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ ဒိန်းမတ်၊ အယ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယား၊ နယ်သာလန် တစ်ဦးစီ သေဆုံးသည်။

အီရတ်၌ တိုက်ပွဲကြီးများ ပြီးဆုံးသွားပြီဖြစ်ကြောင်း အမေရိကန်သမ္မတဘုရှ် ၂၀၀၃ခုနှစ် မေ ၁ရက်တွင် ကြေညာပြီးနောက် အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၈၀၈ ဦးရှိသည်။ ၎င်းတို့အနက် ၅၉၆ဦးမှာ တိုက်ပွဲတွင် သေဆုံးပြီး ၂၁၂ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးသည်။

အီရတ်တွင် စစ်ဆင်ရေး စတင်လာကတည်းက တိုက်ပွဲ၌ ဒဏ်ရာရသူပေါင်း အမေရိကန်တပ်ဖွဲ့ဝင် ၆၄၉၇ဦးဖြစ်သည်ဟု အမေရိကန် ကာကွယ်ရေးဌာန အပတ်စဉ်ထုတ် သတင်းများအရ သိရသည်။

အင်တာနက်။

တိုက်ခိုက်မှု ဖြစ်ပွား

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ပျက်စီးနေသည့် ယာဉ်တစ်စီးကို ဩဂုတ် ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် ကင်းလှည့် စောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို ဩဂုတ် ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

တူရကီ ကုမ္ပဏီဝန်ထမ်းများ အီရတ်မှ ရုပ်သိမ်း

အစ္စတန်ဘူလ် ဩဂုတ် ၁၈

တူရကီနိုင်ငံမှ သယ်ယူပို့ဆောင်ရေးကုမ္ပဏီက ၎င်း၏ အလုပ်သမားတစ်ဦး အသတ်ခံခဲ့ရပြီး အခြားတစ်ဦး ပြန်ပေးဆွဲခံခဲ့ရပြီးနောက် အီရတ်နိုင်ငံမှ ၎င်း၏ ဝန်ထမ်းများ ရုပ်သိမ်းခဲ့ကြောင်း အင်္ဂါနေ့ကပြောကြားလိုက်သည်။

အီရတ်နိုင်ငံတွင် ပြန်ပေးဆွဲမှုများ၊ ယာဉ်မောင်းများနှင့် အင်ဂျင်နီယာများအား တိုက်ခိုက်မှုများ မကြာသေးမီကာလအတွင်း ဖြစ်ပွားခဲ့ပြီးနောက် တူရကီကုမ္ပဏီအများစုက အီရတ်နိုင်ငံမှ ပြန်လည်ရုပ်သိမ်းပြီး အီရတ်နှင့်ကုန်သွယ်မှုပြုလုပ်နေခြင်းကို အဆုံးသတ်တော့မည်ဟု ပြောကြားခဲ့သည်။

ရိုက်ကူးထား

အီရတ် ခုခံတိုက်ခိုက်ရေးသမားများ၏ ဖမ်းဆီးထားသည့်ဘီလင်တာ ပို့ဆောင်ရေးကုမ္ပဏီမှ ယာဉ်မောင်းမီးမက်က တူရကီနိုင်ငံ အား အီရတ်နိုင်ငံနှင့် ကုန်သွယ်မှုပြုလုပ်နေမှု ရပ်ဆိုင်းရန်အတွက် တိုက်တွန်းထားသည့်ကြေညာချက်ကို ဖတ်ပြီးနောက် ၎င်းအား ပစ်ခတ်ခဲ့ပုံကို ရိုက်ကူးထားသည့် ဗီဒီယိုခွေကို ယခုလစောစောပိုင်းက ဖြန့်ချိခဲ့သည်။

ဘီလင်တာကုမ္ပဏီက ၎င်း၏အခြားသော အလုပ်သမားများလည်း အီရတ်နိုင်ငံတွင် ပြန်ပေးဆွဲ ခံထားရသည်ဟု ယုံကြည်နေကြောင်းပြောကြားသည်။

ပြန်လည်ရုပ်သိမ်း

မိမိတို့ ဝန်ထမ်းဖြစ်သူ အာတူလာဂက်ဇ်မန်၏ အသက်အန္တရာယ် ကင်းရှင်းရေးအတွက် မိမိတို့ဝန်ထမ်းများ အီရတ်မှ ပြန်လည်ရုပ်သိမ်းမှုကိစ္စပြီးစီးသွားပြီဖြစ်ကြောင်း၊ ဂက်ဇ်မန်သည်ပြန်ပေးဆွဲခံထားရဖွယ်ရှိကြောင်း ဘီလင်တာကုမ္ပဏီက ဆက်လက်ပြောကြားသည်။

ထုတ်ပြန်ကြေညာ

အမေရိကန်များထံသို့ ပစ္စည်းများပို့နေသည့် တူရကီနိုင်ငံသား၊ အခြားယာဉ်မောင်းနှစ်ဦးလည်း ဓားစာခံအဖြစ် အဖမ်းခံထားရကြောင်း ၎င်းတို့၏ မိသားစုဝင်များက တနင်္လာနေ့က ပြောကြားသည်။

ကုမ္ပဏီက ၎င်း၏ ဝန်ထမ်းများ နောက်ထပ် တိုက်ခိုက်မှုခံရမည် စိုးရိမ်မှုကြောင့် ၎င်းဓားစာခံနှစ်ဦး၏အမည်များကိုထုတ်ပြန်ကြေညာခြင်း မရှိပေ။

ရပ်ဆိုင်း

တူရကီနိုင်ငံတကာ ပို့ဆောင်ရေးအသင်းက အီရတ်ရှိ အမေ ရိကန်တပ်ဖွဲ့ဝင်များထံသို့ ကုန်ပစ္စည်းပို့ဆောင်နေမှုကို ရပ်ဆိုင်းလိုက်ပြီဖြစ်သည်။ သို့ရာတွင် အခြားကုန်ပစ္စည်းပို့ဆောင်ရေးအုပ်စုက ယင်းလုပ်ငန်းအား ဆက်လက်လုပ်ကိုင်မည်ဟု ကြေညာသည်။

တူရကီနိုင်ငံမှကားများနှင့် နောက်တွဲယာဉ်များက အီရတ်နိုင်ငံသို့ နှစ်စဉ်အကြိမ်၇၀၀၀၀၀ခန့် ခရီးသွားရောက်ခဲ့ကြပြီး ပြည်ပပို့ကုန်အဖြစ် တူရကီနိုင်ငံက ဒေါ်လာဘီလျံများစွာ ရရှိခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။

ကြေးမုံ
The Mirror
နိုင်ငံခြားသတင်းများ

ဘဂ္ဂဒက်မြို့တွင် စိန်ပြောင်းကျည်များ ကျရောက်ပေါက်ကွဲ

ဘဂ္ဂဒက် ဩဂုတ် ၁၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် ရဲစခန်းတစ်ခုအနီးတွင် စိန်ပြောင်းကျည်ထိမှန်ပေါက်ကွဲခဲ့ရာ ကလေးငယ်နှစ်ဦး အပါအဝင် လူ ခုနစ်ဦး သေဆုံးပြီး ၄၇ ဦးဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ဒဏ်ရာရရှိသူများအနက် နှစ်ဦးမှာ အမျိုးသမီးများဖြစ်ပြီး ၄၅ ဦးမှာ အမျိုးသားများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

စိန်ပြောင်းကျည်ပေါက်ကွဲ

နောက်ထပ်စိန်ပြောင်းကျည် ကျရောက်ပေါက်ကွဲမှုကြောင့် ဒဏ်ရာရသူများတွင်အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးနှင့်အရပ်ဘက် လုံခြုံရေးအစောင့်တစ်ဦးတို့လည်း ပါဝင်သည်။ အဆိုပါနောက်ထပ် စိန်ပြောင်းထိမှန် ပေါက်ကွဲရာနေရာသည် အီရတ်အမျိုးသား ကွန်ဖရင့်ကျင်းပရာ အဆောက်အအုံနှင့် အီရတ်ကြားဖြတ်အစိုးရ အဆောက်အအုံအကြားတွင် ဖြစ်ပွားခြင်းဖြစ်သည်ဟု အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

တိုက်ဂရစ်မြစ်၏ တစ်ဘက်ကမ်းရှိ ရဲစခန်းတစ်ခုအနီး ဘဂ္ဂဒက်မြို့လယ်ရှိ စီးပွားရေး အချက်အချာကျရာခရိုင်တွင် စိန်ပြောင်းကျည်ထိမှန်ခံရကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ ကနဦးတွင် ကားဗုံးပေါက်ကွဲခြင်းဖြစ်သည်ဟု မိမိတို့ယူဆခဲ့ကြောင်း၊ အကြောင်းမှာအဆောက်အအုံတစ်ခုမှာ အလွန်ဆိုးရွားစွာ ပျက်စီးခဲ့ရသောကြောင့်ဖြစ်ကြောင်း၊ သို့ရာတွင် ယင်းပေါက်ကွဲမှုမှာ စိန်ပြောင်းကျည် ထိမှန်ခဲ့ခြင်းဖြစ်သည်ဟု ကျွမ်းကျင်သူများက ကောက်ချက်ချကြောင်း ဗိုလ်မှူးကြီးအက်နန်အဗ္ဗဒယ်ရာမန်က ပြောကြားသည်။

အင်တာနက်။

ဘာဆာရာမြို့တွင် တိုက်ပွဲဖြစ်ပွား ဗြိတိသျှ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘာဆာရာ ဩဂုတ် ၁၈

အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် အီရတ်ခုခံတိုက်ခိုက်ရေးသမားများနှင့် တိုက်ပွဲများဖြစ်ပွားပြီးနောက် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိသွားကြောင်းဗြိတိန်ကာကွယ်ရေးဌာနကပြောကြားသည်။ အသေးစိတ် အချက်အလက်များကို ဆိုင်းငံ့ထားဦးမည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနက ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားသည်။

ညပိုင်းရောက်လာသည့်အတွက် အီရတ်ခုခံတိုက်ခိုက်ရေးသမားများက တိုက်ခိုက်ခြင်းဖြစ်ကြောင်း ဗြိတိသျှတပ်ဖွဲ့များ၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးအီယန်က ဘာဆာရာမြို့မှနေ၍ စောစောပိုင်းက ပြောကြားသည်။

ဘာဆာရာမြို့တွင်ဗြိတိသျှအရပ်ဘက်ယာဉ်သုံးစီးလမ်းဘေးထောင်ထားသည့် ဗုံးပေါက်ကွဲပြီးနောက် ယင်းကဲ့သို့ တိုက်ပွဲများဖြစ်ပွားခြင်းဖြစ်သည်။ အဆိုပါ ယာဉ်သုံးစီး ပျက်စီးသွားကြောင်း ဗြိတိသျှတပ်ဖွဲ့များ၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အတည်ပြုပြီး ဒဏ်ရာရရှိမှုနှင့်ပတ်သက်၍သတင်းများမရရှိကြောင်း ၎င်းက ပြောကြားသည်။

အင်တာနက်။

နာဂျက်ဖ်၏ အခြေအနေကို ဩဇာအကြီးဆုံး ရှီးယိုက်ခေါင်းဆောင် ပူပန်လျက်ရှိ

လန်ဒန် ဩဂုတ် ၁၈

အယာတိုလာအလီစစ္စတန်နီသည် အီရတ်ရှိ ရှီးယိုက်ဘာသာရေးအသိုင်းအဝိုင်းများအနက် ဩဇာအရှိန် အဝါအကြီးဆုံးပုဂ္ဂိုလ်ဖြစ်သည်။ လောလောဆယ်တွင် ၎င်းမှာ လန်ဒန်မြို့တွင် ဆေးဝါးကုသမှုခံယူလျက်ရှိသည်။ လက်ရှိအခြေအနေအရ နာဂျက်ဖ်မြို့၌ ဖြစ်ပေါ်နေသော အခြေအနေများကို များစွာပူပန်ပြီး သောကမအေးဘဲရှိ နေသော စစ္စတန်နီသည် ဌာနေသို့ အမြန်ဆုံးပြန်လိုသောဆန္ဒဖြစ်ပေါ်လျက်ရှိကြောင်း ၎င်း၏ပြောရေးဆိုခွင့်ရှိသူက ယမန်နေ့က ပြောကြားခဲ့သည်။

စိတ်ပူပန်

အီရတ်၌ ပြီးခဲ့သော ရက်အနည်းငယ်အတွင်း ဖြစ်ပေါ်ခဲ့သော အခြေအနေများနှင့် စပ်လျဉ်း၍ အယာတိုလာ အလီစစ္စတန်နီမှာ အကြီးအကျယ်စိတ်ပူပန်လျက်ရှိသည်ဟု ၎င်း၏ပြောရေးဆိုခွင့်ရှိသူက လန်ဒန်မြို့၌ ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

သေဆုံး

ရှီးယိုက်ခေါင်းဆောင် စစ္စတာနီသည် အီရတ်လူမျိုးတို့က ဘာသာရေးအရ အထွတ်အမြတ်ထားရာ နာဂျက်ဖ်မြို့တွင် နေထိုင်သူဖြစ်သည်။ ထိုမြို့တွင် တိုက်ခိုက်မှုများ အပြင်းအထန်ဖြစ်ပွားနေပြီး လူရာနှင့်ချီ၍ သေဆုံးနေကြောင်း သိရှိရသည်။

ခွဲစိတ်ကုသမှုခံယူ

ရှီးယိုက်ခေါင်းဆောင် စစ္စတာနီသည် လန်ဒန်မှ မည်သည့်အချိန်၌ အီရတ်သို့ပြန်နိုင်မည်နည်းဆိုသော အချက်မှာ ဆရာဝန်များ၏ အကြံပြုချက်အပေါ်မှာ တည်နေမည်ဖြစ်သည်ဟုဆို၏။ ၎င်းသည် ပိတ်နေသော နှလုံးသွေးကြောကို ခွဲစိတ်ကုသမှုခံယူရန်အတွက် ဩဂုတ် ၆ရက်က လန်ဒန်မြို့သို့ ရောက်ရှိခဲ့ခြင်းဖြစ်၏။ ၎င်းမှာ ဩဂုတ် ၁၅ရက်ကလည်း မျက်စိခွဲစိတ်ကုသမှု ခံယူခဲ့သေးကြောင်း သိရသည်။

ယခုအခါ ခေါင်းဆောင်စစ္စတာနီ၏ မျက်စိခွဲစိတ်ကုသမှုမှာ ပြီးစီးသွားပြီဖြစ်ပြီး အခြေအနေအရပ်ရပ် မှာလည်း ကောင်းမွန်လျက်ရှိကြောင်း သိရသည်ဟု စစ္စတာနီနှင့် နီးစပ်သော ရပ်ကွက်များမှ သတင်းရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ခွဲစိတ်မှုသတင်းနှင့် ပတ်သက်၍ အခြေအနေအသေးစိတ်ကိုမူ သိရှိရခြင်းမရှိဟု ဆိုသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် တိုက်ပွဲဖြစ်ပွားပြီးနောက် အောင်ပွဲခံနေသည့် ရှီးယိုက် ခုခံတိုက်ခိုက်ရေးသမားများကို ဩဂုတ် ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်ရှိ ကန်တပ်ဖွဲ့အား ရိက္ခာထောက်ပံ့နေသော ဟာလီဘာတန်ကုမ္ပဏီနှင့် ကန်စစ်ဘက်အငြင်းပွား

ဝါရှင်တန် ဩဂုတ် ၁၈

အမေရိကန် ဟာလီဘာတန်ကုမ္ပဏီသည် အီရတ်ရှိ အမေရိကန်တပ်ဖွဲ့များအတွက် ရေ၊ ရိက္ခာ၊ ခဝါ စသည့် အထောက်အကူပြုလုပ်ငန်းများကို လုပ်ကိုင်ပေးလျက်ရှိသည်။ ထိုဆောင်ရွက်မှုများအတွက် ငွေတောင်းခံလွှာများ ပေးပို့တောင်းခံရာ၌ အဆိုပါကုမ္ပဏီနှင့် အမေရိကန် စစ်ဘက်ဆိုင်ရာတို့အကြားတွင် အငြင်းပွားလျက်ရှိသည်။ ထိုသို့ အငြင်းပွားနေသောကြောင့် နောင်အခါ ဟာလီဘာတန်က တင်ပြလာမည့် အမှာစာများအပေါ်တွင် စစ်ဘက်က အပြည့်အဝပေးချေမည်မဟုတ်ဘဲ ၁၅ ရာခိုင်နှုန်း ဖြတ်တောက်မည်ဖြစ်သည်ဟု ဆိုသည်။

ဟာလီဘာတန်ကုမ္ပဏီသည် အီရတ်တွင် ကန်ထရိုက်ရထားသော လုပ်ငန်းများကို ဆောင်ရွက်ရာ၌ ယင်း၏ လက်ခွဲလုပ်ငန်း တစ်ခုဖြစ်သော ကီးလော့ဘရောင်းနှင့် ရုဒ်ကုမ္ပဏီ (ကေဘီအာရ်)မှတစ်ဆင့် ဆောင်ရွက်သည်။ ထိုကုမ္ပဏီသည် အီရတ်၌ တန်ဖိုးအများဆုံး ကန်ထရိုက်လုပ်ငန်းများကို ရရှိထားသောကုမ္ပဏီဖြစ်သည်။ အမေရိကန်စစ်ဘက်မှ ဟာလီဘာတန်သို့ မပေးဘဲ လစဉ်ဖြတ်တောက်မည့် ငွေကြေးပမာဏမှာ ဒေါ်လာ သန်းပေါင်း ၆၀ အထိ ရှိမည်ဖြစ်ကြောင်း လင်ဒါသီရစ်ဆိုသူ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ပြောကြားသည်။ သူမသည် အမေရိကန်စစ်မြေပြင် ထောက်ပံ့ရေး ညွှန်ကြားမှုဦးစီးဌာနမှဖြစ်သည်။ ၎င်းဌာနသည် အမေရိကန်နိုင်ငံ အီလီနွိုက်ပြည်နယ် ရော့ဂ်အိုင်လင်တွင် တည်ရှိသည်။

အကျိုးသက်ရောက်မည်

ဟာလီဘာတန်၏ ငွေတောင်းခံလွှာများကို အပြည့်အဝ မပေးချေဘဲ ဖြတ်တောက်သွားမည် ဖြစ်ကြောင်းကို အသိပေး အကြောင်းကြားထားပြီးဖြစ်သည်။ ယင်းသို့ ငွေကြေးဖြတ်တောက်မှုကို ပြုခဲ့သော ငွေတောင်းခံလွှာများအပေါ် အကျိုးသက်ရောက်စေမည် မဟုတ်ဘဲ ဩဂုတ် ၁၈ ရက်မှစ၍ ရှေ့ဆက်လက် တင်ပြလာမည့်တောင်းခံလွှာများအပေါ်၌သာ အကျိုးသက်ရောက်စေမည်ဖြစ်သည်ဟု သီရစ်က ပြောကြားသည်။

စစ်ဘက်က ဟာလီဘာတန်၏ ငွေတောင်းခံလွှာများအပေါ် ၁၅ရာခိုင်နှုန်း ဖြတ်တောက်မည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။ ထိုဆုံးဖြတ်ချက်ကို ဟာလီဘာတန်ကုမ္ပဏီက မကျေနပ်သဖြင့် တရားရုံးတွင် လျှောက်ထားပြီး မဖြတ်တောက်ရန် စွဲဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

အီရတ်ရှိ ဟာလီဘာတန်ရရှိထားသော ကန်ထရိုက်လုပ်ငန်းများအတွက် ကျခံရမည့် တန်ဖိုးပမာဏသည် အစိုးရခန့်မှန်းချက်များအရပင်လျှင် အမေရိကန်ဒေါ်လာ သန်း ၁၈၀၀၀ ရှိသည်ဟု ဆိုသည်။

ယုံကြည်

အစိုးရ၏အဆုံးအဖြတ်သည် တရားမျှတမှုမရှိကြောင်း၊ ထိုကိစ္စကို တရားရုံးတွင် စွဲဆိုလျှင် ဥပဒေကြောင်းအရ အနိုင်ရမည်ဟု ကုမ္ပဏီအနေဖြင့် အခိုင်အမာယုံကြည်ကြောင်း ဟာလီဘာတန်ကုမ္ပဏီထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အထက်ပါအချက်များနှင့် ဘော်စတန်တွင် အခြေစိုက်ထားသော ကုမ္ပဏီမှ ဩဂုတ် ၁၆ ရက်တွင် ရောက်လာသော သတင်းများသည် တစ်ခုနှင့်တစ်ခု ကိုက်ညီမှုမရှိဘဲ ကွဲလွဲနေသည်။ အမေရိကန်စစ်ဘက်သည် ပေးငွေများအပေါ် ဖြတ်တောက်မည်ဆိုသော အဆုံးအဖြတ်ကို နောက်ထပ်အချိန် ဆိုင်းငံ့ပေးထားသည်ဟု အခြားသတင်းတစ်ပုဒ်ကဆိုသည်။ ငွေကြေးဖြတ်တောက်မှုများ ခံရမည်ဆိုလျှင် အီရတ်ရှိ အနာဂတ်လုပ်ငန်းများအတွက် ဖြတ်တောက်ခံရမည့် လုပ်ငန်းတန်ဖိုးသည် အမေရိကန်ဒေါ်လာ သန်း ၈၂၀၀ အထိ ရှိနိုင်သည်ဟုဆိုသည်။

အာမခံချက်ရရှိ

ဟာလီဘာတန်ကုမ္ပဏီက ယင်းရရှိသောသတင်းမှာ ရှင်းလင်းသည်။ အမေရိကန်စစ်ဌာနချုပ် ပင်တဂွန် အထက်တန်း ကိုယ်စားလှယ်များထံမှ နှုတ်အားဖြင့် အာမခံချက် ရရှိခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆိုင်းငံ့ခွင့်ပြု

စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ သီရစ်ကမူ ဟာလီဘာတန်ကုမ္ပဏီ၏ ငွေကြေးကိစ္စများကို နောက်ထပ်အချိန်ဆက်လက် ဆိုင်းငံ့ထားခွင့်ပြုသည့်ကိစ္စကို ဩဂုတ် ၁၈ ရက်အထိ မိမိမသိရသေးကြောင်း ထုတ်ဖော်ပြောကြားသွားသည်။

ငွေကြေးကိစ္စများနှင့် ပတ်သက်၍ ကေဘီအာရ်ကုမ္ပဏီနှင့် အမေရိကန်စစ်ဘက်တို့ အငြင်းပွားနေခဲ့သည်မှာ လနှင့်ချီ၍ကြာနေပြီဖြစ်သည်။ စစ်ဘက်ကလည်း ငွေပေးချေမှုများ ဆိုင်းထားမည်ဖြစ်ကြောင်း ခြိမ်းခြောက်ထားခဲ့သည်။ ထိုကိစ္စမှာ ကူဝိတ်နှင့် အီရတ်ရှိ အမေရိကန် စစ်စခန်းများအတွက် နေထိုင်ရေးနှင့် စားသောက်ရေးကိစ္စများအတွက် ပေးချေရမည့်ကိစ္စများနှင့် သက်ဆိုင်သည်။

ဖော်ပြပါအခြေအနေများ ဖြစ်ပေါ်နေချိန်တွင် ဟာလီဘာတန်ကုမ္ပဏီ၏ ရှယ်ယာဈေးမှာလည်း ၄ ရာခိုင်နှုန်းအထိ ကျဆင်းသွားသည်။ နယူးယောက်မြို့ စတော့ရှယ်ယာဈေးကွက်၌ ထိုကုမ္ပဏီ၏ ရှယ်ယာဈေးမှာ ဩဂုတ် ၁၇ ရက်က တစ်ခုလျှင် ၁ ဒသမ ၁၄ ဒေါ်လာဈေး ကျသွားပြီး ၂၆ ဒသမ ၆၅ ဒေါ်လာဖြင့်သာ အရောင်းအဝယ်ဖြစ်ခဲ့သည်။ ဩဂုတ်လဆန်းက ပေါက်ဈေးနှင့်စာလျှင် ၁၆ ရာခိုင်နှုန်း ထိုးကျသွားခြင်းပင်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ တောင်ပိုင်း ဘာဆာရာမြို့တွင် လုံခြုံရေးစောင့်ကြပ်နေသည့် ရှီးယိုက်ခုခံရေးသမားများကို ဩဂုတ် ၁၇ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကန်တပ်ဖွဲ့ဝင်များနှင့် ခုခံရေးသမားများ နာဂျက်ဖ်၌ တိုက်ပွဲဖြစ်ပွား

နာဂျက်ဖ်(အီရတ်) ဩဂုတ် ၁၈

ခုခံတိုက်ခိုက်မှုများ အဆုံးသတ်ရန် ရှီးယိုက်ခေါင်းဆောင်အား မေတ္တာရပ်ခံရန် နာဂျက်ဖ်မြို့သို့ အီရတ်ကိုယ်စားလှယ်အဖွဲ့မရောက်မီ နာရီပိုင်းအလိုတွင် အဆိုပါမြို့လယ်၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ရှီးယိုက် ခုခံတိုက်ခိုက်ရေးသမားတို့ အင်္ဂါနေ့က တိုက်ပွဲအပြင်းအထန် ဖြစ်ပွားသည်။

မြင်တွေ့ရ

ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါအား သစ္စာစောင့်သိသည့် မီဒီလက်နက်ကိုင် တိုက်ခိုက်ရေးသမားများ တပ်စွဲထားရာ နာဂျက်ဖ်မြို့ဟောင်းတစ်ဝိုက်တွင် အမေရိကန်တင့်ကားများနှင့် သံချပ်ကာယာဉ်များ တပ်စွဲထားသည်ကို မြင်တွေ့ရသည်။ တိုက်ပွဲသတင်းကိုရယူသည့် အီရတ်နိုင်ငံသား ရိုက်တာဓာတ်ပုံသတင်းထောက်မှာ ခြေထောက်တွင် ဒဏ်ရာရရှိခဲ့သည်။ အီရတ်နိုင်ငံသား အဆိုပါ ဓာတ်ပုံသတင်းထောက် သည် အမေရိကန်စစ်ဆေးရုံတစ်ခုတွင် ဆေးကုသလျက်ရှိသည်။

အင်တာနက်။

နာဂျက်ဖ်မြို့ တိုက်ပွဲအတွင်း ကန်တပ်ဖွဲ့ဝင်သုံးဦးသေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၁၈

အမေရိကန် တပ်ဖွဲ့ဝင်များနှင့် နာဂျက်ဖ်မြို့တွင်း ပုန်းအောင်းနေသည့် ရှီးယိုက် လက်နက်ကိုင်များ တိုက်ခိုက်မှုဖြစ်ပွားရာ အမေရိကန် တပ်ဖွဲ့ဝင်သုံးဦး တနင်္ဂနွေနေ့က သေဆုံးသွားကြောင်း စစ်ဘက်က ပြောကြားသည်။

အမှတ်(၁၁) ပြည်ပ မရိန်းတပ်ဖွဲ့မှ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးသည် တွန်းလှန် တိုက်ခိုက်သူများ၏ တိုက်ခိုက်မှုကြောင့် နာဂျက်ဖ်ပြည်နယ်တွင် ဩဂုတ်လ ၁၅ ရက်က သေဆုံးသွားသည်ဟု တနင်္လာနေ့က ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

နာဂျက်ဖ်မြို့တွင် ၁၂ ရက်ကြာ တွန်းလှန်တိုက်ခိုက်မှုများ အဆုံးသတ်စေရေးအတွက် ရည်ရွယ်ကာ ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲပျက်ပြားပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များက အယ်လ်ဆာဒါ၏သစ္စာခံ လက်နက်ကိုင်များအား တနင်္ဂနွေနေ့တွင် ကြိုးကြားကြိုးကြား တိုက်ခိုက်လျက်ရှိသည်။

အမေရိကန် ဦးဆောင်တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံအတွင်း စတင်ဝင်ရောက်ကျူးကျော်ပြီးသည့်နောက် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၉၄၃ ဦး ရှိသွားပြီဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ကင်းလှည့် စောင့်ကြပ်

နာဂျက်ဖ်မြို့တွင် ကင်းလှည့်စောင့်ကြပ်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်များကို ဩဂုတ် ၁၇ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်တွင် ဒတ်ချ်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

အမ်စတာဒမ် ဩဂုတ် ၁၈

အီရတ်နိုင်ငံတွင် ပစ်ခတ်မှုဖြစ်ပွားခဲ့ရာတွင် ဒတ်ချ် (ဟော်လန်)တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး ငါးဦး ဆိုးဆိုးရွားရွား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒတ်ချ်ကာကွယ်ရေးဌာနက ပြောကြားသည်။

အာရူမေသာမြို့တွင် တနင်္ဂနွေနေ့စောစောပိုင်းက စစ်ဘက်ဆိုင်ရာ မော်တော်ကားတစ်စီးကို တိုက်ခိုက်ခဲ့ရာ ပစ်ခတ်မှု စတင်ပေါ်ပေါက်ဖွယ်ရှိကြောင်း အဆိုပါဌာန၏ ကြေညာချက်တွင်ဖော်ပြထားသည်။ ယင်းမြို့တွင် ဒတ်ချ်တပ်ဖွဲ့ဝင် ၁၂၀၀ တို့ အခြေစိုက်သည်။

အခြားဒတ်ချ်တပ်ဖွဲ့ဝင်တစ်ဦး မေလအတွင်းက သေဆုံးခဲ့ပြီးနောက် ဒုတိယမြောက် ဒတ်ချ်တပ်ဖွဲ့ဝင်တစ်ဦး နောက်ထပ်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူမှာ အသက် ၂၉ နှစ်အရွယ်ရှိ စစ်ရဲတပ်ဖွဲ့ဝင်တစ်ဦး ဖြစ်ကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ထိခိုက်ဒဏ်ရာရှိသူများအနက် တစ်ဦးမှာ စစ်ရဲတပ်ဖွဲ့ဝင်ဖြစ်ပြီး အခြားလေးဦးမှာ ကြည်းတပ် တပ်ဖွဲ့ဝင်လေးဦးဖြစ်ပြီး အသက်အန္တရာယ် မစိုးရိမ်ရကြောင်းနှင့် ၎င်းတို့၏အခြေအနေမှာ တည်ငြိမ်လျက်ရှိကြောင်း ကာကွယ်ရေးဌာနက ပြောကြားသည်။ အခြားတပ်ဖွဲ့ဝင်များမှာလည်း ထိခိုက်ဒဏ်ရာအနည်းငယ်စီသာရရှိခဲ့ကြပြီး ယင်းတိုက်ခိုက်မှုကို မည်သူလုပ်ခဲ့သည်ကို သဲသဲကွဲကွဲ မသိရသေးပေ။

အကူအညီပေး

ပစ်ခတ်မှုများဖြစ်ပွားပြီးနောက် လျှပ်တစ်ပြက်တုံ့ပြန်ရေးတပ်ဖွဲ့များနှင့် အပါချီရဟတ်ယာဉ်များ ဝင်ရောက်တိုက်ခိုက်ကြသည်။ အမေရိကန် ဆေးဘက်မှ ဘလက်ဟော့ခ်ရဟတ်ယာဉ် အကူအညီပေးခဲ့ကြသည်။

ယင်းဖြစ်ရပ်ဖြစ်ပွားပြီး တစ်ခါတစ်ရံ ဒတ်ချ်အခြေစိုက်စခန်း ပစ်ခတ်မှုခံရသော်လည်း တပ်ဖွဲ့ဝင်များ အထိအခိုက်မရှိပေ။ ဒတ်ချ်စစ်ရဲတပ်ဖွဲ့က ယင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

ပြင်သစ်သတင်းစာဆရာတစ်ဦး နာဆီရီယာမြို့တွင် ပြန်ပေးဆွဲခံရ

ဒူဘိုင်း ဩဂုတ် ၁၈

အမေရိကန် နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသည့် ပြင်သစ်သတင်းစာဆရာတစ်ဦး အီရတ်နိုင်ငံတောင်ပိုင်း နာဆီရီယာမြို့တွင် ပြန်ပေးဆွဲခံရကြောင်း အယ်လ်ဂျာဇီယာရုပ်မြင်သံကြားဌာနက တနင်္လာနေ့က ဖော်ပြသည်။

အဆိုပါ သတင်းစာဆရာသည် ရှေးဟောင်းပစ္စည်းလေ့လာရေး သတင်းထောက်ဖြစ်ကြောင်း အဆိုပါရုပ်မြင်သံကြားဌာနက ဖော်ပြသည်။ သို့ရာတွင် အသေးစိတ်သတင်းများ ထုတ်ပြန်ကြေညာခြင်းမရှိပေ။ ဘဂ္ဂဒက်ရှိ ပြင်သစ်သံရုံးက ဝေဖန်ပြောကြားမှု မရှိသေးပေ။

အမေရိကန်သံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ယင်းသတင်း မကြားမိကြောင်း ပြောကြားသည်။ လက်နက်ကိုင်များက ဗြိတိသျှ သတင်းစာဆရာတစ်ဦးကို လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း ပြန်ပေးဆွဲခဲ့ပြီး ဘာဆာရာမြို့တွင် ပြန်လည်လွှတ်ပေးခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းစီမံချက်

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအနက် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတများ ပေါကြွယ်ဝသော နိုင်ငံအဖြစ် လူသိများသော နိုင်ငံဖြစ်ပါသည်။ မြေပေါ်ရှိ သယံဇာတများအနက် သစ်တောသယံဇာတသည် တစ်ခုအပါအဝင်ဖြစ်ပါသည်။ နိုင်ငံတကာတွင် သစ်တောသယံဇာတများ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးယုတ်လျော့နေသော်လည်း မြန်မာနိုင်ငံ၌ နိုင်ငံဧရိယာ၏ ထက်ဝက်ခန့်မှာ သစ်တောများဖုံးလွှမ်းလျက်ရှိသည်မှာ ဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်း ရာသီဥတု၊ မြေမျက်နှာသွင်ပြင်၊ ပင်လယ်နှင့် အနီးအဝေး၊ မြေအနေအထား စသည့် ဘူမိပထဝီ ကွဲပြားခြားနားမှုကြောင့် သစ်တောအမျိုးမျိုး ဖြစ်ထွန်းနေကြပြီး ကွဲပြားခြားနားသော သစ်တောဂေဟစနစ်များ (Forest Ecosystems) ဖြစ်ပေါ်လျက်ရှိပါသည်။ ဒီရေအတက်အကျရှိသော ပင်လယ်ကမ်းခြေနှင့် မြစ်ဝကျွန်းပေါ်ဒေသတို့၌ ဒီရေတောအမျိုးမျိုး၊ ကုန်းတွင်းပိုင်း၌ ရွက်ပြတ်ရောနှောတော အမျိုးမျိုး၊ အမြဲစိမ်းတောများ၊ မုတ်သုံ အမြဲစိမ်းတောများ၊ တောင်ပေါ် ထင်းရှူးတောများစသည်ဖြင့် သစ်တောအမျိုးမျိုးကို မြန်မာနိုင်ငံတွင် တွေ့ရှိရပါသည်။ ကုန်းတွင်းပိုင်း၌ ပေါက်ရောက်သော ရွက်ပြတ်ရောနှောတော သစ်တောများအတွင်း အဖိုးတန် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သစ်ရာ၊ အင်ကြင်း၊ သင်းဝင်နှင့် တမလန်းစသော သစ်မျိုးများ ပေါက်ရောက်လျက်ရှိကြပါသည်။ မြန်မာနိုင်ငံသည် အဖိုးတန်ကျွန်းသစ်နှင့် သစ်မာအမျိုးမျိုးကို စနစ်တကျထုတ်ယူရောင်းချလျက်ရှိရာ နှစ်စဉ်ပြည်တွင်း ဝင်ငွေကျပ် သန်းပေါင်းများစွာနှင့် နိုင်ငံခြားငွေ ဒေါ်လာသန်းပေါင်းများစွာကို ရှာဖွေပေးလျက်ရှိပါသည်။ ထို့အပြင် မြန်မာနိုင်ငံ သစ်တောများအတွင်း တောဆင်ရိုင်း၊ ကျား၊ ကျားသစ်၊ ကြောင်၊ စိုင်၊ ဆတ်၊ ကြံ့၊ ကြံ့သူတော် စသည့် ရှားပါးတောရိုင်းတိရစ္ဆာန်များအပါအဝင် နို့တိုက်သတ္တဝါမျိုးစိတ် ၃၀၀ ခန့်၊ ကုန်းနေ၊ ရေနေနှင့် တွားသွားသတ္တဝါမျိုးစိတ် ၃၆၀ ခန့်၊ ငှက်မျိုးစိတ် ၁၀၀၀ ကျော်၊ လိပ်ပြာမျိုးစိတ် ၁၀၀၀ ကျော် နေထိုင်ကျက်စားလျက်ရှိပါသည်။

မြန်မာနိုင်ငံအဝန်း၌ ပေါက်ရောက်လျက်ရှိသော သစ်တောများအနက် ပဲခူးရိုးမဒေသ၌ ပေါက်ရောက်နေသော သစ်တောများလည်း ပါဝင်ကြပါသည်။ ပဲခူးရိုးမတောင်တန်းသည် ရန်ကုန်မြို့တော်၏ မြောက်ဘက် မိုင် ၃၀ အကွာအဝေးမှစတင်၍ တောင်မြောက်သွယ်တန်းလျက်ရှိပြီး အလျားမိုင် ၃၀၀ ခန့်ရှိပါသည်။ မြေမျက်နှာပြင်မှာ အလွန်မြင့်မားမှုမရှိခြင်း၊ ပြေပြစ်သော ကြောပြန့်များရှိခြင်း၊ ရေစီးရေလာကောင်းမွန်ခြင်း၊ သက်နုမြေ ဖြစ်သောကြောင့် မြေဩဇာကောင်းမွန်ခြင်း၊ မိုးမျှတစွာ ရွာသွန်းရာဒေသဖြစ်ခြင်းတို့ကြောင့် အမြဲစိမ်းသစ်တောများ၊ ရွက်ပြတ်ရောနှောတောများ ထူထပ်စွာပေါက်ရောက်သောဒေသ ဖြစ်ပါသည်။ မြန်မာနိုင်ငံ သစ်တောများတွင် ပေါက်ရောက်သော ကျွန်းသည် ပဲခူးရိုးမ၌ အကောင်းဆုံးဖြစ်သောကြောင့် ပဲခူးရိုးမအား ကျွန်းပင်၏ ဘူမိနက်သန်မှန်ရာမြေ (Home of Teak)ဟု တင်စား၍ ခေါ်ဝေါ်ကြပါသည်။ ပဲခူးရိုးမ၌ အခြားသစ်တောသစ်ပင်များ၊ ဝါးများ ပေါက်ရောက်နေကြသည်။ ကွဲပြားခြားနားသော သစ်တောဂေဟစနစ်များ ဖြစ်ထွန်းနေသကဲ့သို့ တောရိုင်းတိရစ္ဆာန်များစွာ ကျက်စားနေထိုင်ကြသဖြင့် ဇီဝမျိုးစုံမျိုးကွဲများလည်း ကြွယ်ဝသောဒေသဖြစ်ပါသည်။

ပဲခူးရိုးမသည် နိုင်ငံတော်အတွက် သစ်တောကဏ္ဍမှနေ၍ ဝင်ငွေရရှိစေနိုင်သကဲ့သို့ လယ်ယာကဏ္ဍအတွက်လည်း အရေးပါလျက်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ပဲခူးတိုင်းသည် မြန်မာနိုင်ငံ၌ ဆန်စပါး ဒုတိယအများဆုံး ထုတ်လုပ်ပြီး၊ ဆန်စပါးထုတ်လုပ်မှုအတွက် ရေအရင်းအမြစ်ဖြစ်သော မြစ်ချောင်းများသည် ပဲခူးရိုးမမှနေ၍ စတင်စီးဆင်းကြသောကြောင့် ဖြစ်ပါသည်။ ပဲခူးရိုးမ ရှိသောကြောင့် လယ်ယာမြေများကို ပူပြင်းခြောက်သွေ့ခြင်းမှ ကာကွယ်ပြီး အပူအအေးကို မျှတစေပါသည်။ နွေရာသီတွင် ပဲခူးရိုးမ၌ရှိသော လျှိုမြောင်များမှ လူများနှင့် ကျွဲနွား တိရစ္ဆာန်များအတွက် ရေကိုရရှိစေနိုင်ပါသည်။ ပဲခူးရိုးမရှိ သစ်တောများအတွင်း ကျေးရွာနေလူများအတွက် အိမ်တိုင်၊ ခြံတိုင်၊ လယ်ယာသုံးကိရိယာနှင့် ဟင်းသီးဟင်းရွက်များကို ရာသီအလိုက် ရရှိနိုင်ပါသည်။

ကမ္ဘာနှင့်အဝန်း လူဦးရေသည် လျင်မြန်စွာ များပြားလာလျက်ရှိပါသည်။ လူဦးရေတိုးတက်လာသည်နှင့်အမျှ စားနပ်ရိက္ခာလိုအပ်မှု၊ လူ့အသုံးအဆောင်နှင့် အဆောက်အအုံလိုအပ်မှု စသည်တို့လည်း များပြားလာလျက်ရှိပါသည်။ ယင်းသို့သော အကြောင်းများကြောင့် ကမ္ဘာ့နိုင်ငံအသီးသီး၌ သစ်တောဧရိယာများသည် ဆုတ်ယုတ်လျက်ရှိပါသည်။ မြန်မာနိုင်ငံရှိ သစ်တောဧရိယာများမှာ သိသာစွာလျော့နည်းမှု မရှိသေးသော်လည်း လူဦးရေတိုးပွားမှု၊ ထင်းလိုအပ်မှု၊ ကျွဲ၊ နွား တိရစ္ဆာန် စားကျက်ချမှု၊ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးမှုနှင့် အိမ်တိုင်၊ ခြံတိုင်၊ ထင်းနှင့် ဝါးခုတ်ယူမှုများ၊ သစ်ထုတ်ခြင်းများကြောင့် ယခင်က ထူထပ်သော သစ်တောများဖြင့် ဖုံးလွှမ်းနေခဲ့သော သစ်တောဧရိယာများ၏ သစ်တောဖုံးလွှမ်းမှုကို အနေနှင့်အမြန် ထိခိုက်လာမည်ဖြစ်ပါသည်။ ထိုသစ်တောဒေသများအနက် ပဲခူးရိုးမသည် လူနေထူထပ်သော ဒေသ၌ ကျရောက်ခြင်း၊ သွားလာမှုလွယ်ကူခြင်း၊ မြေဩဇာကောင်းမွန်ခြင်း၊ သစ်ကောင်း၊ ဝါးကောင်းများ ပေါများခြင်းကြောင့် ဒေသအတွင်း သစ်တောထွက်ပစ္စည်းများကို နှစ်စဉ်ထုတ်ယူသုံးစွဲမှု များပြားလာသဖြင့် သစ်တောများ လျော့ပါးလာနိုင်သည့် အခြေအနေနှင့် ရင်ဆိုင်ရလျက်ရှိပါသည်။ ထို့ကြောင့် ပဲခူးရိုးမကို သစ်တောများဖြင့် စိမ်းလန်းစိုပြည်နေရေးကို အထူးအလေးပေး ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပဲခူးရိုးမဒေသရှိ သစ်တောများ စိမ်းလန်းစိုပြည်စေရေးအတွက် စီမံချက်ချမှတ်ဆောင်ရွက်ရန် လမ်းညွှန်ခဲ့ပါသည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းစီမံချက်ကို ရေးဆွဲခဲ့ပြီး ယခု ၂၀၀၄–၂၀၀၅ ခုနှစ် ဘဏ္ဍာရေးနှစ်မှ ၂၀၀၈–၂၀၀၉ ခုနှစ် ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်–

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သစ်တောကဏ္ဍနှင့် ပတ်သက်၍လမ်းညွှန်ချက်များအနက်မှ "နိုင်ငံတစ်နိုင်ငံ၏ အခြေခံသယံဇာတမှာ မြေ၊ ရေ၊ တော၊ တောင်နှင့် ရာသီဥတုတို့ဖြစ်၍ တော၊ တောင် ပျက်စီးပါက မြေလည်းပျက်၊ ရေလည်းပျက်စီးကာ ရာသီဥတုဖောက်ပြန်လာသဖြင့် သစ်တောမပျက်စီးစေရေးအတွက် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြရန်" ဟု ပါရှိပါသည်။

- ပဲခူးရိုးမကို ကျွန်းသစ်မျိုး ပေါက်ရောက်ဖြစ်ထွန်းရာ ဒေသတစ်ခုအဖြစ် ထာဝစဉ် တည်မြဲစေရန်၊
- ပဲခူးရိုးမတွင် သစ်တောပြုန်းတီးနေခြင်းကို သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သစ်တောပြုစုထိန်းသိမ်းမှု နည်းလမ်းများဖြင့် ထိန်းသိမ်းခြင်း၊ သစ်တောဥပဒေဖြင့် ထိရောက်စွာ ကာကွယ်ပေးခြင်းတို့ဖြင့် ထိန်းသိမ်းရန်၊
- စိုက်ပျိုးရေးကဏ္ဍတွင် အရေးပါသော ရေရရှိနိုင်ရေးအတွက် တည်ဆောက်ထားသည့်ဆည်များ၏ ရေဝေရေလဲဒေသများကို စနစ်တကျ ထိန်းသိမ်းရန်၊
- ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီး စိမ်းလန်းစိုပြည်ရေး အထောက်အကူပြုရန်၊

တင်ထွန်း
(ဝန်းကျင်/သားငှက်)

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းစီမံချက် ငါးနှစ်တာကာလအတွင်း ကြိုးဝိုင်းသစ်တောနှင့် ကြိုးပြင်ကာကွယ်တောများရှိ သစ်တောတည်ရှိမှု အခြေအနေပေါ်မူတည်၍ ဦးစားပေးနေရာများ သတ်မှတ်ကာ အောက်ပါသစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ကြမည်ဖြစ်ပါသည်–

- သဘာဝသစ်တောများကို ကာကွယ်ထိန်းသိမ်းခြင်း၊
- သဘာဝတော တန်ဖိုးမြှင့်စိုက်ပျိုးခြင်း၊
- ခမ္မတာမျိုးဆက်ခြင်း၊
- သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းနှင့် စိုက်ခင်းဟောင်းများ ထိန်းသိမ်းခြင်း၊
- ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းနှင့် စံပြသစ်တောကျေးရွာများ တည်ထောင်ခြင်း၊
- လူထုပူးပေါင်းပါဝင်လာစေသည့် တိုးချဲ့ပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
- ထင်းအစားထိုး လောင်စာသုံးစွဲရေးလုပ်ငန်း ဖော်ထုတ်ခြင်း၊
- ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
- သဘာဝကျွန်းတော ထိန်းသိမ်းရေးနယ်မြေ (Teak Nature Reserve) များ သတ်မှတ်ခြင်း၊
- သစ်တောသုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

ပဲခူးရိုးမတွင် ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့မှ ခရိုင်ရှစ်ခရိုင်၊ မြို့နယ် ၃၁မြို့နယ်တို့ ပါဝင်ဆက်စပ်တည်ရှိလျက်ရှိပြီး အကျယ်အဝန်း အားဖြင့် ၁၉၅၇၅ ဒသမ ၃၈ စတုရန်းမိုင်ရှိပါသည်။ ပဲခူးရိုးမနယ်မြေအတွင်းရှိ သစ်တောဖုံးလွှမ်းမှု ဧရိယာမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

ပဲခူးရိုးမသည် လူဦးရေထူထပ်ပြီး မကွေး၊ မိတ္ထီလာ၊ ပြည်၊ ပဲခူးနှင့် ရန်ကုန် စသော အဓိကမြို့ကြီးများနှင့် ဆက်စပ်နေသည့် ဒေသဖြစ်ခြင်း၊ ကျွန်းနှင့် သစ်မာမျိုးစုံထွက်ရှိသော ဒေသဖြစ်ခြင်းတို့ကြောင့် ယခုကဲ့သို့ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းစီမံချက်ကို သီးခြားရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်၌ သစ်တောဦးစီးဌာနသည် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အာဏာပိုင်အဖွဲ့အစည်းနှင့် အခြားဆက်စပ်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ဥပဒေကြောင်းအရ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ကြမည်ဖြစ်ပါသည်။

ပဲခူးရိုးမတွင် ယခင်က တရားမဝင် ဝင်ရောက်နေထိုင်ပြီး တောင်ယာခုတ်ခြင်း၊ သစ်နှင့် သစ်တောထွက်ပစ္စည်းများကို တရားမဝင် ထုတ်ယူသုံးစွဲနေသူများကို သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ၌ ဝင်ရောက်ဆောင်ရွက်စေ၍ အလုပ်အကိုင်များ ရရှိစေခြင်း၊ သစ်တောကျေးရွာများ တည်ထောင်ပေး၍ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်စေ၍ ဝင်ငွေများရရှိစေခြင်း စသည်တို့ကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထို့အပြင် ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများရှိ တောပျက်များ၌ သဘာဝပတ်ဝန်းကျင် တိုးတက်လာစေရန်လည်းကောင်း၊ အဖိုးတန်ကျွန်းနှင့် ပျဉ်းကတိုး စသောသစ်မျိုးများ တိုးပွားလာစေရန်လည်းကောင်း၊သဘာဝတန်ဖိုးမြှင့် စိုက်ပျိုး ခြင်း(သို့မဟုတ်) ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း၊ ပျက်စီးနေသော တောပျက်များ၌ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ စိုက်ခင်းဟောင်းများကို ပြုစုထိန်းသိမ်းခြင်း စသည်တို့ကို အထူးအလေးပေး၍ ဆောင်ရွက်ကြမည်ဖြစ်ပေသည်။ တစ်ဖက်ကလည်း နိုင်ငံတော်၏ ပြည်တွင်းဝင်ငွေနှင့် ပြည်ပဝင်ငွေ ရရှိစေရေးအတွက် စနစ်တကျ သစ်ထုတ်လုပ်ခြင်းကို ကြပ်မတ်၍ ဆောင်ရွက်ရန် စီစဉ်ထားရှိပါသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ သစ်တောကဏ္ဍနှင့် ပတ်သက်၍ လမ်းညွှန်ချက်များအနက်မှ **"နိုင်ငံတစ်နိုင်ငံ၏ အခြေခံသယံဇာတမှာ မြေ၊ ရေ၊ တော၊ တောင်နှင့် ရာသီဥတုတို့ဖြစ်၍ တော၊ တောင်ပျက်စီးပါက မြေလည်းပျက်၊ ရေလည်းပျက်စီးကာ ရာသီဥတု ဖောက်ပြန်လာသဖြင့် သစ်တောမပျက်စီးစေရေးအတွက် ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ကြရန်"** ဟု ပါရှိပါသည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ယခုဆောင်ရွက်မည့် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းသည် မြန်မာနိုင်ငံ၏ ဆန်စပါး၊ သားငါး၊ သစ်တောကဏ္ဍကို အဓိကဖော်ဆောင်ပေးနေသော ပဲခူးတိုင်း၏ ရာသီဥတု ညီညွတ်မျှတရေးကို အထောက်အကူပြုမည်မှာ မလွဲဧကန်ဖြစ်ပါသည်။ ပဲခူးရိုးမ၌ သစ်တော သစ်ပင်များဖြင့် စိမ်းလန်းဝေဆာနေခြင်းအားဖြင့် မိုးရွာသွန်းမှုကို ညီညွတ်မျှတစေပါသည်။ တောတောင်မြေသားကို ရေနှင့်လေတိုက်စားမှုမှ ကာကွယ်ပေးပါသည်။ လေပြင်းများဒဏ်မှ ကာကွယ်ပေးပါသည်။ မိုးကာလ၌ မြေပြန့်၌ရှိသော လယ်ယာများ၊ မြို့ပြများကို ရေလွှမ်းခြင်းမှ ကာကွယ်ပေးပါသည်။ နွေရာသီ၌ ဆန်စပါး၊ ကောက်ပဲသီးနှံစိုက်ခင်းများကို လေပူများမှ ကာကွယ်စေနိုင်ပါသည်။ လူတို့အား ပူပြင်းသောရာသီဥတုဒဏ်မှ သက်သာစေပါသည်။ နွေရာသီ၌ စိမ့်စမ်းများမှ တစ်ဆင့် ချောင်းများအတွင်း ရေစီးဆင်းနိုင်ပါသည်။ ယနေ့ကမ္ဘာပေါ်၌ လူများခံစားနေရသော ဖန်လုံအိမ်အာနိသင်ကို ဖြစ်စေသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို သစ်ပင်များက စုပ်ယူနိုင်ပါသည်။ ကျေးလက်နေ ပြည်သူများအတွက် သစ်တောထွက်ပစ္စည်းများ၊ အစားအစာများ၊ ဆေးဝါးများ၊ တိရစ္ဆာန်အစားအစာများကို စဉ်ဆက်မပြတ်ရရှိစေနိုင်ပါသည်။ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းကို ဆောင်ရွက်ခြင်းအားဖြင့် တောရိုင်းတိရစ္ဆာန်၊ သစ်ပင်ပန်းမန်တို့ကို ထိန်းသိမ်းကာကွယ်ပေးခြင်းဖြစ်၍ မြန်မာနိုင်ငံသည် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်(United Nations Environment Programme) အရ ဆောင်ရွက်နေသော ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ထိန်းသိမ်းရေး စသည့်လုပ်ငန်းများကို လိုက်လျောညီထွေ အကောင်အထည်ဖော်ရာလည်းရောက်ပါသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

စဉ်	တိုင်း	မြို့နယ်ပေါင်း	ဧရိယာ(ဧက)	ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောဧရိယာ(ဧက)		
				ကြိုးဝိုင်းတော	ကြိုးပြင်ကာကွယ်တော	စုစုပေါင်း
၁။	ပဲခူးတိုင်း	၁၉	၆၆၃၈၆၅၉	၂၈၉၈၆၁၉	၃၆၆၅၀၆	၃၂၆၅၁၂၅
၂။	မကွေးတိုင်း	၅	၂၆၁၇၁၄၀	၅၀၁၀၉၉	၃၇၇၂၀	၅၃၈၈၁၉
၃။	မန္တလေးတိုင်း	၄	၂၂၇၄၄၇၀	၉၅၇၆၁၁	-	၉၅၇၆၁၁
၄။	ရန်ကုန်တိုင်း	၃	၉၉၂၉၅	၂၅၉၃၈၉	-	၂၅၉၃၈၉
	စုစုပေါင်း	၃၁	၁၂၅၂၈၂၄၄	၄၆၁၆၇၁၈	၄၀၄၂၂၆	၅၀၂၀၉၄၄

ခေတ်မီ သင်ကြားမှု သင်ယူမှု အခွင့်အလမ်းများ တိုးတက်ပွင့်လန်း

ပင်လုံတက္ကသိုလ်

ယခုအခါ ပညာသင်ကြားမှု၊ သင်ယူမှု အခွင့်အလမ်းများ ပြည်နယ်နှင့်တိုင်းအနှံ့ တစ်ပြေးညီ ဖြစ်ထွန်းလျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်ရှိ ပင်လုံတက္ကသိုလ်တွင် ကျောင်းသူများ ကွန်ပျူတာပညာ သင်ယူနေစဉ်။

(ဓာတ်ပုံ–ကြေးမုံ)

ဗန်းမော်ကွန်ပျူတာကောလိပ်

တိုင်းရင်းသားလူငယ်များ ဒေသအတွင်းမှာပင် အဆင့်မြင့်ပညာများ သင်ယူနိုင်ရန်အတွက် ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ဖွင့်လှစ်ပေးခဲ့သည့် ဗန်းမော် ကွန်ပျူတာကောလိပ်၌ ကျောင်းသား၊ ကျောင်းသူများ ကွန်ပျူတာပညာ သင်ကြားနေစဉ်။

(ဓာတ်ပုံ–သတင်းစဉ်။)

မန္တလေးတိုင်း ကျောက်ဆည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ခေတ်မီ သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြုပစ္စည်းများ တပ်ဆင်သင်ကြားပေးလျက်ရှိသည်။

(ဓာတ်ပုံ–ကြေးမုံ)

ချင်းပြည်နယ် ဟားခါးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ခေတ်မီသင်ကြားမှု သင်ယူမှု အထောက်အကူပြုပစ္စည်းများ တပ်ဆင်သင်ကြားလျက်ရှိနေသည်။ (ဓာတ်ပုံ–ကြေးမုံ)

ကယားပြည်နယ် လွိုင်ကော်မြို့တွင် တည်ဆောက်ဖွင့်လှစ်ပေးထားသည့် အစိုးရကွန်ပျူတာကောလိပ် အဆောက်အအုံများကို တွေ့ရစဉ်။ (ဓာတ်ပုံ–ကြေးမုံ)

လူငယ်လူရွယ် ပညာပေးလေ့ကျင့်ရေးစခန်း စခန်းသိမ်းပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေး

ရန်ကုန် ဩဂုတ် ၁၉

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)၏ ပံ့ပိုးကူညီမှုဖြင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီက ကြီးမှူးဖွင့်လှစ်သည့် လူငယ်လူရွယ်ပညာပေးလေ့ကျင့်ရေးစခန်း(၈/၂၀၀၄)စခန်းသိမ်းပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် ခန်းမဆောင်၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ဌေး၊ စစ်ဒေသမှူးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ နာယကအဖွဲ့ဝင်များ၊ ဥက္ကဋ္ဌ တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာ လှမြင့်နှင့် ကော်မတီဝင်များ၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌများနှင့် အသင်းဝင်များ၊ နည်းပြဆရာ၊ ဆရာမများ၊ စခန်းဝင် လူငယ်လူရွယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ နာယကက အမှာစကားပြောကြားပြီး စခန်းဝင်လူငယ်များအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ဆက်လက်၍ စခန်းဝင်လူငယ်များကိုယ်စား ကျောက်တန်းမြို့နယ်မှ မောင်ဇော်သက်မောင်နှင့် စမ်းချောင်းမြို့နယ်မှ မဆွေမွန်ဦးတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

ယင်းနောက် စခန်းဝင် လူငယ်များက ၎င်းတို့ကိုယ်တိုင် ရေးစပ်သီကုံးသည့် "ဘဝတက်လမ်းအတွက် Youth Camp" ဂုဏ်ပြုသီချင်းဖြင့် သီဆိုတင်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီက ကြီးမှူးဖွင့်လှစ်သည့် လူငယ်လူရွယ်ပညာပေး လေ့ကျင့်ရေးစခန်း(၈/၂၀၀၄)စခန်းသိမ်းပွဲ အခမ်းအနားတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ဌေး လူငယ်တစ်ဦးအား သင်တန်းဆင်းလက်မှတ်ပေးအပ်စဉ်။ (သတင်းစဉ်)

ဝါတွင်းကာလ ရေဒီယိုဓာတ်လမ်း ထုတ်လွှင့်မည်

ရန်ကုန် ဩဂုတ် ၁၉

ဆရာကြီးဦးသုခ၏ "သဗ္ဗေသတ္တာနှင့် အခြားဝတ္ထုများ" စာအုပ်မှ သဗ္ဗေသတ္တာဝတ္ထုကို မတင်ဝင်း ဇာတ်ညွှန်းရေးသား စီစဉ်ထုတ်လွှင့်မည့် ရေဒီယိုဇာတ်လမ်းကို ဩဂုတ် ၂၉ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂နာရီခွဲနှင့် ဩဂုတ် ၃၁ရက်(အင်္ဂါနေ့) မွန်းလွဲ ၁၂နာရီ မိနစ် ၂၀တို့တွင် မြန်မာ့အသံ ရေဒီယိုမှ ထုတ်လွှင့်မည်ဖြစ်သည်။

ယင်းဇာတ်လမ်းတွင် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ မေသဥ္ဇာဦးနှင့် မြန်မာ့အသံဝန်ထမ်းများက ပါဝင်သရုပ်ဆောင်ထားကြသည်။

(အောက်ပုံ) (သတင်းစဉ်)

အာဆီယံပညာရေးဆွေးနွေးပွဲ တက်ရောက်သူများ ကမ္ဘာ့ဧသာဒီနန်းတော်နှင့် စက်မှုဇုန်များလေ့လာ

ရန်ကုန် ဩဂုတ် ၁၉

(၆)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များအဖွဲ့အစည်း ပညာရေးဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်ကြသော အာဆီယံတက္ကသိုလ်များ အဖွဲ့အစည်းဝင်နိုင်ငံများရှိ တက္ကသိုလ်များမှ ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများသည် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူး ဦးဝင်းနှင့် ပဲခူးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဦးသိန်းဝင်းတို့ခေါင်းဆောင်၍ ယမန်နေ့နံနက် ၁၁နာရီတွင် ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ကမ္ဘောဇသာဒီ

ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများသည် မွန်းတည့် ၁၂ နာရီတွင် ကမ္ဘောဇသာဒီရွှေနန်းတော်သို့ရောက်ရှိရာ ရှေးဟောင်းသုတေသန ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်ထောက ကမ္ဘောဇသာဒီရွှေနန်းတော် ပြန်လည်တည်ဆောက်မှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဟံသာဝတီရှေးဟောင်း သုတေသနပြတိုက်၊ ဘမရာသန ပလ္လင်တော်ဆောင်နှင့် မြေနန်း ပြာသာဒ်ဆောင် တို့ကို လှည့်လည်ပြသသည်။

ညနေပိုင်းတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ (MICT Park)သို့ရောက်ရှိရာ ခန်းမဆောင်၌ အထွေထွေမန်နေဂျာ ဦးသောင်းညွှန့်က MICT Park နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်သို့ရောက်ရှိရာ ဒါရိုက်တာ ဒေါက်တာမြင့်မြင့်သန်းက မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများသည် မြန်မာ–ဂျပန် e-Learning Center ကို လေ့လာကြသည်။

စက်ရုံလေ့လာ

အာဆီယံတက္ကသိုလ်များနှင့် အဖွဲ့အစည်းဝင် နိုင်ငံများရှိ တက္ကသိုလ်များမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများသည် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပျဉ်းမပင်ရှိ တိုကီဝါ ခဲတံနှင့် Aphrodite အလှကုန်စက်ရုံသို့ သွားရောက်လေ့လာကြရာ မြန်မာတိုကီဝါ ကော်ပိုရေးရှင်းလီမိတက် ဒုတိယမန်နေဂျင်းဒါရိုက်တာ ဦးစိန်ထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် ခဲတံစက်ရုံအတွင်း လှည့်လည်ရှင်းလင်းပြသသည်။

ထိုမှတစ်ဆင့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများသည် လှိုင်သာယာ စက်မှုဇုန်(၃)ရှိ FAME ဆေးဝါးထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်လေ့လာကြရာ စက်ရုံမှူး ဦးတင်မောင်အေးက စက်ရုံနောက်ခံသမိုင်းနှင့် ဆေးဝါးထုတ်လုပ်မှု လုပ်ငန်းများအကြောင်းကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လှိုင်သာယာစက်မှုဇုန်(၂)ရှိ Teak Farm Industries Co.,Ltd. စက်ရုံသို့ သွားရောက်လေ့လာကြရာ မန်နေဂျင်းဒါရိုက်တာ ဦးဇော်မျိုးကျော်က စက်ရုံအတွင်း သစ်အချောထည် ထုတ်လုပ်နေမှုများကို လိုက်လံရှင်းလင်းပြသပြီး စက်ရုံ ဧည့်ခန်း၌ စက်ရုံသမိုင်းနှင့် ထုတ်လုပ်သည့် သစ်အချောထည်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

(၆)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များအဖွဲ့အစည်းပညာရေးဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁နာရီခွဲတွင် ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန့်ရတုခန်းမ၌ ဆက်လက်ကျင်းပရာ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ကျောင်းသူများဖြစ်ကြသည့် မခိုင်ငွေနှင်းဇော်နှင့် မအိသက်သက်ဆွေ၊ University of Indonesiaမှ ကျောင်းသူ Ms. Nurul Rochayataနှင့် Universiti Malayaမှ ကျောင်းသူ Ms. Elizabeth Foongတို့က ASEAN in the Knowledge Age; Building ASEAN Studies Learning Societies နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဆွေးနွေးပွဲတက်ရောက်သူများက ဆွေးနွေးအကြံပြုကြသည်။ (သတင်းစဉ်)

အာဆီယံတက္ကသိုလ်များ အဖွဲ့အစည်းဝင်နိုင်ငံများရှိ တက္ကသိုလ်များမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူး ဦးဝင်းခေါင်းဆောင်၍ ရန်ကုန်မြို့ ပျဉ်းမပင်စက်မှုဇုန်ရှိ တိုကီဝါ ခဲတံစက်ရုံသို့ သွားရောက်လေ့လာကြစဉ်။ (ပညာရေး)

❍ စာမျက်နှာ ၆ ဆောင်းပါးမှ အဆက်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လယ်ယာ၊ သစ်တော၊ သားငါးနှင့် စွမ်းအင်ကဏ္ဍ ထုတ်လုပ်မှု တိုးတက်သည်ထက် တိုးတက်အောင် အလေးထားဖော်ဆောင်ရန်လည်း လမ်းညွှန်ထားပါသည်။ ထို့ပြင် သစ်တောကဏ္ဍ လုပ်ငန်းလမ်းညွှန်အဖြစ် သစ်တောများမပြုန်းတီးအောင် ထိန်းသိမ်းကာကွယ်ရန်၊ သစ်တောပါးသွားသည့် ဒေသများ၌ ပြန်လည်ပျိုးထောင်ရန်၊ အညာဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းကို အကောင်အထည်ဖော်ရာ၌ သစ်တောသစ်ပင် ပြုစုထိန်းသိမ်းကာကွယ်ရေးနှင့် ဆည်မြောင်းတာတမံ တည်ဆောက်၍ ရေကို သိုလှောင်ထိန်းသိမ်းအသုံးပြုခြင်းတို့ကို အဆက်အစပ်ရှိရှိ ဆောင်ရွက်ရန်၊ ထင်းအစားအခြားလောင်စာ အသုံးပြုရေးလုပ်ငန်းနှင့် ကျေးရွာသုံး ထင်းစိုက်ခင်းများ စနစ်တကျ ပျိုးထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြရန်လည်း အလေးထား မှာကြားခဲ့ပါသည်။

ယခု ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းသည် သစ်တောသစ်ပင်များကို စနစ်တကျစိုက်ပျိုးခြင်း၊ သဘာဝတောများကို ထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစားထိုး လောင်စာများ တိုးတက်သုံးစွဲရေးကို အားပေးမြှင့်တင်သွားမည်ဖြစ်ခြင်း၊ ဆည်မြောင်းတာတမံတို့၏ ရေသိုလှောင်အားကို ထိန်းသိမ်းမည်ဖြစ်ခြင်း၊ ရေမြေရာသီဥတုကို ထိန်းသိမ်း၍ ပတ်ဝန်းကျင်စိမ်းလန်း စိုပြည်လာမည်ဖြစ်ခြင်း၊ လယ်ယာသားငါး ထုတ်လုပ်မှုကို မြင့်မားစေမည် ဖြစ်ခြင်းတို့ကြောင့် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကူညီကြရန် တိုက်တွန်းရေးသားအပ်ပါသည်။ ။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရေဒီယိုအစီအစဉ် သီချင်းဆိုပြိုင်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၉

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပညာရေးဝန်ကြီးဌာန အမှတ်(၃)အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ထုတ်လွှင့်သည့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ၏ သီချင်းဆိုပြိုင်ပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို(ဘီ)၌ ကျင်းပရာ တာဝန်ရှိသူများနှင့် ပါဝင်ယှဉ်ပြိုင်ကြသည့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် "စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်"သီချင်းကို သီဆိုယှဉ်ပြိုင်ကြရာ ပထမဆုကို ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၊ ဒုတိယဆုကို ဗိုလ်တထောင်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ တတိယဆုကို ဗဟန်းမြို့နယ် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း၊ နှစ်သိမ့်ဆုကို ဗိုလ်တထောင်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတို့က ရရှိကြသည်။

ဆုရရှိသူများအား မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ကြပြီး ပါဝင်ယှဉ်ပြိုင်ကြသည့်ကျောင်းများမှ ကျောင်းသားမိဘများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များက အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ကြသည်။ (သတင်းစဉ်)

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် လေးနိုင်ငံဝန်ကြီးချုပ်များ၏ အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန် အဆင့်မြင့်အရာရှိကြီးများ စည်းဝေး

ရန်ကုန် ဩဂုတ် ၁၉

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် လေးနိုင်ငံ ဝန်ကြီးချုပ်များ၏ အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန် အဆိုပါလေးနိုင်ငံ၏ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို ဩဂုတ် ၁၈ရက်တွင် ရန်ကုန်မြို့ NIKKOဟိုတယ်၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ကမ္ဘောဒီးယား၊လာအို၊မြန်မာ၊ဗီယက်နမ် လေးနိုင်ငံတို့မှ ကိုယ်စားလှယ်များတက်ရောက်ကြသည်။ အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး လေးနိုင်ငံဝန်ကြီးချုပ်များ၏ ထိပ်သီးအစည်းအဝေးက ထုတ်ပြန်မည့် ပူးတွဲကြေညာချက်ကို ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါပူးတွဲကြေညာချက်တွင် အာဆီယံအဖွဲ့ဝင်သစ်များဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် လေးနိုင်ငံတို့၏ အာဆီယံပေါင်းစည်းရေးလုပ်ငန်းစဉ်များကို ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် မဟာဗျူဟာများချမှတ်ရန်နှင့် ဒေသခွဲအတွင်းရှိ လေးနိုင်ငံ ဖွံ့ဖြိုးတိုးတက်သာယာဝပြောရေးအတွက် လေးနိုင်ငံစည်းလုံးညီညွတ်မှု၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ အပြန်အလှန်လေးစားမှု၊ ချစ်ခင်ရင်းနှီးမှု၊ သွက်လက်စွာပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးမြှင့်လျက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များချမှတ်ရန် ဖော်ပြပါရှိမည်ဖြစ်သည်။ လေးနိုင်ငံ ထိပ်သီးအစည်းအဝေးကို ၂၀၀၄ခုနှစ် နိုဝင်ဘာလအတွင်း လာအိုနိုင်ငံ ဗီယန်ရှင်းမြို့၌ ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

မျိုးဆက်ပျက်သုဉ်းလုဆဲဖြစ်သော တောရိုင်းတိရစ္ဆာန်များနှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကွန်ဗင်းရှင်း(CITES)၏ အာဆီယံနိုင်ငံဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ တတိယအကြိမ်မြောက် အစည်းအဝေးတတိယနေ့ အစီအစဉ်များကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပစဉ်။

(သစ်တောရေးရာ)

ရောဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာအကောင်အထည်ဖော်ရန် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၁၉

ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ အက်မက်(စ်)(ACMECS) အကောင်အထည်ဖော်ရန်အတွက် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ယနေ့တွင် ရန်ကုန်မြို့ NIKKOဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များတက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းက အစည်းအဝေး သဘာပတိအဖြစ်ဆောင်ရွက်ပြီး အက်မက်(စ်)အဖွဲ့ဝင် ငါးနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပြီးမှု အခြေအနေများကို ပြန်လည်သုံးသပ်ကြသည်။

အကောင်အထည်ဖော်

အဆိုပါ မဟာဗျူဟာအောက်တွင် ချမှတ်ထားသော လုပ်ငန်းစဉ်များအနက် မြန်မာနှင့်ထိုင်း၊ ထိုင်းနှင့်ကမ္ဘောဒီးယား၊ ထိုင်းနှင့်လာအို နှစ်နိုင်ငံချင်း ပူးပေါင်းဆောင်ရွက်မှုများ စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းကို အသိအမှတ်ပြုကြသည်။ ၂၀၀၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် အပြီးဆောင်ရွက်ရန် သတ်မှတ်ထားသည့် ငါးနိုင်ငံစလုံးနှင့် သက်ဆိုင်သောဘုံလုပ်ငန်းစဉ်များ၊ နှစ်နိုင်ငံချင်းလုပ်ငန်းစဉ်များကိုလည်း ဆောလျင်စွာ အကောင်အထည်ဖော်ကြရန် အစည်းအဝေးက တိုက်တွန်းခဲ့သည်။

အစည်းအဝေးတွင် အက်မက်(စ်)စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာတွင် သတ်မှတ်ထားသည့် ကဏ္ဍကြီး ငါးရပ်ဖြစ်သော ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူအဆင်ပြေရေး၊ စိုက်ပျိုးရေးနှင့်စက်မှု ပူးပေါင်းဆောင်ရွက်ရေး၊ ပို့ဆောင်ရေးအဆက်အသွယ်များမြှင့်တင်ရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို ညှိနှိုင်းဆွေးနွေးကြသည်။

ယခုကဲ့သို့ ငါးနိုင်ငံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပရခြင်းမှာ ပုဂံထိပ်သီးအစည်းအဝေးက သတ်မှတ်ထားသော ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန်ကျင်းပခြင်းဖြစ်သည်။ (သတင်းစဉ်)

❑ အီရတ်မှ

ပြသခဲ့ပြီးဖြစ်၍ ပြဿနာအားလုံးကို ယခုအခါ သုံးသပ်လျက်ရှိနေကြောင်း၊ ကျယ်ပြန့်သည့် နိုင်ငံတကာ ပူးပေါင်းပါဝင်မှုမရှိဘဲ အီရတ်နိုင်ငံအား စစ်ရေးအရတိုက်ခိုက်ခဲ့မှုသည် မှားယွင်းမှုတစ်ရပ်ဖြစ်ကြောင်းဘရူတာ၏ စာတွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံတွင် အစုလိုက် အပြုံလိုက် သေစေသည့် အဖျက်လက်နက်များ ပိုင်ဆိုင်သည်ဟူသော သာဓကဖြင့် အီရတ်အား ကျူးကျော်တိုက်ခိုက်ရန် သမ္မတဘုရှ်၏ ဆုံးဖြတ်ချက်ကို အောက်လွှတ်တော်မှ ရီပတ်ဘလီကန်အမတ်များက ထောက်ခံခဲ့ကြသည်။ ယင်းလက်နက်များအီရတ်တွင် မတွေ့ရှိခဲ့ပေ။

သို့ရာတွင် ဘရူတာက အီရတ်အားတိုက်ခိုက်ရန် ဆုံးဖြတ်ချက်အပေါ် တုန်လှုပ်ချောက်ချားမိကြောင်း ထုတ်ဖော် ပြောကြားသည်။ ၎င်းသည် အောက်လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခဲ့ပြီးနောက် အာရှဖောင်ဒေးရှင်းအဖွဲ့ဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။

အီရတ်တွင် လူသေဆုံးမှုနှုန်းထားကြီးမားပြီး မြင့်မားလျက်ရှိနေကြောင်း၊ လောလောဆယ်နှင့် ရေရှည်ကာလ ဘဏ္ဍာရေးအသုံးစရိတ်များမှာ မယုံကြည်လောက်အောင် များပြားလှကြောင်း ၎င်းက ဖော်ပြပါစာတွင် ရေးသားထားသည်။

ကမ္ဘာတစ်ဝန်းတွင် ဩဇာတိက္ကမရှိနေသည့် မိမိတို့တိုင်းပြည်၏ ဂုဏ်သတင်းသည် မည်သည့်အခါမှ မကျဆင်းခဲ့သလို မိမိတို့၏ အပေါင်းပါတပ်ဖွဲ့များ အင်အားနည်းပါးမှု မရှိခဲ့ကြောင်း ၎င်းက ထပ်လောင်းရေးသားထားသည်။

ယခုအခါမိမိတို့သည် အန္တရာယ်ရောပြွမ်းပြီး ငွေကုန်ကြေးကျများသည့် ဇာတ်ရှုပ်ကြီးတွင် နစ်မြောနေပြီဖြစ်ပြီး အီရတ်ဒေသနှင့် ယေဘူယျအားဖြင့် မွတ်ဆလင်ကမ္ဘာအတွင်း၌ အနာဂတ်ကာလတွင် ပြဿနာပေါင်းသောင်းခြောက်ထောင် ပေါ်လာစေရေးအတွက် အီရတ်နိုင်ငံရှိ မိမိတို့တာဝန်ယူထားမှုများအား အဆုံးသတ်စေရန်အတွက် လွယ်လွယ်ကူကူနှင့် မြန်မြန်ဆန်ဆန် နည်းလမ်းများမရှိသေးကြောင်း ဘရူတာက ရေးသားဖော်ပြထားသည်။

အိမ်ဖြူတော်က ယင်းစာနှင့် ပတ်သက်၍ ဝေဖန်ပြောကြားမှုမရှိပေ။

အမ်အင်အေ၊ရိုက်တာ။

အာဆီယံနိုင်ငံများမှ ကျွမ်းကျင်သူများ၏ အစည်းအဝေး တတိယနေ့ကျင်းပ

ရန်ကုန် ဩဂုတ် ၁၉

သစ်တောရေးရာ ဝန်ကြီးဌာနနှင့် အာဆီယံ အတွင်းရေးမှူးရုံးတို့ ပူးပေါင်း၍ မျိုးဆက် ပျက်သုဉ်းလုဆဲဖြစ်သော တောရိုင်းတိရစ္ဆာန်များနှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကွန်ဗင်းရှင်း (CITES)၏ အာဆီယံနိုင်ငံဆိုင်ရာကျွမ်းကျင်သူများအဖွဲ့ တတိယအကြိမ်မြောက်အစည်းအဝေးတတိယနေ့ အစီအစဉ်များကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ယနေ့ဆက်လက်ကျင်းပသည်။

ဆောင်ရွက်

အစည်းအဝေးတွင် သဘာပတိအဖြစ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်နှင့် ဒုတိယသဘာပတိအဖြစ် ဖိလစ်ပိုင်သမ္မတနိုင်ငံမှ Ms. Atty Annalizar A. Vitug တို့က ဆောင်ရွက်ကြသည်။

အစီအစဉ်အရ တတိယအကြိမ်မြောက် အာဆီယံ တောရိုင်းတိရစ္ဆာန်များနှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကွန်ဗင်းရှင်း (CITES) 3 rd AEG-CITES အစည်းအဝေး အစီရင်ခံစာမူကြမ်းပါ အချက်အလက်များအပေါ် ဆုံးဖြတ်ချက်များကို ဆွေးနွေး ညှိနှိုင်းကြပြီး နံနက် ၁၁နာရီတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် အာဆီယံနိုင်ငံများမှ ကျွမ်းကျင်သူ ကိုယ်စားလှယ်များသည် ရွှေတိဂုံဘုရားသို့ သွားရောက်ကြည်ညိုကြပြီး မြန်မာ့ကျောက်မျက်ရတနာပြခန်းနှင့် ဗိုလ်ချုပ်အောင်ဆန်းဈေးတို့သို့ သွားရောက်လေ့လာကြသည်။

ယမန်နေ့ ညပိုင်းတွင် အစည်းအဝေး တက်ရောက်လာကြသော ကျွမ်းကျင်သူကိုယ်စားလှယ်များအား သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ဆီဒိုးနားဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ၍ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

(သတင်းစဉ်)

မန္တလေးမြို့၌ ကြော်ငြာလက်ခံဌာနခွဲဖွင့်

မန္တလေး ဩဂုတ် ၁၉

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မြန်မာ့အလင်း၊ ကြေးမုံနှင့် နယူးလိုက်အော့ဖ် မြန်မာ သတင်းစာများတွင် ကြော်ငြာထည့်သွင်းလိုသူများအတွက် ကြော်ငြာလက်ခံဌာနခွဲကို မန္တလေးမြို့တွင် ၁၅-၈-၂၀၀၄ ရက်မှ စတင်၍ ဖွင့်လှစ်လက်ခံဆောင်ရွက်နေပြီဖြစ်သည်။

အဆိုပါ သတင်းစာများတွင် စီးပွားရေး၊ လူမှုရေး၊ သာရေး၊ နာရေး ကြော်ငြာထည့်သွင်းလိုသူများနှင့် ကြော်ငြာအချုပ်ပိုထည့်သွင်းလိုသော ကြော်ငြာရှင်များသည် ကိုယ်ပွားသတင်းစာတိုက် မန္တလေးမြို့ ၂၀x၂၁ လမ်းနှင့် ၈၂x၈၃ လမ်းကြား၊ အောင်မြေသာစံမြို့နယ် ဖုန်း-၀၂-၃၂၇၂၉ နှင့် ၀၂- ၃၉၉၃၅ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်သည်။ (သတင်းစဉ်)

ဂုဏ်ပြုဆုချီးမြှင့်

ကမာရွတ်အထက(၁)မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ်၁၈ရက်က ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် မထက်ဝေနိုင်အား မိဘဆရာအသင်းနာယက အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်မိုးမိုးမြင့် ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၀-၈-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ရိုးရာကျေးလက်ကစားနည်း
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈:၂၀ ၈။ နဂါးရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ English for Everyday Use.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice in Reading.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သိပ္ပံအထူးပြုအားလုံး:) (ဓာတုဗေဒ)
- ၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၃၀ ၇။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
- ၅:၄၀ ၈။ **"မေ့ထားလို့တော့မဖြစ်ဘူး" (ထွန်းထွန်းဝင်း၊ နေအောင်၊ စောနိုင်(ရှမ်းပြည်)၊ ဥက္ကာမင်းမောင်၊ မြင့်မြင့်ခိုင်၊ သင်းသင်းယုလှိုင်၊ စွန်ပွင့်) [ဒါရိုက်တာ - စင်ရော်မောင်မောင်]**
- ၆:၀၀ ၉။ မြန်မာစာ၊ မြန်မာစကား
- ၆:၁၀ ၁၀။ တေးဂီတအစီအစဉ်
- ၆:၂၅ ၁၁။ Discovery.
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "လူချွန်လူကောင်း"(အပိုင်း-၄)**
- ၇:၃၅ ၁၅။ နှောင်းခေတ်တေးပဒေသာ
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **မြန်မာဗီဒီယိုဇာတ်လမ်း "သမုဒ္ဒရာနှင့်တူသောအချစ်" အပိုင်း(၂) (ဒွေး၊ဖြိုးငွေစိုး၊နန္ဒာလှိုင်) [ဒါရိုက်တာ-ကိုဇော်၊အရဏ်ဦး]**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

နိုင်ငံပိုင် ရိုလာဂျုံစက် ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်

ရန်ကုန် ဩဂုတ် ၁၉

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ်(၈၀၇)ရှိ နိုင်ငံပိုင် ရိုလာဂျုံစက်ကို ဈေးပြိုင်စနစ်ဖြင့် အပြီးအပြတ်ရောင်းချမည်ဖြစ်သည်။ ဝယ်ယူလိုသူပုဂ္ဂိုလ်/အဖွဲ့အစည်းများသည် ၂၀-၉-၂၀၀၄ရက် ညနေ ၄နာရီနောက်ဆုံးထားပြီး သတ်မှတ်ထားသော အဆိုပြုလွှာကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်ရုံးသို့ တင်သွင်းရန်ဖြစ်သည်။

အပြီးအပြတ်ဝယ်ယူရန် အဆိုပြုထားသူများအနက် မူလပိုင်ရှင်သည် တိုင်းရင်းသားဖြစ်ပြီး အများဆုံးဈေးနှုန်းပေးသူနှင့် ဈေးနှုန်းတူညီစွာပေးနိုင်ပါက ဦးစားပေးစဉ်းစားမည်ဖြစ်သည်။ မူလပိုင်ရှင်ဖြစ်ကြောင်း ခိုင်လုံသော အထောက်အထား တင်ပြရမည်။ အမွေဆိုင်ဖြစ်ပါက ကိုယ်စားလှယ်လွှဲစာမူရင်း အပြည့်အစုံတင်ပြရမည်။ မူလပိုင်ရှင်မဟုတ်ပါက အများဆုံးပေးဝယ်မည့် တိုင်းရင်းသားများအား ဦးစားပေးရောင်းချမည်။

လျှောက်ထားသူများသည် သတ်မှတ်ထားသော အဆိုပြုပုံစံတွင် ဖြည့်စွက်၍လျှောက်ထားရန်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်းစီစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန အမှတ်(၁၁၃) ဗိုလ်အောင်ကျော်လမ်း ရန်ကုန်မြို့ ဖုန်း-၂၄၅၅၀၆၊ ၂၄၅၅၁၆ နှင့် ၂၄၅၅၃၇ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။

နိုင်ငံပိုင် ရိုလာဂျုံစက်ကိုရောင်းချမည့် ကြမ်းခင်းဈေးမှာ ကျပ်သန်း ၄၀၈ ဒသမ ၉၀၅သန်းဖြစ်သည်။(သတင်းစဉ်)

ဗိုလ်တထောင်စေတီရင်ပြင်၌ တရားတော်များ ဟောကြားမည်

ရန်ကုန် ဩဂုတ် ၁၉

ဩဂုတ် ၂၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂နာရီခွဲတွင် ပုဇွန်တောင်မြို့နယ် ဘုရားဖြူပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဝိနယ ပါရဂူ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နရိန္ဒာဘိဝံသ ဆရာတော်ကြီးက လည်းကောင်း၊ ညနေ ၃နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်မိတ္ထီလာမြို့ မြို့ရှေ့တိုက် ရွှေဘုံသာကျောင်း ဦးစီးပဓာနနာယက ဘဒ္ဒန္တ ဝိဇ္ဇောဒယ (အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီးကလည်းကောင်း ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံကြီး၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။

(သတင်းစဉ်)

ထာဝရငွေပဒေသာပင်

မွေ့ဝိဟာရီအဖွဲ့မှ အလှူရှင်များက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် အလှူငွေကျပ် ၆၃၆၄၀၅ ကို ဇူလိုင်၂၉ရက်ကလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့-အဖွဲ့ဝင်ဦးလှသိန်း လက်ခံယူစဉ်။ (က-ပ)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင် မရမ်းကုန်းအမက(၄)စာသင်ခုံများ လှူဒါန်းပွဲတက်ရောက်

ရန်ကုန် ဩဂုတ် ၁၉

မရမ်းကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် ယနေ့နံနက် ၉နာရီတွင် မရမ်းကုန်းမြို့နယ် အမှတ်(၄) အခြေခံပညာ မူလတန်းကျောင်းသို့ စာသင်ခုံများလှူဒါန်းပွဲနှင့် ငွေပဒေသာပင် စိုက်ထူပွဲ အခမ်းအနားကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင်သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ မရမ်းကုန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးကျော်ဝင်း၊ အမှတ်(၄) အခြေခံပညာ မူလတန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးအောင်မင်းနှင့် ဆရာ၊ ဆရာမများ၊ လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အလှူရှင် ဦးနှင်းစိန်-ဒေါ်မြင့်မြင့်မိမ်း နှင့်မိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ငွေကျပ်လေးသိန်းငါးသောင်းတန်ဖိုးရှိ စာသင်ခုံအလုံး ၅၀နှင့် ငွေပဒေသာပင်အတွက် ကျပ်တစ်သိန်းလှူဒါန်းသည်။

(သတင်းစဉ်)

မျိုးဆက်သစ်များ ပေါ်ထွက်ရေးရည်ရွယ် မိုးရာသီဘော်လီဘောပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၉

ဩဂုတ်၂၃ရက်မှ ၃၁ရက်အထိကျင်းပမည့် မြန်မာနိုင်ငံဘော်လီဘော အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား မိုးရာသီ ဘော်လီဘော ပြိုင်ပွဲ အုပ်စုမဲနှိုက် ရွေးချယ်ခြင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီက အောင်ဆန်းအားကစားပြိုင်ကွင်းရှိ အဖွဲ့ချုပ်လေ့ကျင့်ရေးကွင်း အစည်းအဝေးခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်၊အတွင်းရေးမှူးဦးစိုးသိမ်း၊ ဘဏ္ဍာရေးမှူး ဦးစိန်သောင်း၊ ပြိုင်ပွဲဝင်အသင်းများ၏ အုပ်ချုပ်သူ၊ နည်းပြများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

- မဲနှိုက်ရွေးချယ် -

ရှေးဦးစွာ မြန်မာနိုင်ငံ ဘော်လီဘော အဖွဲ့ချုပ်ဘဏ္ဍာရေးမှူး ဦးစိန်သောင်း **(အပေါ်ပုံ)** က ပြိုင်ပွဲအကြောင်း၊ ချီးမြှင့်မည့် ဆုကြေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အတွင်းရေးမှူးဦးစိုးသိမ်းက ပြိုင်ပွဲ အခြေအနေနှင့် စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ၎င်းနောက် ပွဲစဉ်များအား မဲနှိုက်ရွေးချယ်ကြသည်။

- ပတ်လည်စနစ် -

ပြိုင်ပွဲကို အမျိုးသားခုနစ်သင်း၊ အမျိုးသမီး ငါးသင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အမျိုးသားပြိုင်ပွဲတွင် ရကတ၊ ကာကွယ်ရေးမျိုးဆက်သစ်၊ မြို့တော်စည်ပင်၊ ပြည်ထဲရေး၊ ကက(ရေ)၊ ပို့ဆောင်ရေး၊ ကာကွယ်ရေးလူငယ်၊ အမျိုးသမီးပြိုင်ပွဲတွင် ကာကွယ်ရေး၊ ပို့ဆောင်ရေး(ခ)၊စက်မှု(၁)၊ ပြည်ထဲရေး၊ ပို့ဆောင်ရေး(က)အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်သည် မျိုးဆက်သစ်အားကစားသမားများပေါ်ထွက်ရေးကို ရည်ရွယ်၍ ယခုကျင်းပမည့် ပြိုင်ပွဲတွင် လက်ရွေးစင်၊ လူငယ်လက်ရွေးစင်များအား ပါဝင်ကစားခွင့်မပြုဟု သိရသည်။ထို့အပြင် ဆုရအသင်းများကိုလည်း ဆုများ ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။

ပြိုင်ပွဲကိုဩဂုတ်၂၃ရက်မှစ၍ နေ့စဉ်နံနက်၉နာရီတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မိုးလုံလေလုံ အားကစားရုံတွင် ကျင်းပမည်ဖြစ်ပြီးတစ်နေ့လျှင်ငါးပွဲကျင်းပယှဉ်ပြိုင်မည်ဖြစ်သည်။ (ကြေးမုံ)

အလှူငွေပေးအပ်

မင်္ဂလာဒုံမြို့နယ် ကျိုက္ကလဲ့မင်းကျောင်း ပရိယတ္တိစာသင်တိုက်မှ သံဃာတော်များအား မင်္ဂလာဒုံဈေး နယူးရွှေစင် စိန်ရွှေရတနာဆိုင်ပိုင်ရှင် ဦးစိုးမြင့်-ဒေါ်ခင်လေးရီတို့၏ တစ်ဦးတည်းသောသမီး မဓိတာရွှေ (ဗိုင်းမူကြို)၏ သုံးနှစ်ပြည့်မွေးနေ့အထိမ်းအမှတ် ဆွမ်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ထောက်ကြန့်ကလေးပြုစုရေးဌာနသို့ အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၁၈ရက်တွင် ကျင်းပရာ အလှူငွေကျပ် ၁၀၀၀၀၀ကို ဒုတိယ အုပ်ချုပ်ရေးမှူး ဒေါ်မြင့်မြင့်သိန်း လက်ခံယူစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၈-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြပဟန် ဂီတသံ
- **၄:၁၅** ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၄:၂၅** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၃၅** ၆။ နားဝင်ငြိမ့်စီးသီချင်းကြီး
- **၄:၄၀** ၇။ မျိုးချစ်တပ်မတော်
- **၄:၅၀** ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၅:၀၀** ၉။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် - The First Industrial Revolution (စီးပွားရေး)
- **၅:၃၀** ၁၀။ ပညာခေတ်
- **၅:၄၅** ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၄။ မိုးလေဝသသတင်း
- **၆:၂၅** ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၀** ၁၆။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မျက်ရည်မိုး (အပိုင်း-၁၈)**
- **၈:၀၀** ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မိုးကြိုးကွန်ရက်နှင့်လျှပ်စီးခား (အပိုင်း-၈)**
- ၂၅။ သင့်အတွက်မနက်ဖြန်
- ၂၆။ အပိတ်နှုတ်ဆက်စကား
- ၂၇။ ပြီးပါပြီ။

အခြေခံပန်းအလှပြုပြင်မှုသင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၉

မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်းက ကြီးမှူး၍ အခြေခံပန်းအလှ ပြုပြင်မှုသင်တန်း အမှတ်စဉ်(၄/၂၀၀၄) ကို ၂၀၀၄ခုနှစ် စက်တင်ဘာ ၆ရက်မှ ၁၄ ရက်အထိ နေ့စဉ်မွန်းလွဲ၁နာရီမှ ညနေ ၄နာရီအတွင်း ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ်ခန်းမဆောင်တွင် သင်တန်းသား၊ သင်တန်းသူ ၅၀ ဦးဖြင့် ဖွင့်လှစ်ရန်စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ်အသင်းဝင်များနှင့် အစိုးရဝန်ထမ်းများအတွက် တစ်ဦးလျှင်ကျပ်၄၀၀၀စီ၊ ပြင်ပပုဂ္ဂိုလ်များအတွက် တစ်ဦးလျှင် ကျပ်၅၀၀၀စီ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံး ဖုန်း-၃၇၉၃၆၁ သို့ ဆက်သွယ်စာရင်းပေးသွင်း တက်ရောက်နိုင်သည်။

(၄၅)

ပေးအပ်လှူဒါန်း

ကမာရွတ်မြို့နယ် (၁)ရပ်ကွက် ရန်ကုန်-အင်းစိန်လမ်း အမှတ်(၅၃/၅၅) အောင်လှရိပ်သာနေ ကွယ်လွန်သူဦးစိန်မောင်(နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဇနီးဒေါ်ခင်ဘီ၊ (ညီမ) ဒေါက်တာဒေါ်တင်တင်ကြည်(လျှပ်စစ်ရုံးချုပ်)တို့ကို ရည်စူး၍ဦးကြည်၊ (ညီမ)ဒေါ်ကြည်အေးနှင့် မိသားစုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးတည်ဆောက်ရန် ငွေကျပ်ရှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)သို့ ဩဂုတ် ၉ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက် ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဩဂုတ် ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏(၁၇)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲကို ယနေ့နံနက် ၉နာရီတွင် ကမ္ဘာအေး စေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ် ဝင်းလှိုင်(ငြိမ်း)နှင့်ဒါရိုက်တာအဖွဲ့ဝင်များ၊ ပြည်တွင်း၊ ပြည်ပရတနာကုန်သည် စုစုပေါင်း ၈၉၉ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ဩဂုတ်၁၆ရက်မှ၁၈ရက်အထိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ခင်းကျင်းပြသထားသော ကျောက်မျက်နှင့် ကျောက်စိမ်းများအနက် ရတနာကုန်သည်များက Bargain စနစ်ဖြင့်ဝယ်ယူရန် လေလံပုံးများတွင် ထည့်သွင်းထားသော Bargain Form များကို ဖွင့်ဖောက်စစ်ဆေးရေးအဖွဲ့က စစ်ဆေးကြသည်။

ဆက်လက်၍ မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က အမှာစကားပြောကြားပြီး အခမ်းအနားမှူးက ကျောက်မျက်နှင့် ကျောက်စိမ်းလေလံဆွဲရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က (၁၇)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲကို မောင်းတီး၍ဖွင့်လှစ်ပေးသည်။

ထို့နောက် Bargain စနစ်ဖြင့်ဝယ်ယူရရှိသည့် ကျောက်မျက်နှင့် ကျောက်စိမ်း ရတနာကုန်သည်များ၏ အမည်စာရင်းများကိုကြေညာပြီး ကျောက်မျက်များကို Auction စနစ်ဖြင့် ရောင်းချရာ ညနေ ၅နာရီအထိ ကျောက်မျက်အတွဲပေါင်း ၂၃၀၊ ကျောက်စိမ်းအတွဲပေါင်း ၇၇တွဲကို ပြည်တွင်း၊ပြည်ပရတနာကုန်သည်များက အပြိုင်အဆိုင် ဝယ်ယူသွားကြသည်။ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို ညပိုင်းတွင် ဆက်လက်ရောင်းချလျက်ရှိသည်။

ယနေ့ကျင်းပသည့် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲတွင် အမြင့်ဆုံးဈေးနှုန်းပေးဝယ်ကြသည့် ရတနာကုန်သည်များအားမန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)နှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်များပေးအပ်ကြသည်။

(သတင်းစဉ်)

ဩဂုတ်၁၉ရက်က ရန်ကုန်တိုင်း ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် သဇင်နွယ်လမ်း စိတ္တသုခကျောင်း ဓာတ်တော်တိုက်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအမှတ် (၁)တွင် ရေမော်တာတစ်လုံးတပ်ဆင်ရန်နှင့် ကျောင်းပြုပြင်ရန်အတွက် တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် အောင်မင်္ဂလာလမ်းနေ ကွယ်လွန်သူမိဘနှစ်ပါးအားရည်စူး၍ ဆရာမဒေါ်ရွှေပု မိသားစုတို့က အလှူငွေကျပ် လေးသိန်းကို ပဓာနနာယကဆရာတော် ဘဒ္ဒန္တဦးဝိစိတ္တလင်္ကာရထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အသက်(၂၁)နှစ်အောက် လူငယ်ဟော်ကီပြိုင်ပွဲ အောင်နိုင်ရေးကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၁၉

၂၀၀၄ ခုနှစ် စက်တင်ဘာလတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကျင်းပမည့် အသက်(၂၁)နှစ်အောက် လူငယ် (U-21 Six Nations Challenge Cup)ဟော်ကီပြိုင်ပွဲအတွက် အောင်နိုင်ရေးကော်မတီ အစည်းအဝေးကို ယမန်နေ့တွင် Smart Technical Co.ရုံးချုပ်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ တပ်မတော်မှတ်တမ်းရုံး တပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးကျော်နိုင်၊ ဦးကျော်ကျော်လှိုင်နှင့် ဦးမောင်မောင်(ရွှေကမ္ဘာ)၊ အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးမြင့်ထွန်း၊ တွဲဖက်အတွင်းရေးမှူး(၁) ဗိုလ်ကြီးအောင်ကြည်ဝင်းနှင့် အမှုဆောင်များနှင့် အောင်နိုင်ရေးကော်မတီဝင်များ တက်ရောက်ကြသည်။ (ကြေးမုံ)

ညွန့်ပေါင်းလက်ရွေးစင် လေ့ကျင့်

ဟောင်ကောင်ကလပ် Kitchee အသင်းနှင့်ချစ်ကြည်ရေးခြေစမ်းပွဲကစားမည့် ညွန့်ပေါင်းလက်ရွေးစင်ဘောလုံးအသင်း ဩဂုတ်၁၉ရက်က အောင်ဆန်းအားကစားပြိုင်ကွင်းတွင် လေ့ကျင့်နေစဉ်။ (ကြေးမုံ)

● **မြန်မာပြေးခုန်ပစ်မှ**

(၆၆)ကြိမ်မြောက် စင်ကာပူနိုင်ငံ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြိုင်ပွဲသို့ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးခြောက်ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်မည့် ကစားသမားများမှာ အမျိုးသားပြိုင်ပွဲ၌ အောင်သီဟ (တာဝေး)နှင့် နေအောင် (မီတာ ၁၀၀)၊ အမျိုးသမီးပြိုင်ပွဲ၌ မြင့်မြင့်အေး (တာဝေး)၊ ယဉ်ယဉ်ခိုင် (တာလတ်)၊ ကေခိုင်(တာတို)၊ လဲ့လဲ့ဝင်း(တာတို)၊ ကေခိုင်မျိုးထွန်း (လမ်းလျှောက်)နှင့် ဖြူပါသက်(တာဝေး)တို့ ဖြစ်ကြသည်။

(၈၁)ကြိမ်မြောက် မလေးရှား ဖိတ်ခေါ်ပြိုင်ပွဲသို့ အမျိုးသားသုံးဦးနှင့် အမျိုးသမီးတစ်ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်မည့် ကစားသမားများမှာ အမျိုးသားပြိုင်ပွဲ၌ ကျော်စွာမိုး(လုံးပစ်)၊ ဇော်မင်းထွေး (မီတာ-၅၀၀၀၊၁၀၀၀၀) နှင့် တင်ဆောင်ဝင်း (မီတာ-၅၀၀၀၊ ၁၀၀၀၀)၊ အမျိုးသမီးပြိုင်ပွဲ၌ နေနေဝင်း(တုတ်ထောက်ခုန်)တို့ ဖြစ်ကြသည်။ (ကြေးမုံ)

ပြေးခုန်ပစ်ပြိုင်ပွဲဝင်ရန် လေ့ကျင့်

စင်ကာပူနိုင်ငံ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြေးခုန်ပစ်ပြိုင်ပွဲဝင်မည့် မြန်မာပြေးခုန်ပစ် အားကစားမောင်မယ်များ လေ့ကျင့်နေစဉ်။ (ကြေးမုံ)

မုတ္တမ အထက မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၉

မွန်ပြည်နယ် မုတ္တမ အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကိုအောက်တိုဘာ၃၁ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မုတ္တမအထက၌ ကျင်းပမည်ဖြစ်ရာ မုတ္တမ အထက၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက်(၆၀)ပြည့် ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ဆရာမများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊မရသည်ဖြစ်စေကြွရောက်ကြပါရန် မြတ်ဆရာပူဇော်ပွဲ ကျင်းပရေးကော်မတီက ဖိတ်ကြားထားသည်။ ပါဝင်လှူဒါန်းလိုသော ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဦးလှထွန်း ဖုန်း ၀၁-၂၀၁၅၅၅၊ လိုင်းခွဲ ၄၂၁၊ ဦးမျိုးမြင့် ဖုန်း-၀၁-၅၃၄၈၀၆၊ ဦးသိန်းဝင်း ဖုန်း ၀၉-၅၀-၀၆၁၈၉၊ ဦးကိုကိုလေး ဖုန်း ၀၁-၂၀၀၁၃၅၊ ဦးစိုးအောင် ဖုန်း ၀၅၇-၂၄၃၉၃၊ ဦးမောင်မောင်-ကျောင်းအုပ်ကြီး ဖုန်း-မုတ္တမလိုင်းခွဲ ၄၅နှင့် ဦးစိုးမော် ဖုန်း ၀၅၇-၂၅၁၅၄၊ မုတ္တမလိုင်းခွဲ ၁၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

e-Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

မွန်းလွဲ၁နာရီမှ ညနေ၃နာရီအထိ

၂၃-၈-၂၀၀၄(တနင်္လာနေ့)

* မြန်မာ့စကားပြေအကြောင်းသိကောင်းစရာများ
  ပ၊ဒု၊တနှစ်(နေ့အဝေးသင်)မြန်မာစာကျောင်းသား/ကျောင်းသူများ
* ဇရာဝတီမြစ်
  ပ၊တနှစ်(နေ့အဝေးသင်)ပထဝီဝင်ကျောင်းသား/ကျောင်းသူများ

၂၄-၈-၂၀၀၄(အင်္ဂါနေ့)

* မြွေအကြောင်းသိကောင်းစရာ
  သတ္တဗေဒကျောင်းသူ/ကျောင်းသားများ၊ဝါသနာရှင်များ
* ရေနံချောင်းမြို့၊ကျောက်စာရုံဘုရား၊ကျောက်စာချပ်များ
  သမိုင်းကျောင်းသူ/ကျောင်းသားများ

၂၅-၈-၂၀၀၄(ဗုဒ္ဓဟူးနေ့)

* Demand
  အဝေးသင်တက္ကသိုလ်ပထမနှစ်စီးပွားရေး၊ စီးပွားစီမံပြည်သူ့ရေးရာအထူးပြုများ
* Double Entry and Book-Keeping
  အဝေးသင်တက္ကသိုလ်ပထမနှစ်စီးပွားရေး၊ စီးပွားစီမံအထူးပြုများ

၂၆-၈-၂၀၀၄(ကြာသပတေးနေ့)

* Graphical Presentation
  အဝေးသင်တက္ကသိုလ်ပထမနှစ်စီးပွားရေး၊စီးပွားစီမံ၊အိမ်တွင်း စီးပွားအထူးပြုများ
* အမျိုးသားယဉ်ကျေးမှု
  အဝေးသင်တက္ကသိုလ်ဒုတိယနှစ် ဝိဇ္ဇာ၊သိပ္ပံ၊စီးပွားရေးပညာအထူးပြုများ
* သူတော်ကောင်းတရားလေးပါး
  အဝေးသင်တက္ကသိုလ်ဒုတိယနှစ် ဝိဇ္ဇာ၊သိပ္ပံ၊စီးပွားရေးပညာအထူးပြုများ

၂၇-၈-၂၀၀၄(သောကြာနေ့)

* အာသံနိုင် မော်ကွန်း၏ဂုဏ်ရည်
  ရန်ကုန်အဝေးသင်တက္ကသိုလ်ဒုတိယနှစ်မြန်မာစာအထူးပြုကျောင်းသား/ကျောင်းသူများ
* ဩဝါဒထူးပို့
  ရန်ကုန်အဝေးသင်တက္ကသိုလ်ဒုတိယနှစ်အထူးပြုကျောင်းသား/သူများ
* Poetry
  ရန်ကုန်အဝေးသင်တက္ကသိုလ်ဒုတိယနှစ်အထူးပြုကျောင်းသား/သူများ
* Mechanism
  ရန်ကုန်အဝေးသင်တက္ကသိုလ်ဒုတိယနှစ်၊ ဓာတုဗေဒအထူးပြုကျောင်းသား/သူများ

နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၂၈-၈-၂၀၀၄(စနေနေ့)

* အဝေးသင်တက္ကသိုလ်ကျောင်းသူ/သားများအတွက် သင်ခန်းစာများ

၂၉-၈-၂၀၀၄(တနင်္ဂနွေနေ့)

* အဝေးသင်တက္ကသိုလ်ကျောင်းသူ/သားများအတွက်သင်ခန်းစာများ

စစ်တောင်းမြစ်နှင့် ရွှေကျင်မြစ်ရေ စိုးရိမ်ရေမှတ်အထက်တွင်ရှိနေ

ရန်ကုန် ဩဂုတ် ၁၉

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ၁၃၂၈စင်တီမီတာ (လေးပေခန့်) စိုးရိမ်ရေမှတ်အထက်တွင် ရှိနေသည်။ အဆိုပါမြစ်ရေသည် အနည်းငယ်ဆက်လက်ကျဆင်းနေသော်လည်း ယနေ့မွန်းတည့်မှ နောက်ငါးရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၁၅စင်တီမီတာ (ပေဝက်ခန့်) စိုးရိမ်ရေမှတ်အထက်တွင် ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်၂၄နာရီအတွင်း စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်သည်။

ဘွဲ့တံဆိပ်တော်ရဆရာတော် ချီးကျူးပူဇော်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၉

နိုင်ငံတော်အစိုးရက ၂၀၀၄ခုနှစ်၌ ဆက်ကပ်တော်မူခဲ့သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ တောင်သာမြို့ ကျောင်းသစ်စာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တနန္ဒောဘာသနှင့် ယခင်နှစ်များက ဘွဲ့တံဆိပ်တော်ရခဲ့သော ရဟန်းသုံးပါး၊ သီလရှင်နှစ်ပါးတို့အား ဒါယကာ၊ ဒါယိကာမအပေါင်းတို့က ချီးကျူးဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ဇူလိုင် ၃၀ ရက် နံနက်ပိုင်းက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

မြို့နယ် အကျိုးတော်ဆောင် ဆရာတော်က ငါးပါးသီလ ချီးမြှင့်သည်။ မြို့နယ်ဥက္ကဋ္ဌ ဦးစောဆွေက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသောင်းစိန်က ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြားပြီး လှူဖွယ်ပစ္စည်း များ ဆက်ကပ်လှူဒါန်းကြသည်။ (မြို့နယ်ပြန်/ဆက်)

ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ် ပေါင်းစုံအသက် ၁၇နှစ်နှင့်အောက် ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို ဩဂုတ် ၁၈ ရက် ညနေက အင်းစိန်မီးရထားဘောလုံးကွင်း၌ ကျင်းပရာ ပထမရရှိသည့် ရွှေပြည်သာမြို့နယ်ဘောလုံးအသင်းအား ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်းက တံခွန်စိုက်ဖလားချီးမြှင့်စဉ်။ (က-ပ)

ဓာတ်မှန်ဆောင်ဖွင့်ပွဲကျင်းပ၊ ဆေးရုံသုံးပစ္စည်းများ လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၉

ပဲခူးတိုင်း ပဲနွယ်ကုန်းမြို့ တိုက်နယ်ဆေးရုံ ဓာတ်မှန်ဆောင်ဖွင့်ပွဲနှင့် ဆေးရုံသုံးပစ္စည်းများ စုပေါင်းပေးအပ် လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီက ဓာတ်မှန်ဆောင်အနီးတွင် ကျင်းပရာ ပဲခူးတိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာဦးမောင်မောင်မြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြသည်။**(အောက်ပုံ)**

ရှေးဦးစွာ ပဲခူးတိုင်း ကျန်းမာရေးဦးစီးမှူးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး အလှူရှင်များကိုယ်စား ဒေါက်တာ ဦးသိန်းထွန်းက လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဦးမောင်အောင်ဒေါ်ရှုကြည် (ဂမုန်းပွင့်မိသားစု)က ဓာတ်မှန်စက် (50 MA1 Unit)နှင့် ဓာတ်မှန် အသုံးအဆောင်ပစ္စည်းများ၊ ရေခဲသေတ္တာတစ်လုံးနှင့် ခွဲစိတ်ခန်းသုံး ပစ္စည်းများ၊ ဦးစစ်တိုင်းအောင် (Suntac International Co.Ltd)က ECG Machine 65115 1 unit နှင့် Air Conditions တစ်လုံး၊ ဦးကြည်ဦး-ဒေါ်သန်းသန်းဦး (မုဒုံကိုမောင်မောင် မော်တော်ယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးနှင့် ဒဂုံဂျစ်မော်တော်ယာဉ်ထုတ်လုပ် ရေးမိသားစု) ရန်ကုန်မြို့မှ လျှပ်စစ်ဓာတ်အားပေးစက် (20 KW) 1 Unit (YEE SHIN Co. Ltd က Suction Machine Manual 1 Unit၊ ဦးငွေသိန်း-ဒေါ်စမ်းမြင့် (သိမ့်ဗီဒီယို-ဗွီစီဒီဓာတ်ပုံ ရိုက်ကူးရေးမိသားစု)က ပါဝါမီတာ 1 Unit၊ မမြင့်မြင့်တင် (ညီမ) မအေးအေးကြွယ် (ယမင်းရွှေစင်မိသားစု)က ဆေးရုံနှင့် ဓာတ်မှန်ဆောင်စကြံလမ်း၊ ပဲနွယ်ကုန်းမြို့ မြို့မိမြို့ဖများက ဓာတ်မှန်ဆောင် အဆောက်အအုံနှင့် လျှပ်စစ်မီး သွယ်တန်းခြင်းတို့ကို ပေးအပ်လှူဒါန်းကြသည်။ (က-ပ)

ကျန်းမာရေးပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၉

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့က ကြီးမှူး၍ ကျန်းမာရေး၊ ပညာပေးဟောပြောပွဲ အခမ်းအနားကို ဩဂုတ် ၆ရက်က မုဒွန်း(အထက)၊ ၈ ရက်ကချောင်းဆုံ(အထက)နှင့် ၁၃ရက်က ကလို့ကျေးရွာတို့တွင် ကျင်းပသည်။

အခမ်းအနားတွင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာကြည်ကြည်အေးက မျိုးဆက်ပွားကျန်းမာရေးနှင့် ဆေးလိပ်အန္တရာယ်တို့ကိုလည်းကောင်း၊ အတွင်း ရေးမှူး ဒေါ်အေးအေးမူက စိတ်ကျန်းမာ ရေး၊ မြန်မာ့ယဉ်ကျေးမှု၊ မိုးရာသီအတွင်း ဖြစ်ပွားတတ်သော ငှက်ဖျားနှင့် သွေးလွန် တုပ်ကွေး အန္တရာယ်တို့ကိုလည်းကောင်း၊ ဆရာဦးတင်မျိုးနိုင်က (HIV/AIDS) ကို လည်းကောင်း၊ တိုင်းရင်းဆေးဆရာ ဦးဉာဏ်မြင့်ဦးက တိုင်းရင်းဆေးအကြောင်း သိကောင်းစရာများကို ဟောပြောကြသည်။

အဆိုပါ အခမ်းအနားသို့ ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူ ၂၀၀၀ ဦး တက်ရောက်ကြကြောင်း သိရသည်။ (က-ပ)

ပဋ္ဌိစ္စသမုပ္ပာဒ်တရား ဟောပြောပို့ချမည်

ရန်ကုန် ဩဂုတ် ၁၉

ရန်ကုန်တိုင်း လှိုင်မြို့နယ် အုတ်ကျင်း မြကန်သာရိပ်သာ ဝိသုဒ္ဓါရာမစိန်ပန်းကျောင်းတိုက်၌ ၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ နံနက် ၇ နာရီမှ ၈ နာရီထိ တရားစခန်းဖွင့်လှစ်၍ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ပဋိစ္စသမုပ္ပာဒ်တရားတော်များကို မိုးကုတ်နယ်လှည့် ကထိကများဖြစ်ကြသော ဒေါက်တာဦးကျော်မြင့်၊ ဆရာမကြီး ဒေါ်ဝိမလစာရီတို့က ဟောပြော ပို့ချမည်ဖြစ်ရာ ဖုန်း-၆၈၃၅၉၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှား

ရန်ကုန် ဩဂုတ် ၁၉

မွန်ပြည်နယ် ပေါင်မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းကျင်းပသည့် မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားကို ဩဂုတ် ၇ရက်က ပေါင်မြို့နယ် ဆေးရုံသံဃာဆောင်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမြက အဖွင့်အမှာ စကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမြင့်က မိခင်နို့တစ်မျိုးတည်းသာ နည်းစနစ် မှန်ကန်စွာ တိုက်ကျွေးမှုနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေး ဟောပြောသည်။ (မြို့နယ်ပြန်/ဆက်)

ပြုံးနေရင်သတိထား ဆက်လက်ပြသ

ရုပ်ရှင်

ရန်ကုန် ဩဂုတ် ၁၉

ယခုသောကြာပတ်တွင် ဒါရိုက်တာ မောင်မျိုးမင်းရိုက်ကူး၍ ကျော်ရဲအောင်၊ ဒွေး၊ ရာဇာနေဝင်း၊ ထွန်းအိန္ဒြာဗို၊ ခိုင်နှင်းဝေ၊ မြင့်မြင့်ခိုင်တို့ပါဝင်သော **ပြုံးနေရင်သတိထား** ဟာသဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာရုံကြီးများတွင်ဆက်လက်ပြသနေသည်။

နေပြည်တော်ရုံတွင် ဂရိနိုင်ငံ စပါတာဘုရင် မင်နလော့စ်နှင့် ထရိုဂျန်ဘုရင်ပရီယမ်တို့မှ အစပြု၍ ပေါ်ပေါက်လာရသော စစ်ပွဲများ၊ ဟယ်လင်မိဖုရားနှင့်ပတ်သက်သည့် အချစ်နှင့်စစ်ပွဲများ ဆင်နွှဲကြပုံကို လူအင်အားသုံး ရိုက်ကူးပြသထားသော Troy အက်ရှင်ဇာတ်ကား ဆက်လက်ပြသနေသည်။

ရွှေဆောင်နှင့် နဝဒေးရုံများတွင် ဒါရိုက်တာမောင်မျိုးမင်း၏ **ယောက်ဖတော်ခါနီးရင်စဉ်းစားဖို့လိုတယ်** ဟာသဇာတ်ကား ဆက်လက်အောင်ပွဲခံ ပြသဆဲရှိသည်။ ရန်အောင်၊ လွင်မိုး၊ ရာဇာနေဝင်း၊ ထွန်းအိန္ဒြာဗို၊ နန္ဒာလှိုင်တို့ သရုပ်ဆောင်ကြသည်။

ဘုရင်ရုံတွင် Janasheen အိန္ဒိယဇာတ်ကားသစ် ရုံတင်ပြသလာသည်။ မိဘအမွေ၊ ချစ်ခြင်းမေတ္တာတစ်ဖက်သတ်ချစ်သူ စသည့်အကြောင်းတရားများကို စိတ်ဝင်စားဖွယ် ဖွဲ့စည်းထားသော ဇာတ်လမ်းတစ်ပုဒ်ဖြစ်သည်။ ဖန်ဒင်းခန်၊ ဆယ်လီနာဂျက်တလီ၊ ဖီရိုခန်းတို့ သရုပ်ဆောင်ကြသည်။

ရွှေဂုန်ရုံတွင် Eraser အမည်ရှိ နိုင်ငံခြားဇာတ်ကား ရုံတင်ပြသသည်။ အာနိုးအထူးပါဝင်ထားသော စုံထောက်ဇာတ်ကားဖြစ်၍ သက်စွန့်ဆံဖျား တိုက်ခိုက်ပုံများကို ရှုစားကြရမည်။

ဆက်လက်၍ အိန္ဒိယဇာတ်ကား Baza မြို့မရုံတွင် ပြသနေသည်။ ဆူနီရှယ်သီ၊ ဂျက်ကီရှရော့နှင့် ကရစ်မားကပူးတို့ သရုပ်ဆောင်ကြသည်။

ဆုထူးပန်ရုံတွင် Annai Kalika-ambal အမည်ရှိ အိန္ဒိယဆင်လိမ္မာဇာတ်ကား ရုံတင်ပြသနေသည်။ မြေနီကုန်း ရတနာပုံရုံတွင် Haseena Maan Jayegi အမည်ရှိ အိန္ဒိယ အချစ်ဟာသဇာတ်မြူး ရုံတင်ပြသနေသည်။ ဆန်ဂျေးဒတ်၊ ဂိုဘင်ဒါ၊ ကရစ်ရှ်မားကပူးရ်တို့၏ သဘာဝ သရုပ်ဆောင်ချက်များကို တွေ့ရှိရမည်ဖြစ်သည်။

(ကြေးမုံ)

"ပြုံးနေရင်သတိထား" ဟာသဇာတ်ကားမှ ကျော်ရဲအောင်၊ ဒွေးနှင့် ရာဇာနေဝင်းတို့၏ သရုပ်ဆောင်ဟန်။

Troy

နေပြည်တော်ရုံတွင် တင်ဆက်ပြသနေသည့် နိုင်ငံခြား ရာဇဝင် ဇာတ်ကား Troy မှ ဇာတ်ဝင်ခန်း တစ်ခန်း။

Janasheen **အိန္ဒိယဇာတ်ကားသစ်မှ သရုပ်ဆောင်ဟန်။**

Eraser နိုင်ငံခြားဇာတ်ကား မှ သည်းထိတ်ရင်ဖို ဇာတ်ဝင်ခန်း။

တိုင်းမှူးတံခွန်စိုက်ဒိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲဖွင့် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်

ရန်ကုန် ဩဂုတ် ၁၉

၂၀၀၄ ခုနှစ် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတံခွန်စိုက်ဒိုင်း အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဩဂုတ် ၁၁ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်ကြီး တပ်နယ်တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်မိသားစုဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြိုင်ပွဲဝင်အသင်းများက ကွင်းအတွင်း သတ်မှတ်နေရာအလိုက် အသီးသီးနေရာယူကြပြီး တိုင်းမှူးက အမှာစကားပြောကြားသည်။

ယင်းနောက် ပြိုင်ပွဲဝင်အသင်းများက တိုင်းမှူးအား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး ကွင်းဖွင့်ပွဲ ပွဲစဉ်ယှဉ်ပြိုင်ကြရာ တိုင်းမှူးနှင့် ဧည့်ပရိသတ်များက ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးတံခွန်စိုက်ဒိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၇ သင်း ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဩဂုတ် ၂၆ရက်အထိ နေ့စဉ် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ရထားပို့ဆောင်ရေး ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် အဖွဲ့အားကြိုဆို

ရန်ကုန် ဩဂုတ် ၁၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် တာဝန်ရှိသူများသည် အိန္ဒိယသမ္မတနိုင်ငံမှ ရထားလုပ်ငန်းများလေ့လာပြီးပြန်လည်ရောက်ရှိလာသော ဒုတိယဝန်ကြီး ဦးဖေသန်းနှင့်အဖွဲ့အားဩဂုတ် ၁၈ရက် ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယဝန်ကြီး ဦးဖေသန်းနှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားခဲ့ကြသောမြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေနှင့် လက်ထောက်အထွေထွေ မန်နေဂျာ(မြို့ပြ) ဦးသန်းဌေးတို့လည်း ပြန်လည် လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းဖွင့်ပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်သာအေး တက်ရောက်ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၁၉

မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ခုဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သော သစ္စာလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင်၂၇ရက်နံနက်ပိုင်းက မြဝတီရပ်ကွက် သစ္စာလမ်းမုခ်ဦးမဏ္ဍပ်တွင်ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး တက်ရောက်ဖွင့်လှစ်ပေးသည်။ (အပေါ်ပုံ)

အဆိုပါအခမ်းအနားသို့ တပ်မတော်အရာရှိကြီးများ၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ စစ်ကိုင်းခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြဝတီရပ်ကွက်မှ ပြည်သူများ စုစုပေါင်းအင်အား ၂၀၀၀ ခန့် တက်ရောက်ကြသည်။

ကျေးဇူးတင်စကားပြောကြား

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးဝင်းကျော်မျိုးက သစ္စာလမ်းဖောက်လုပ်မှု အခြေအနေကိုရှင်းလင်းတင်ပြသည်။ထို့နောက် မြဝတီရပ်ကွက်မှ ပြည်သူတစ်ဦးက သစ္စာလမ်း ဖောက်လုပ်ပေးမှုနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် မြဝတီရပ်ကွက် သစ္စာလမ်းဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ၊ မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်စိန်၊ မြဝတီရပ်ကွက် သစ္စာလမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ကြည်တို့က မြဝတီရပ်ကွက် သစ္စာလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဧည့်သည်တော်များသည် သစ္စာလမ်းအား ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

ရွှေမင်းဝင် ဝိပဿနာ အလုပ်ပေးတရားစခန်း ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၉

တောင်ငူမြို့ ရွှေမင်းဝင် ဝိပဿနာ အလုပ်ပေးတရားစခန်းကို မိုးကုတ်အဖွဲ့ချုပ် ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ စွယ်တော် ဆရာတော်ဦးဝိလာသဂ္ဂ (သာသနဓဇ ဓမ္မစရိယ)နှင့် အကျိုးဆောင်အဖွဲ့တို့ ဦးစီး၍ ၁၃၆၆ ခုနှစ် ဝါခေါင်လဆန်း ၉ ရက်မှ ၁၅ ရက်ထိ ခုနစ်ရက်စခန်းဖွင့်လှစ်မည်ဖြစ်သည်။

စာရင်းပေးနိုင်

တရားစခန်းဝင်လိုသူများ ဦးမြင့်ရွှေ ဖုန်း ၀၅၄-၂၁၇၀၇/၂၁၆၃၆ နှင့်ဦးတင့်လွင် ဖုန်း ၀၅၄-၂၁၅၅၀ တို့ထံ ဆက်သွယ်စာရင်းပေးနိုင်ကြောင်းသိရသည်။ **(က-ပ)**

သဲအင်းဂူတရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၁၉

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ် (၅)ရပ်ကွက် ၄ ဝိုင်း ဓမ္မရောင်ခြည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတွင် မူလဆရာတော်ကြီး၏ တပည့်အရှင်ပဏ္ဍာဝံသ (မိဂလုံ)သည် ခန္ဓာကိုယ်တွေ့ဝိပဿနာတရားစခန်းပွဲကို ဩဂုတ် ၂၄ ရက်မှ ဩဂုတ် ၃၀ ရက်ထိ ကျင်းပမည်ဖြစ်ရာ ဝါခေါင်လဆန်း ၈ ရက် ညနေ အရောက်လာရောက်ကြရန်နှင့် တရားစခန်းဝင်လိုသူများ အကျိုးဆောင်အဖွဲ့က အာဟာရဒါန လှူဒါန်းမည် ဖြစ်ပြီး အာဟာရဒါန လှူဒါန်းလိုသူများ ဓမ္မရောင်ခြည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

စင်တင်တေးဂီတဖျော်ဖြေပွဲ ကျင်းပရေးညှိနှိုင်းအစည်းအဝေး

ရန်ကုန် ဩဂုတ် ၁၉

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံရွက်လှေ အဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်မည့် ရန်ပုံငွေ ရှာဖွေရေးစင်တင်တေးဂီတဖျော်ဖြေပွဲ ကျင်းပရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၈ရက် မွန်းလွဲ ၁ နာရီတွင်လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)** ရှေးဦးစွာ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးမိုးမြင့်ကစင်တင်တေးဂီတဖျော်ဖြေပွဲကျင်းပရေးနှင့်ပတ်သက်၍ ဆပ်ကော်မတီများ၊ ဖွဲ့စည်းဆောင်ရွက်သွားမည့် အစီအစဉ်များကို လည်းကောင်း၊ အမှတ်(၂)စစ်ဒေသမှူး တပ်မတော်မှတ်တမ်းရုံး တပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်ကစင်တင်တေးဂီတဖျော်ဖြေပွဲကျင်းပရာတွင်စနစ်တကျရှိစေရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသူများကသက်ဆိုင်ရာကဏ္ဍများကိုလည်းကောင်းဆွေးနွေးညှိနှိုင်းကြသည်။ **(သတင်းစဉ်)**

ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ ဧည့်လမ်းညွှန်များအား တွေ့ဆုံဆွေးနွေးမည်

ရန်ကုန် ဩဂုတ် ၁၉

မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ကျင်းပမည့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံသို့ တက်ရောက်ကြမည့် အပြည်ပြည်ဆိုင်ရာ ကိုယ်စားလှယ်များအတွက် တွဲဖက်တာဝန်ချထားမည့် ဧည့်လမ်းညွှန်များနှင့် ဆက်ဆံရေးအရာရှိများအား ဩဂုတ် ၂၆ရက်တွင် ဆီဒိုးနားဟိုတယ်၌ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံခရီးသွား လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက တွေ့ဆုံပြီး ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးမှာကြားမည်ဟု သိရသည်။

မပျက်မကွက်

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းမှ တာဝန်ပေးအပ်ရန် ရွေးချယ်ခြင်းခံရသော ဂျပန်ဘာသာ ဧည့်လမ်းညွှန် ၁၀၈ ဦးသည် လည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ တာဝန်ပေးအပ်မည့် ဧည့်လမ်းညွှန်များသည် လည်းကောင်း မပျက်မကွက် တက်ရောက်ကြရန် လိုအပ်ကြောင်းနှင့် သာသနာရေးဝန်ကြီးဌာနက တာဝန်ပေးအပ်မည့် ဆက်ဆံရေးအရာရှိများအနေဖြင့်လည်း တက်ရောက်နိုင်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၊ မြန်မာ့ခရီးသွားလုပ်ငန်းက အကြောင်းကြားထားသည်။ **(သတင်းစဉ်)**

မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုပြစ်ဒဏ်ချမှတ်

ရန်ကုန် ဩဂုတ် ၁၉

နယ်မြေခံ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊တာချီလိတ်မူးယစ်အထူးအဖွဲ့နှင့် နယ်မြေခံတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ၂၀၀၃ ခုနှစ်ဒီဇင်ဘာ၂၉ရက်တွင် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု အဒီးရွာနေအားဘဲ၏ နေအိမ်ကို စစ်ဆေးရှာဖွေရာ အိပ်ခန်းခုတင်အောက်မှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀၊အမေရိကန်နိုင်ငံလုပ် တစ်လုံးထိုး သေနတ်တစ်လက်၊ ၁၂ဘို့ကျည် ၁၂တောင့်၊ ချက်နိုင်ငံလုပ်ပွိုင့် (၂၂)သေနတ်တစ်လက်၊ အမေရိကန်နိုင်ငံလုပ် ၉ မမ ပစ္စတိုတစ်လက်၊ ကျည်အတောင့် ၅၀၊ (၁၂)ဘို့ ကျည်ဖြင့် ပစ်ခတ်ရသော တစ်လုံးထိုး လုပ်သေနတ်တစ်လက်တို့ကို ဖမ်းဆီးရမိခဲ့သဖြင့် တာချီလိတ် ရဲစခန်းက မူးယစ်ဆေးဝါးပထမသတင်းပေးတိုင်ချက် အမှတ် ၈၉/၂၀၀၃ နှင့် ၉၀/၂၀၀၃ ၊ မူးယစ်ပုဒ်မ ၁၅/၁၉(က)/၂၂(ခ)အရအမှုဖွင့် အရေးယူခဲ့သည်။

အမှုကို တာချီလိတ်ခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၂၀၀၄ ခုနှစ် ဇူလိုင်၁ရက်တွင် တရားရုံးက တရားခံဦးလောဖိ၏သားအားဘဲအား မူးယစ်ဆေးဝါးရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှုပုဒ်မ ၁၉(က)နှင့်၂၂(ခ)တို့အရ ထောင်ဒဏ်နှစ် ၃၀ ကျခံစေရန်နှင့် ဦးအားသယ်၏သား အားဂျယ်(ခ)ဇော်ထွန်းအား မူးယစ်ဆေးဝါးရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က)အရ အလုပ်နှင့်ထောင်ဒဏ် ၁၆နှစ်၊ မူးယစ်ဆေးဝါးပုဒ်မ ၂၁အရ ထောင်ဒဏ်နှစ် ၃၀ ကျခံစေရန် အသီးသီးပြစ်ဒဏ်ချမှတ်ခဲ့သည်။ **(သတင်းစဉ်)**

ဩဂုတ်လ တတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ရန်ကုန် ဩဂုတ် ၁၉

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အများအားဖြင့် အားကောင်းမည်။

မိုးအခြေအနေများမှာ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း (အထက်ပိုင်း) ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ရွာသွန်းမြဲထက်ပိုပြီး၊ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ရွာသွန်းမြဲခန့်ရွာမည်။

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၅ ပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့နှင့် ပြည်မြို့တို့တွင် ၃ ပေခန့်နှင့် ဟင်္သာတမြို့တွင်တစ်ပေခန့် လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်သော်လည်း စိုးရိမ်ရေမှတ်များကို ရောက်ရှိနိုင်ဖွယ်မရှိပါ။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၈ ပေခန့်၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၆ ပေခန့် လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်သော်လည်း စိုးရိမ်ရေမှတ်များကိုရောက်ရှိ နိုင်ဖွယ်မရှိပါ။

(၁)နှစ်ပြည့် မွေးနေ့မင်္ဂလာဆုမွန်လွှာ

၂၀-၈-၂၀၀၄နေ့တွင် ကျရောက်သော ချစ်သမီးလေး **"လဝန်းရွှန်းလက်"**၏ (၁)နှစ်ပြည့် မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်း(၁၂၀)တိုင် ဖေဖေ၊ မေမေတို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာနေထိုင်နိုင်ပြီး နိုင်ငံ့အကျိုးကို သယ်ပိုးထမ်းရွက်နိုင်သော ထူးချွန်ထက်မြက်သည့် သမီးကောင်းရတနာလေးတစ်ဦးဖြစ်ပါစေ။

ဘွားဘွားကြီးများ	–	ဒေါ်သန်းကြည်၊ဒေါ်တိုးမြင့်၊
ဘိုးဘိုး၊ဘွားဘွားများ	–	ဗိုလ်မှူးချုပ်ကျော်ဆန်း–ဒေါ်ကြည်ကြည်ဝင်း၊ ဗိုလ်မှူးချုပ်မြင့်ဇော်–ဒေါ်အေးအေးဝင်း၊
ချစ်ဖေဖေနှင့် ချစ်မေမေ	–	ဦးသီဟအောင်–ဒေါ်ဇင်မေအေး
ဦးဦး၊ဒေါ်ဒေါ်များ	–	Dr. ဟိန်းလတ်ဝင်း–Dr. ထားကြည်ဆန်း တီတီလေး သင်းကြည်ဆန်း၊ ကိုမျိုး၊ကိုထူး၊ကိုထက်၊
ကိုကို	–	ဘုန်းဟိန်းကျော်၊



အမြန်စာရိုက်ခြင်း

ဂုဏ်ထူးဦးအောင်ခိုင်
ESSAYS & LETTERS

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
အမှတ် ၂၁၂၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့

လျှောက်လွှာခေါ်ယူခြင်း

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း The New Light of Myanmar သတင်းစာတိုက်တွင် အငယ်တန်းသတင်းထောက် (သို့မဟုတ်) စာပေလက်ထောက်–၂ (လစာနှုန်းကျပ် ၅၄၀၀–၁၀၀–၅၉၀၀) ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းနှင့်ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူသည်–

(က) ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် အင်္ဂလိပ်စာကို ဂုဏ်ထူးဖြင့် အောင်မြင်သူများ (သို့မဟုတ်)အင်္ဂလိပ်ဘာသာအဓိကဖြင့် တက္ကသိုလ်တက်ရောက်နေသူများ(နေ့ပိုင်း) သို့မဟုတ် အင်္ဂလိပ်စာ အရေး၊အဖတ်၊အပြောကျွမ်းကျင်ပြီး တက္ကသိုလ်တစ်ခုခု(နေ့ပိုင်း)တွင် တက်ရောက်နေသူများ

(ဂ) နေ့/ည တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ အထက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများအား အောက်ပါအကျိုးခံစားခွင့်များ ခွင့်ပြုမည်–

(က) တက္ကသိုလ်(နေ့ပိုင်း)သို့ တက်ရောက်ခွင့်ပြုပြီး ကျောင်းပြီးသည်အထိ လစာကျပ် ၄၈၀၀ိ/–ကို လစဉ်ခံစားခွင့်ပြုမည်။

(ခ) ကျောင်းတက်နေစဉ်ကာလအတွင်း လိုအပ်သလို ကူညီထောက်ပံ့ပေးမည်။

(ဂ) စာမေးပွဲကျရှုံးပါက ထောက်ပံ့ကြေးအားလုံးကို ပြန်လည်ပေးလျော်ရမည်။

(ဃ) ကျောင်းပြီးပါက အငယ်တန်းသတင်းထောက်(သို့မဟုတ်)စာပေလက်ထောက်–၂ (လစာနှုန်းကျပ်၅၄၀၀–၁၀၀–၅၉၀၀)ရာထူးတွင်ခန့်ထားမည်။

(င) အနည်းဆုံးလုပ်သက် တစ်ဆက်တည်း(၁၀)နှစ် တာဝန်ထမ်းဆောင်ရမည်။ ပျက်ကွက်ခြင်း၊နုတ်ထွက်ခြင်း၊ထုတ်ပယ်ခြင်းခံရပါက ကျပ်၂၅၀၀၀၀ိ/–(နှစ်ဆယ့်ငါးသိန်း) ပေးလျော်ရမည်ဖြစ်ကြောင်း ကတိခံဝန်ချက်ရေးထိုးရမည်။

(စ) လုပ်ငန်းတွင်ထူးချွန်ပါက ပြည်ပသင်တန်းများသို့ စေလွှတ်သင်ကြားပေးမည်။

၄။ လျှောက်လွှာများကို အောက်ပါစာရွက်စာတမ်းများပူးတွဲလျက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ ညွှန်ကြားရေးမှူး(သတင်း)၊ အမှတ်–၂၁၂၊ သိမ်ဖြူလမ်း၊ရန်ကုန်မြို့သို့ ၂၀–၉–၂၀၀၄ရက်နေ့ နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်–

(က) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်မိတ္တူနှင့် အမှတ်စာရင်းမိတ္တူ

(ခ) သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှ လျှောက်လွှာပိတ်ရက်မတိုင်မီ(၆)လအတွင်း ရရှိထားသည့် ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်မူရင်း

(ဂ) မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် အလုပ်သမားမှတ်ပုံတင်ထားသည့် အလလခ ပုံစံ(၂)ဓာတ်ပုံမိတ္တူတစ်စောင်

(ဃ) လိုင်စင်ဓာတ်ပုံနှစ်ပုံ (ဓာတ်ပုံ နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်ရေးသားရန်)

(င) ဝင်ကြေးငွေ ကျပ် ၂၀၀/–ပေးသွင်းသည့်ချလန်မူရင်း (သို့မဟုတ်) စာတိုက်ငွေပို့လွှာ (Money Order)ပြေစာမူရင်း

၅။ စာမေးပွဲဝင်ကြေး ငွေကျပ်၂၀၀/–ကို ရန်ကုန်မြို့၊ မြန်မာ့စီးပွားရေးဘဏ်၊ စက်မှုလက်မှုငွေချေးဌာန စာရင်းအမှတ်(SEE 4201-N)သို့လည်းကောင်း၊ သက်ဆိုင်ရာစာတိုက်မှတစ်ဆင့် ဤလုပ်ငန်း(ရုံးချုပ်)သို့ ငွေပို့လွှာ(Money Order)ဖြင့်လည်းကောင်း ပေးသွင်းရမည်။

၆။ အသေးစိတ် အကြောင်းအရာများကို သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)တယ်လီဖုန်းအမှတ် ၂၉၄၆၂၁သို့ စုံစမ်းနိုင်ပါသည်။

အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်းကြေညာခြင်း

ကျွန်တော်ဦးဌေးဦး [၁၂/ဥကမ (နိုင်) ၀၀၃၂၄၄]သည် ဒေါ်နန်းသီတာညွှန့် [၁၄/ပသန (နိုင်) ၀၁၀၇၆၄]အား ၆–၁၀–၂၀၀၁နေ့က လွှဲအပ်ခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

၎င်းနှင့်ပတ်သက်သော ဆောင်ရွက်ချက်အရပ်ရပ်အား လုံးဝအသိအမှတ်မပြုပါ။

ဦးဌေးဦး[၁၂/ဥကမ(နိုင်)၀၀၃၂၄၄]

Essays Students

Q . E . L . C
B.A(English), Diploma in ELT, Cambridge Certificate in ELT
4 SKILLS ENGLISH (Basic)
AUG (9, 28, 30)
Intermediate 4 Skills. Aug (28)
English Skills Foundation. Aug(1)
IELTS, AUG (28) / TOEFL, AUG (30) / Writing

Y.E.S.မှ အင်္ဂလိပ်စကားပြော သင်တန်းများ
Basic Spoken English : AUG -9,16,21,23,30
Pre-Intermediate English : AUG-16,21,23
Basic Writing, Intermediate English: AUG -21
Grammar Foundation Course : AUG - 23
Vocabulary Enrichment Course : AUG - 30
SAT (I), TOEFL, IELTS,4 Skills : AUG - 3,23,28
No.119, YWCA Building, Bogalayzay St, Botataung Tsp. 245821
No.198, 2nd Flr., 29th St. (Upper), Pabedan Tsp. ☎ 243950

စန္ဒကူးနံ့သာ ကျောင်းတော်ရာဘုရား ငါးကျွေးဆိပ် ဖွင့်ပွဲအခမ်းအနား ကျင်းပ

ပွင့်ဖြူ ဩဂုတ် ၁၀

မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာမြို့သစ်ရှိ စန္ဒကူးနံ့သာ ကျောင်းတော်ရာဘုရား၌ (၁၃၆၆ခု ဒုတိယဝါဆိုလပြည့်နေ့) ဇူလိုင် ၃၁ ရက်က တိုင်း၊ ခရိုင်၊မြို့နယ်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ဂေါပကအဖွဲ့နှင့် ဘာသာရေးအသင်းအဖွဲ့များ စုညီစွာ တက်ရောက်ပြီး ငါးကျွေးဆိပ် ဖွင့်ပွဲအခမ်းအနား ကျင်းပကြသည်။

အစာကျွေး

အခမ်းအနားတွင် ဘုရားကြီးဩဝါဒါစရိယအဖွဲ့ အကျိုးတော်ဆောင် ချုပ်ဆရာတော် အရှင်ဓမ္မာစာရ (အစိုးရဓမ္မာစရိယ)နှင့် မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာများ ပက်ဖျန်းခြင်း၊ ဘုရားငါးများအား အစာကျွေးခြင်းပြုလုပ်သည်။

ဝါတွင်းကာလအတွင်း ဘုရားဖူးငါးများရောက်ရှိနေပြီဖြစ်သဖြင့် အစာကျွေးကြွရောက်နိုင်ကြပြီဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

အေးဒရဲ ဩဂုတ် ၁၂

အေးဒရဲမြို့နယ် လေးကျေးရွာအုပ်စု မိုးဆမ်းပန်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို ဩဂုတ် ၈ ရက် နံနက် ၉ နာရီက အဆိုပါ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထိန်လင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းလှိုင်၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နာယက ဒေါ်ခင်မူ၊ ကျေးရွာဥက္ကဋ္ဌ ဦးခင်လတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် ကျေးရွာဥက္ကဋ္ဌတို့က စာအုပ်ပေါင်း ၂၂၀ ကို ပေးအပ်လှူဒါန်းရာ ကျေးရွာ စာကြည့်တိုက် ကော်မတီအတွင်းရေးမှူး ဒေါ်တင်ဥက လက်ခံရယူကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ဇူလိုင် ၂၁ ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့နယ် ဝါးခရာ စံပြကျေးရွာ ပညာ့ဗိမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရန်ပုံငွေအတွက် ဝါးခရာကျေးရွာ စေတနာရှင်များ လှူဒါန်းသည့် စာကြည့်တိုက်ရန်ပုံငွေ ကျပ် ၁၀၅၀၀ ကို ရွာသူ၊ ရွာသားများကိုယ်စား ပင်စုံကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးခွန်မောင်လွန်းက စာကြည့်တိုက်ကြီးကြပ်ရေးကော်မတီသို့ လွှဲပြောင်းပေးအပ် လှူဒါန်းစဉ်။

(မြို့နယ်ပြန်/ဆက်)

ဝမ်းတွင်းမြို့နယ် သန့်ရှင်းသာယာလှပရေး ဝန်ထမ်းများ ဆောင်ရွက်

ဝမ်းတွင်း ဩဂုတ် ၇

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဝမ်းတွင်း-သဲတော လမ်းဘေး ဝဲ၊ ယာတစ်လျှောက်တွင် သစ်ပင်ချုံနွယ်များ ရှင်းလင်းခြင်း၊ အမှိုက်များ စုပေါင်း ရှင်းလင်းခြင်းလုပ်ငန်းများကို ဝန်ထမ်းအင်အား ၆၀ ဦးဖြင့် ဇူလိုင် ၂၇ ရက် နံနက်က ဆောင်ရွက်ခဲ့သည်။

အဆိုပါမြို့ သန့်ရှင်းရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးစောထွန်းစိန်က ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကရင်ပြည်နယ် ပိုင်ကျုံရဲစခန်း၏ ၂၀၀၄-၂၀၀၅ ခုနှစ် တပ်ဖွဲ့ဝင်သား၊ သမီးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကို ဇူလိုင် ၂၈ ရက်က ကျင်းပရာ စခန်းမှူးရဲအုပ် ဇော်ဝေလွင်က ငွေသားနှင့် စာရေးကိရိယာများ ပေးအပ်စဉ်။

(မြို့နယ်ပြန်/ဆက်)

ကျေးလက်ဒေသ သောက်သုံးရေရရှိရေး တမူးစည်ပင် ကွင်းဆင်းဆောင်ရွက်

တမူး ဩဂုတ် ၁၅

တမူးခရိုင် တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်အတွက် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဩဂုတ် ၃ ရက်က အင်ဒိုင်းကျေးရွာ၌ ငွေကျပ် ၁၀၄၅၀၀ အကုန်အကျခံ ဆောင်ရွက်ပြီးစီးသော လက်နှိပ်တုံကင်တပ် လက်တူးတွင်းအုတ်ရေကန် တူးဖော်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးသောင်းညွှန့်၊ တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင်တို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၄-၂၀၀၅ ခုနှစ်အတွက် ကျေးရွာ လေးရွာတွင် လက်တူးတွင်း လေးတွင်းအား ငွေကျပ် ၁၃၃၅၀၀၀ အကုန်အကျခံဆောင်ရွက်ရန် လျာထားခဲ့ပြီး ကျေးရွာပေါင်း ၅၈ ရွာတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် တူးဖော်ပြီးစီးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှား

လှိုင်သာယာ ဩဂုတ် ၁၅

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၀၄-၂၀၀၅ခု ပညာသင်နှစ်ကျောင်း ကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအဖြစ် ဩဂုတ် ၁၃ ရက်က ကျောင်းအုပ်ဆရာကြီး ဦးသန်းဌေး ဦးဆောင်သော ကျောင်းကျန်းမာရေးအဖွဲ့မှ ဆရာ၊ ဆရာမများက ကျန်းမာရေးအသိပညာဗဟုသုတ မေးခွန်းများကို အဋ္ဌမတန်းကျောင်းသား၊ ကျောင်းသူများကို မေးမြန်းဖြေဆိုစေခြင်း ပြုလုပ်ကြသည်။ **(အောက်ဝဲပုံ)**

ကဗျာရွတ်ဆို

အခြားအတန်းများကိုလည်း အလားတူ ပညာပေးခြင်းအနေဖြင့် ကဗျာရွတ်ဆိုစေခြင်း၊ သရုပ်ဖော်ပြဇာတ်တိုများ ကပြခြင်းများ ပြုလုပ်ကြသည်။

(က-ပ)

မြို့နယ် သတင်းများ

ငှက်ဖျားရောဂါ တိုက်ဖျက်ရေး ဆောင်ရွက်

ဖားကန့် ဩဂုတ် ၁၀

ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေး ဆေးမှုတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးတင်ရှိန်၊ မြို့နယ်ဥက္ကဋ္ဌ ဦးမင်းဆွေတို့၏ ဦးဆောင်မှုဖြင့် ဇူလိုင် ၂၉ ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာန အခြေခံကျန်းမာရေးဝန်ထမ်းများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ (ဖုံး၊ သွန်၊ လဲ၊ စစ်)လုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျောင်း၊ ဈေး၊ ဝန်ထမ်းအိမ်ရာ စသည်များကို မြို့နယ်ငှက်ဖျားရောဂါ တိုက်ဖျက်ရေးအဖွဲ့ဝန်ထမ်းများဖြင့် ဆေးမှုတ်ပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ကြကြောင်း သိရသည်။ **(၅၃၈)**

ဩဂုတ် ၇ရက်က သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးသန့်ဇင် ဦးဆောင်၍ ဝန်ထမ်းများ သီပေါမြို့တွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများအတွင်းမှ အမှိုက်သရိုက်နှင့် နုန်းများ ဆယ်တင်ခြင်းလုပ်ငန်း စုပေါင်းဆောင်ရွက်ကြစဉ်။

(က-ပ)

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုး

သံဖြူဇရပ် ဩဂုတ် ၆

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အထိမ်းအမှတ်အဖြစ် မြို့နယ်အတွင်းရှိ ကျောင်းပေါင်းစုံမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများစုပေါင်း သစ်ပင်မျိုးစုံ စိုက်ပျိုးပွဲကို ဇူလိုင် ၃၁ ရက်က ကျင်းပကြသည်။

မြို့နယ်အတွင်းရှိ အထကကျောင်း ခုနစ်ကျောင်း၊ အလကကျောင်း ငါးကျောင်း၊ မူလတန်းလွန်ကျောင်း ခြောက်ကျောင်း၊ အမက ၉၉ ကျောင်း၌ ငရုတ်ကောင်းပင် ၂၄၃၀၀၊ သစ်ဆိမ့်ပင် ၁၂၂ ပင်၊ မန်ကျည်းပင် ၂၆၀၊ ထန်းပင် ၁၅၂ ပင် အပါအဝင် ပန်းပင်မျိုးစုံ စိုက်ပျိုးပေးခဲ့ကြသည်။ **(၂၅၇)**

ရေစကြိုမြို့နယ် ငွေးချိုကျေးရွာ ကိုယ့်အားကိုယ်ကိုး အခြေခံပညာ မူလတန်းကျောင်းဆောင်သစ်ဖွင့်

ရေစကြို ဩဂုတ် ၁၅

ရေစကြိုမြို့နယ် ငွေးချိုကျေးရွာ ကိုယ့်အားကိုယ်ကိုး အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၈ရက် နံနက် ၈နာရီက အဆိုပါကျောင်းဆောင်သစ်ရှေ့ မျက်နှာစာ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဌေးဝင်းနှင့် အလှူရှင်များကိုယ်စား ဦးရွှေဘတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ရှင်းလင်းတင်ပြ

ရှေ့ဦးစွာ မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကားပြောကြားပြီး ကျေးရွာဥက္ကဋ္ဌက ကျောင်းဆောင်သစ်ဆောက်လုပ်မှု လှူဒါန်းရရှိ ငွေစာရင်းချုပ်နှင့် သုံးစွဲငွေစာရင်းများကို ရှင်းလင်းတင်ပြကာ မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်ပညာရေးမှူးတို့အား ကျောင်းဆောင်သစ် ဆောက်လုပ်မှုမှတ်တမ်းများကို ပေးအပ်သည်။

ဆက်လက်၍ ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းသူ ကုသိုလ်ရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး ရေစကြိုမြို့နယ် ငွေးချိုကျေးရွာ အမှတ်(၃၃) အခြေခံပညာ မူလတန်းကျောင်းသား၊ ကျောင်းသူကလေးများက အဆိုအကများဖြင့် ဖျော်ဖြေကြသည်။ **(မြို့နယ်ပြန်/ဆက်)**

မိုးရာသီပန်းအလှပင်များ စုပေါင်းစိုက်ပျိုး

မိုးညှင်း ဩဂုတ် ၁၀

မိုးညှင်းမြို့အား ပန်းမြို့တော် တည်ဆောက်ရေးစီမံချက်အရ မိုးညှင်းမြို့ နားခါးရပ်ကွက် ဘုရင့်နောင် လမ်းမကြီးရှိ လမ်းဘေး ဝဲ၊ ယာတစ်လျှောက် ဇူလိုင် ၃၀ ရက်က ပန်းအလှပင်များ စိုက်ပျိုးကြသည်။

အခမ်းအနားတွင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဒေါ်ငွန်ကီးနှင့် စည်ပင်သာယာရေး ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာန ဝန်ထမ်းများ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် ပြည်သူများ မိုးရာသီ ပန်းအလှပင်များကို မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းတို့က ဦးဆောင်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

ရွှေကူ ဩဂုတ် ၅

ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်းလမ်းတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးအတွက် စွန့်ပစ်အမှိုက်များသယ်ယူခြင်း၊ တိမ်ကောနေသည့် ရေနုတ်မြောင်းများ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများကို စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ ဇူလိုင် ၂၅ ရက်က စုပေါင်းဆောင်ရွက်ကြသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးသာဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
မဟာဝိဇ္ဇာသင်တန်းအတွက် သင်တန်းသားများခေါ်ယူခြင်း

၁။ ၂၀၀၄–၂၀၀၅ပညာသင်နှစ်အတွက် မဟာဝိဇ္ဇာတွဲ (အင်္ဂလိပ်ဘာသာစကား) ပထမနှစ်သင်တန်းကို ၂၀၀၄ခုနှစ်၊ စက်တင်ဘာလ(၂၀)ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။
၂။ သင်တန်းတက်ရောက်လိုသူများသည်
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) မဟာဝိဇ္ဇာတွဲ (အင်္ဂလိပ်ဘာသာစကား) ပထမနှစ်သင်တန်း တက်ရောက်ရန် သတ်မှတ်ထားသောအရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်။
၃။ ၂၀၀၄ခုနှစ်၊ ဩဂုတ်လ(၂၇)ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာတင်သွင်းကြရမည်။ သင်တန်းဝင်ခွင့်ကြေညာချက်အပြည့်အစုံကို ရုံးချိန်အတွင်း ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

သန်းသန်းအေး
မော်ကွန်းထိန်း
ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်
စီးပွားရေးလုပ်ငန်းအဖွဲ့

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ စီးပွားရေးလုပ်ငန်းအဖွဲ့နှင့် ဝါဝါသန်းအလှပြင်ဆိုင်တို့ ပူးပေါင်းဖွင့်လှစ်သည့် မိတ်ကပ်/ဆံပင်အလှပြင် သင်တန်းတက်ရောက်ခွင့် လျှောက်လွှာခေါ်ယူခြင်း–

သင်တန်းစတင်ဖွင့်လှစ်မည့်ရက်	– (၁–၉–၂၀၀၄)
သင်တန်းဖွင့်လှစ်မည့်နေရာ	– ၂၈၃၊ လမ်း(၄၀)အထက်ဘလောက်၊ ကျောက်တံတားမြို့နယ်။
သင်တန်းအချိန်	– နံနက် ၈:၀၀နာရီမှ မွန်းတည့် ၁၂:၀၀ နာရီအထိ (အင်္ဂါနေ့) မှ (စနေနေ့)
သင်တန်းကာလ	– (၂)လ
လက်ခံမည့်သင်တန်းသူဦးရေ	– (၂၀) ဦး(အမျိုးသမီးများသာ)
လျှောက်လွှာစတင်ရောင်းချမည့်ရက်	– ၂၀–၈–၂၀၀၄
ဆက်သွယ်စာရင်းပေးရန်လိပ်စာ	– သီတာဓာတ်ပုံဆိုင်၊ အခန်း(၅)၊ တိုက်(၁) အင်းစိန်လမ်းမကြီး၊ လှည်းတန်းမီးပွိုင့်အနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

သတ်မှတ်ထားသော လျှောက်လွှာပုံစံများကို တစ်စောင်လျှင် (၁၀၀) ကျပ်နှုန်းဖြင့် အထက်ပါလိပ်စာအတိုင်းတစ်ဦးလျှင် တစ်စောင်နှုန်းသာ ဝယ်ယူနိုင်ပြီး ၃၀–၈–၂၀၀၄ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

အတွင်းရေးမှူး
စီးပွားရေးလုပ်ငန်းအဖွဲ့၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
တိုင်းရင်းဆေးပညာဦးစီးဌာန
အမှတ်(၅၆)၊ ဦးဝိစာရလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ ပရဆေးဥယျာဉ်နှင့် ဆေးဝါးဌာနခွဲတွင် လစ်လပ်လျက်ရှိသော ဒု–ဦးစီးမှူး(ဥယျာဉ်) (လစာနှုန်း ၅၄၀၀–၁၀၀–၅၉၀၀)ရာထူးနေရာအတွက် အောက်ဖော်ပြပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) စိုက်ပျိုးရေးဒီပလိုမာဘွဲ့ရရှိထားသူဖြစ်ရမည်။
(ဂ) ၁၅–၉–၂၀၀၄ရက်နေ့တွင် အသက်(၃၅)နှစ်၊ (ဝန်ထမ်းဖြစ်ပါက အသက် ၄၀နှစ်ထက်ကျော်လွန်သူဖြစ်ရမည်။)
(ဃ) အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။
(င) လုပ်ငန်းသဘာဝအရ အမျိုးသားနှင့်သာသင့်လျော်ပါသည်။
၂။ လျှောက်လွှာကို တိုင်းရင်းဆေးပညာဦးစီးဌာနရုံးချုပ် ဝန်ထမ်းရေးရာဌာနခွဲသို့ ၁၅–၉–၂၀၀၄ရက်နေ့ အရောက်ပေးပို့ရမည်။
၃။ ဝန်ထမ်းများမူရင်းလျှောက်တစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာနခွင့်ပြုချက်ရယူပြီး တိုင်းရင်းဆေးပညာဦးစီးဌာန(ရုံးချုပ်) ဝန်ထမ်းရေးရာဌာနခွဲသို့ ၁၅–၉–၂၀၀၄ရက်နေ့အရောက် ပေးပို့ရမည်။ လျှောက်လွှာမိတ္တူတစ်စောင်ကို ဓာတ်ပုံနှင့်အတူ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဝန်ထမ်းရေးရာဌာနသို့ တိုက်ရိုက်ပေးပို့ရမည်။
၄။ အသေးစိတ်စုံစမ်းမေးမြန်းလိုပါက တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဝန်ထမ်းရေးရာဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်(၃၇၁၉၆၄)သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။



ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်
ရန်ကုန်မြို့၊ ၁၃၆၆ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၉)ရက်
၂၀၀၄ခုနှစ် ဇူလိုင်လ(၂၅)ရက်

၁။ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၀၄ခုနှစ် အောက်တိုဘာလတွင် ကျင်းပမည်ဖြစ်၍ ရတနာပြပွဲတွင် ကျောက်မျက်ရတနာများ တင်ပြရောင်းချလိုသူများသည် ၂၀၀၄ခုနှစ် ဩဂုတ်လ(၁)ရက်မှ စက်တင်ဘာလ(၃၀)ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍ ကျောက်မျက်ရတနာများစစ်ဆေးခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်း သတ်မှတ်ခြင်းများကို ဆောင်ရွက်နိုင်ပါသည်။
၂။ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများအား မိမိတို့အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)သို့ သယ်ဆောင်ရာတွင် အခက်အခဲရှိပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း(ရုံးချုပ်)ရန်ကုန်မြို့၊ ကျောက်မျက် တူးဖော်ရေးဌာန(မိုးကုတ်)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ ရွှေ့တန်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(မိုင်းရှူး/လွိုင်ဆောင်ထောက်)နှင့် မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးမြို့များတွင် အခြေခံပြသည့် စခန်းရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။
၃။ ၎င်းအပြင် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်အကျိုး၊ ကျောက်မျက်ရတနာလုပ်ငန်းများအကျိုးအတွက် ရတနာပြပွဲများ မကျင်းပသည့် ကြားကာလများတွင် ကျောက်မျက်ရတနာများ ရောင်းဝယ်ခြင်း၊ ဆောင်ရွက်သည့် ဂျီတီစီစနစ်ဖြင့် ပုဂ္ဂလိကပိုင်ကျောက်မျက်ရတနာများ ရောင်းဝယ်ခြင်းနှင့် ပြည်ပတင်ပို့ခြင်းများကို သက်ဆိုင်ရာလုပ်ငန်း/ဌာနများနှင့် ပူးပေါင်းညှိနှိုင်း၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်၍ ဂျီတီစီစနစ်ဖြင့် ကျောက်မျက်ရတနာများ ရောင်းချလိုသည့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် ၂၀၀၄ခုနှစ် ဩဂုတ်လ (၁)ရက်မှ စက်တင်ဘာလ(၃၀)ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

ပညာရေးဝန်ကြီးဌာန၊ အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
ဒီပလိုမာသင်တန်းများအတွက်သင်တန်းလျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနမှ အောက်ဖော်ပြပါ ဒီပလိုမာသင်တန်းများကို ဖွင့်လှစ်ပို့ချမည်ဖြစ်သဖြင့် သတ်မှတ်သည့် အရည်အချင်းပြည့်စုံသူများ အချိန်မီလျှောက်ထားနိုင်ကြောင်းကြေညာပါသည်–

စဉ်	ဒီပလိုမာသင်တန်းအမည်
၁။	Diploma in Software Engineering အမှတ်စဉ် (၁၉)
၂။	Diploma in Network Engineering အမှတ်စဉ် (၁၄)
၃။	Diploma in Hardware Engineering အမှတ်စဉ် (၁၄)

၂။ လျှောက်ထားရန် လိုအပ်သည့် အရည်အချင်းများ
(က) ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်(သို့) အခြေခံပညာအထက်တန်းအဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ်ရရှိထားသူဖြစ်ရမည်။ (လက်မှတ်မူရင်းနှင့် မိတ္တူပူးတွဲတင်ပြရန်)
၃။ အသေးစိတ်အချက်အလက်များကို အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ရာစုသစ်အရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ဗိုလ်တထောင်ဘုရားလမ်း (ကုန်သည်လမ်းနှင့်ကမ်းနားလမ်းကြား)ဗိုလ်တထောင်မြို့နယ်၊ဖုန်းအမှတ်–၂၉၁၉၁၃သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။
၄။ လျှောက်လွှာလက်ခံမည့်အစီအစဉ်–
(က) လျှောက်လွှာစတင်လက်ခံမည့်နေ့ရက်နှင့်လျှောက်လွှာပိတ်မည့်နေ့ရက်
(၁) Diploma in Software Engineering
၁–၉–၂၀၀၄ရက်နေ့မှ၁၀–၉–၂၀၀၄ ရက်နေ့အထိ
(၂) Diploma in Netware Engineering
၄–၁၀–၂၀၀၄ ရက်နေ့မှ ၁၅–၁၀–၂၀၀၄ ရက်နေ့အထိ
(၃) Diploma in Hardware Engineering
၁–၁၁–၂၀၀၄ ရက်နေ့မှ ၁၂–၁၁–၂၀၀၄ ရက်နေ့အထိ

အတွင်းရေးမှူး။

"ယာဉ်မောင်းတကယ်တတ်လိုလျှင် ရွှေမြင်သာနှင့်သင်"
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှကြီးမှူးသည့်

* ရွှေမြင်သာ အခြေခံယာဉ်မောင်းသင်တန်း အမှတ်စဉ် ၂၁/၂၀၀၄ကို ၂၀၀၄ခုနှစ်၊ စက်တင်ဘာလ (၃)ရက်နေ့တွင် ဖွင့်လှစ်ပါမည်။
– စနစ်တကျယာဉ်မောင်းကျွမ်းကျင်စေရမည်။
– ရွာသာကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံး၊ အမှတ်(၂)လမ်းမကြီးတွင်ဖွင့်လှစ်မည်။
– သွားလာမှုလွယ်ကူစေရန် ရွာသာကြီးသို့ သဃ်န်းကျွန်းမြင်သာရုံးမှ တစ်ဆင့်ကြို/ပို့ယာဉ်များစီစဉ်ပေးမည်။
– နယ်မှတက်ရောက်လိုသူများအတွက်နေထိုင်ရေးအခမဲ့စီစဉ်ပေးမည်။
– သင်တန်းတက်ရောက်လိုသူများ ၂–၉–၂၀၀၄ ရက်နေ့နောက်ဆုံးထား၍ အမြန်စာရင်းပေးသွင်းပါ။
– သင်တန်းသားဦးရေကန့်သတ်ထားပါသဖြင့် အချိန်မီလျှောက်ထားရန်နှင့် လူပြည့်ပါက နောက်သင်တန်းအတွက် ကြိုတင်စာရင်းသွင်းနိုင်ပါသည်။
– ဆက်သွယ်စာရင်းပေးရန်လိပ်စာ–

ဗဟိုယာဉ်မောင်းလိုင်စင်ဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်)
သံသုမာလမ်း၊ မြင်သာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၅၇၃၁၀၉၊ ၅၇၃၁၀၆၊ ၅၇၀၉၆၇။



ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

–စက်ဘီးဆိုင်တွင်လုပ်ရန်
–အထွေထွေဝန်ထမ်း (ကျား–၂ဦး)
–ဆယ်တန်းအောင် (၂၀၀၄)ခုနှစ်
–အသက်(၂၀)နှစ်အောက်
မှတ်ပုံတင်မူရင်းပါရမည်။
အလုပ်သမားမှတ်ပုံတင်မိတ္တူပါရမည်။
ဆက်သွယ်ရန်–ဖုန်း–၇၀၀၉၁၇၊ ၅၃၉၃၅၅–၂၈၈။

Old English Mastiff
ရောင်းရန်

မိုးအေးအေးမှာ စိတ်ချလက်ချ အိပ်နိုင်ဖို့၊ မိမိအိမ်ခြံဝင်းကို နေ့/ည လုံခြုံရေး တာဝန်ယူမည့် လူကြိုက်များပြီး အသိဉာဏ်မြင့်မား၍ ထွားကျိုင်းသန်မာသော Mastiff ခွေးကြီးမျိုး Import မှ ပေါက်သော (၂)လခွဲ Mastiffသားပေါက်လေးများဦးရာလူ ရောင်းမည်။ **အမှတ်(၁၁၉၆)ခ/၁လမ်း၊ မြို့သစ်၊ အင်းစိန်။ ၀၉–၅၀၀–၄၄၅၄။**

HAPPY BIRTHDAY
မြတ်စုသက်လျှာဝင်း (Hellen)

သမီးကြီး မြတ်စုသက်လျှာဝင်း(ခေတ္တစင်ကာပူ)၏ ၂၀–၈–၂၀၀၄ နေ့တွင်ကျရောက်သော မွေးနေ့မှစ၍ ဘဝတစ်လျှောက်လုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

ဖေဖေ–ဦးခင်မောင်သောင်းဝင်း၊
(သတင်းတပ်ဖွဲ့) ပဲခူးတိုင်းအရှေ့
မေမေ–ဒေါ်သန်းသန်း
ညီမလေး –မသီတာဆွေ (3rd Year Eng:) ICT Level III



ဆက်သွယ်ပါ

တောင်ဥက္ကလာ၊ သဃ်န်းကျွန်း၊ ရန်ကင်း၊ မြောက်ဒဂုံမြို့နယ်များရှိ အိမ်၊ ခြံ၊ မြေများရောင်းလို၊ ငှားလိုလျှင် ဆက်သွယ်ပါ။

၀၉–၅၀၀၆၇၈၂
၇၀၃၄၁၅
၀၉–၈၀၂၁၁၇၉။



အမည်ပြောင်းခြင်း

ဦးစွမ်း(ခ)ဦးမောင်ဆွမ်း၏သမီး သဃ်န်းကျွန်း၊ ပညာရေးကောလိပ်၊ လေ့ကျင့်ရေး အလယ်တန်းကျောင်း၊ စတုတ္ထတန်းတွင် ပညာသင်ကြားနေသော မခင်ဇမ္ဗူငြိမ်းအား မစွမ်းရွှေရည်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ ဆရာစံလမ်း၊ အမှတ်–၂၆တွင်နေထိုင်သူ ဦးမင်းရဲကျော်သူ [၁၂/ဥကမ(နိုင်)၀၁၅၄၉၀]သည် အောက်ဖော်ပြပါ TRI (တီအာရ်အိုင်)အမှတ်အသားတံဆိပ်များ၏ တစ်ဦးတည်းပိုင်ရှင်ဖြစ်ပါသည်။ ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

မှတ်ပုံတင်စာချုပ်အမှတ်–၄/၁၄၂၂–၂၀၀၃ မှတ်ပုံတင်စာချုပ်အမှတ်–၄/၁၄၂၄–၂၀၀၃

ဖော်ပြပါ TRI (တီအာရ်အိုင်)ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို အသုံးပြု၍ ရှပ်အင်္ကျီအမျိုးမျိုး၊ တီရှပ်၊ စပို့ရှပ်၊ ဂျာကင်အနွေးထည်အင်္ကျီအမျိုးမျိုး၊ ဦးထုပ်အမျိုးမျိုး၊ ခါးပတ်အမျိုးမျိုး၊ ဘောင်းဘီအမျိုးမျိုး၊ အိတ်အမျိုးမျိုး၊ ဖိနပ်အမျိုးမျိုး၊ ခြေအိတ်အစရှိသော ယောကျာ်း၊ မိန်းမဝတ် အဝတ်အထည်အမျိုးမျိုးကို မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ချိရောင်းချလျက်ရှိနေပါသည်။ သို့ပါ၍ အဆိုပါအမှတ်တံဆိပ်အမည်များ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ ဆင်တူယိုးမှားပြုလုပ်၍ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်းနှင့် လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြပါရန် သတိပေးတားမြစ်လိုက်ပါသည်။ အကယ်၍တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ–

ဦးဇော်သိန်းထွန်း
B.A.,LL.B
(တရားရုံးချုပ်ရှေ့နေ၊ အမှတ်စဉ်–၁၆၁၅)
အမှတ်–၄၈/၅၀၊ မြေညီထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း–၀၉၅၀၀၀၆၉၀၊ ၃၇၀၈၃၁။

LEXUS
ELECTRONIC, PERFUNES & COSMETICS

အမှတ် ၄၉၀၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၃၈၁၈၆၅

ကူရှင်၊ လိုက်ကာ၊ ဆိုဖာနှင့်ဆက်တီ၊ အိပ်ရာခင်း၊ ခေါင်းအုံးစွပ်၊ ဖက်လုံးစွပ်နှင့် စားပွဲခင်းများ ချုပ်နိုင်သော နိုင်ငံခြားဖြစ် အရည်အသွေးကောင်းမွန်ပြီး အဆင်ဆန်းသော ပိတ်အုပ်များကို ရန်ကုန် မြို့တစ်မြို့လုံးတွင် မရနိုင်သောဈေးဖြင့်ရောင်းချပေးနေပါသည်။ အရေအတွက်နည်းသည့်အတွက် ဦးရာလူစနစ်ဖြင့် ဝယ်ယူအားပေးနိုင်ပါသည်။ ဟိုတယ်နှင့်တည်းခိုခန်းများအတွက်လည်း သုံးရန်အသင့်တော်ဆုံးဖြစ်သည်။

တစ်ကိုက် ကျပ် ၈၀၀/–

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ တာမွေကလေးရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း၊ အမှတ်(၂၇)ဟုခေါ်တွင်သည့် အပြီးသတ်အချောကိုင်ရန် ရပ်ဆိုင်းနေသော အဆောက်အအုံနှင့်ပတ်သက်၍ အခွင့်အရေးရှိသူများနှင့် အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ တာမွေကလေးရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း၊ အိမ်အမှတ်(၂၇)နေ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ဦးတင်ထွန်း(အိပ်ချ်ဂျီယူ–၀၂၅၅၉၇)ကိုင်ဆောင်သူနှင့် ဒေါ်တင်ကြည်(စီအီး–၀၈၄၈၉၂)ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ တာမွေကလေးရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း၊ အိမ်အမှတ်(၂၇)၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄–ဂျီ)၊ မြေကွက်အမှတ်(၂၀)၊ မြေအကျယ်ပေ(၄၀x၅၀)မြေကွက်ပေါ်ရှိ အပြီးသတ်အချောကိုင်ရန် ရပ်ဆိုင်းနေသော အဆောက်အအုံနှင့်ပတ်သက်၍ ၁၉၉၇ခုနှစ် ဇွန်လ(၂၄)ရက် ရက်စွဲဖြင့် ချုပ်ဆိုခဲ့သည့် မြေရှင်/အိမ်ရှင်နှင့်အဆောက်အအုံဆောက်လုပ်ပေးမည့် ကန်ထရိုက်တာတို့၏ နှစ်ဦးသဘောတူ ကတိစာချုပ်အပေါ် ရန်ကုန်တိုင်းတရားရုံး၊ တွဲဖက်တိုင်းတရားသူကြီး(၈)ရုံးတော်မှ ၂၀၀၄ခုနှစ် ဧပြီလ(၅)ရက် ရက်စွဲဖြင့် ဦးတင်ထွန်းနှင့်ဒေါ်တင်ကြည်တို့အား ၎င်းတို့စွဲဆိုလျှောက်ထားတောင်းသည့်အတိုင်း စီရင်ချက်နှင့် အနိုင်ဒီဂရီတစ်ရပ် ချမှတ်ပေးခဲ့ပြီးဖြစ်သည့်အတွက် ယခုအခါ ကျွန်ုပ်၏မိတ်ဆွေများ၏ စီမံခန့်ခွဲမှုအောက်တွင် အဆိုပါပစ္စည်းသည် ရောက်ရှိနေပြီဖြစ်ပါသည်။

သို့ဖြစ်သည့်အတွက် ကျွန်ုပ်၏မိတ်ဆွေများမှ အထက်အဆိုပါ အပြီးသတ်အချောကိုင်ရန် ရပ်ဆိုင်းနေသည့် အဆောက်အအုံအား ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသောကြောင့် အဆိုပါပစ္စည်းအပေါ် တစ်နည်းနည်းဖြင့် ပတ်သက် သက်ဆိုင်နေသူများ၊ အခွင့်အရေးရှိသူများအနေဖြင့် ယခုကြေညာသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်၏မိတ်ဆွေများထံသို့လည်းကောင်း၊ ကျွန်ုပ်ထံသို့လည်းကောင်း မိမိတို့၏ခိုင်လုံသော အထောက်အထားများနှင့်အတူ ဆက်သွယ်ဆောင်ရွက်ကြပါရန် အခွင့်အရေးရှိသူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးတင်ထွန်းနှင့်ဒေါ်တင်ကြည်တို့၏လွှဲအပ်ညွှန်ကြားချက်များအရ–

ဦးသိန်းစော
တရားရုံးချုပ်ရှေ့နေ
စဉ်(၄၁၃၀)
တိုက်–၁၁၊ အခန်း(၄–က)၊ ၅၆လမ်း၊၂ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်။

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ်(၁၅၀)၊ ပထမထပ်(ဘီ)ဟုခေါ်တွင်သော နေအိမ်တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ဒေါ်စန်းယုမော်[၁၂/ရကန(နိုင်)၀၂၂၃၁၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းနေအိမ် တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်း အထောက်အထားများနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတ်မှတ်ရက်ထက်ကျော်လွန်ပါက အပြီးအပိုင်အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးထွန်းထွန်းသာ
ဝယ်ယူသူ၏ အကျိုးဆောင်ရှေ့နေ
အမှတ်(၆၃၅)၊ ဓမ္မာရုံလမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဆရာဦးစံဝင်း၏
Tourism German Course (3 Months)

၂၁–၈–၂၀၀၄ စနေနေ့နံနက် ၉ နာရီစမည်။ Wondrous Star Travels & Tours. Co .,Ltd.တိုက်–၁၉၊ အခန်း–၃၊ မြေညီထပ်၊ မြနန္ဒာအိမ်ရာ၊ အုတ်ကျင်းဘုတာရုံအနီး၊ အုတ်ကျင်းဈေးအနောက်၊ လှိုင်မြို့နယ်။ ဖုန်း(၀၁)၆၅၀၄၅၄။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သားဖြစ်သူ ဇော်မင်းထိုက်[၁၂/ဥကတ(နိုင်)၁၃၂၆၁၂]သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောဆန္ဒအလျောက် ပြုလုပ်သွားပါ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။

ဦးကြည်သိန်း
[၁၂/ဥကတ(နိုင်)၁၁၈၂၈၈]
ဒေါ်ရင်ရင်ညွန့်
[၁၂/ဥကတ(နိုင်)၁၁၆၅၇၃]

အလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ MARKETING MANAGER(အမျိုးသား/အမျိုးသမီး) (၁)ဦး
၂။ MARKETING ASSISTANT MANAGER(အမျိုးသား/အမျိုးသမီး) (၂)ဦး
၃။ အုပ်ချုပ်ရေးမှူး (အမျိုးသား/အမျိုးသမီး) (၁)ဦး
၄။ အရောင်းမြှင့်တင်ရေးဝန်ထမ်း (အမျိုးသား/အမျိုးသမီး) (၅)ဦး
၅။ အရောင်းယာဉ်မောင်း (အမျိုးသား) (၅)ဦး

အမှတ်စဉ်(၁)အတွက် လုပ်ငန်းအတွေ့အကြုံ (၃)နှစ်ရှိသူဖြစ်ရမည်။
အမှတ်စဉ်(၂)အတွက် ဘွဲ့ရပြီးသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိရမည်။ နယ်ခရီးသွားနိုင်သူဖြစ်ရမည်။
အမှတ်စဉ်(၃)အတွက် ဘွဲ့ရပြီးသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိရမည်။
အမှတ်စဉ်(၄)အတွက် (၁၀)တန်းအောင်မြင်ပြီး ဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။ တာယာ၊ဘက်ထရီနှင့်အင်ဂျင်ဝိုင်လုပ်ငန်းကိုစိတ်ဝင်စားသူဖြစ်ရမည်။လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။
အမှတ်စဉ်(၅)အတွက်ယာဉ်မောင်းသက်တမ်းအနည်းဆုံး(၂)နှစ်ရှိရမည်။ကားကြီး၊ကားလေး ကျွမ်းကျင်စွာမောင်းတတ်ပြီး နယ်ခရီးသွားနိုင်သူဖြစ်ရမည်။ အာမခံစပေါ်ငွေ(၃၀၀၀၀)ကျပ်ပေးသွင်းနိုင်သူဖြစ်ရမည်။
ရန်ကုန်မြို့တွင်း နေထိုင်သူဖြစ်ရမည်။ လျှောက်ထားသူသည် အလုပ်သမားမှတ်ပုံတင်ပါရှိရမည်။ သန်းခေါင်စာရင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံနှစ်ပုံနှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လျှောက်ထားနိုင်သည်။

ဝင်းဘက်ထရီ
ဆက်သွယ်ရန် ။ ။ဝင်းဘက်ထရီနှင့် တာယာရောင်းဝယ်ရေး၊အမှတ်(၂၃၅)၊အလယ်ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ (တော်ဝင်နှင်းဆီခြံအနီး)။

အများသိစေရန် ကြော်ငြာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော တာမွေမြို့နယ်ဗညားဒလအိမ်ရာရှိတိုက်ခန်းအားအောက်ဖော်ပြပါ ပုဂ္ဂိုလ်မှရရှိထားပြီးဖြစ်ပါသည်။ ယခုအခါအဆိုပါတိုက်ခန်းအားဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင်အမည်ပြောင်းလဲ ပေးပါရန် လျှောက်ထားလာသဖြင့် အမည်ပြောင်းလဲပေးခြင်းနှင့် ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်းကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်–

စဉ်	မူလပိုင်ရှင်အမည် မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူအမည်၊မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသည့်တိုက်နှင့် အခန်းအမှတ်
၁။	ဦးလှညွှန့် [၁၂/တမန(နိုင်) ၀၇၂၈၄၇]	ဦးတင်လှိုင် [၁၂/တမန(နိုင်) ၀၄၉၃၉၇]	တိုက်–ဘီ–၃၊အခန်းအမှတ်–၁၅၊ ဗညားဒလအိမ်ရာ
၂။	ဒေါ်အေးမြင့် [၁၂/တမန(နိုင်)၀၅၆၀၁၂]		

ဌာနမှူး
အင်ဂျင်နီယာဌာန(အဆောက်အအုံ)။



MIT MPEC

Web Application Development Level-1

- HTML4
- Javascript
- Graphic
- DreamWeaver & Visual Interdev

[illegible] IT Industry [illegible] Web Designer [illegible]

Room1, Padonmar Stadium, Bargayar Road, Sanchaung T/S, Yangon.

☎ 505278,502801, 668779, 668259,539151

အမည်ပြောင်းခြင်း

အဖ ဦးစံညွန့်၏သမီး အထက-၂၊ စမ်းချောင်း၊ ဒသမတန်း(A)မှ နန်းမွေဖောင်ခမ်း(ခ)သန္တာထွေး [၁၃/မဆတ(နိုင်)၀၄၃၁၁၃]အား နန်းလွယ်မွေခမ်း(ခ)စုစုစံ ဟုပြောင်းလဲခေါ်ပါရန်။

အမည်ဖြည့်စွက်ခေါ်ပါရန်

ဦးအေးကျော်၏ သမီးမဝင်းတေဇာကျော် [၁၂/ကမတ(နိုင်)၀၆၂၆၃၇] ဒသမတန်းအောင် (၂၀၀၄ခုနှစ်)အား မယုဝတီလင်း(ခ) မဝင်းတေဇာကျော် ဟု အမည်ဖြည့်စွက်ခေါ်ပါရန်။

ဝမ်းနည်းကြေကွဲခြင်း

ဆရာကြီး ဦးဝန်(မင်းသုဝဏ်)

မြန်မာစာပါမောက္ခအဖြစ် ဘာသာစာပေဖွံ့ဖြိုးရေးအတွက် ရှေ့ဆောင်လမ်းပြခဲ့သော ကျေးဇူးရှင်ဆရာကြီး ဦးဝန်(မင်းသုဝဏ်) (၉၆)နှစ် ကွယ်လွန်သွားသည့်အတွက် များစွာဝမ်းနည်းကြေကွဲရပါသည်။

မြန်မာစာမိသားစု၊ ရန်ကုန်တက္ကသိုလ်။

ဝန်ထမ်းအလိုရှိသည်

[illegible]

မွေးသက္ကရာဇ်အမှန်

ဦးသန်းအောင်၏ သမီး ဗိုလ်တထောင် အထက(၃) ဆဋ္ဌမတန်း(က)မှ မခိုင်ဇင်သူ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၁-၁၀-၉၃ဖြစ်ပါသည်။

ဖခင်အမည်မှန်

ဗိုလ်တထောင်မြို့နယ်၊ အထက(၂) ဒသမတန်းအောင်မြင်ပြီးသူ မောင်စိုးဝင်းမြင့် [၁၂/ပဇတ(နိုင်)၀၃၀၇၉၆]၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်စိုး (ခ)ဦးကျော်စိုး ဖြစ်ပါကြောင်း။

ဝမ်းနည်းကြေကွဲခြင်း

ဦးသိန်းဦး (ဒုဥက္ကဋ္ဌ-ဝါဏိဇ္ဇဘွဲ့ရများအသင်း) မြန်မာနိုင်ငံ၏ မိခင်ဒေါ်ပွင့်စိန်ဦးသည်၁၅-၈-၂၀၀၄တွင်ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းရပါကြောင်း။

ဝါဏိဇ္ဇဘွဲ့ရသူများအသင်း(မြန်မာနိုင်ငံ)

ဝမ်းနည်းကြေကွဲခြင်း

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ စီမံဝန်ထမ်းဌာန၊ မန်နေဂျာ ဒေါ်ဥမ္မာကျော်၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ရီရီ(၈၃)နှစ် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

တိုင်းမန်နေဂျာနှင့်ဝန်ထမ်းများ
မန္တလေးတိုင်း(ဖွံ့ဖြိုးဘဏ်)

အမြန်ဝယ်/ငှားမည်

ရန်ကုန်မြို့နယ်စုံရှိလုံးချင်းအိမ်၊မြေကွက်များ၊ တိုက်ခန်း၊ ကွန်ဒိုများ ဝယ်/ငှားလိုပါသဖြင့် ပိုင်ရှင်များ ဆက်သွယ်ပါ။

ဖုန်း-၂၂၀၈၅၄၊ ၂၂၉၄၀၀။

[illegible]
TV . [illegible]
Ph - 535885

ရူပါ (1)
TV [illegible]
Ph : 560339

ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အထက(၉)၊ ဒုတိယတန်း(B)မှ မနိုနိုဇူးလိုင်၏ဖခင်အမည်မှန်မှာ ဦးညီညီလွင်ဖြစ်ပါကြောင်း။ **ဦးညီညီလွင် [၁၀/မလမ(နိုင်)၀၂၂၃၅၉]။**

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	[illegible]	မြေကွက်	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	[illegible]	မြေကွက်	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	[illegible]	မြေကွက်	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ဗိုလ်မှူးအေးနု(ငြိမ်း) အသက်(၉၁)နှစ်

ညွန်ကြားရေးမှူး(ငြိမ်း)
အကျဉ်းဦးစီးဌာန

ပဲခူးတိုင်း၊ သုံးဆယ်မြို့(ဦးပု-ဒေါ်ငွေစင်)တို့၏သား (ဦးအေးထွန်း)-ဒေါ်လှမြင့်တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ် အမှတ်(၉) ရေတွင်းကုန်း(၃)လမ်းနေ ဒေါ်တင်ရွှေ၏ခင်ပွန်း၊ ဦးဟန်တင်-ဒေါ်ခင်မာကြည်၊ ဦးညွန့်ဟန်(အကျဉ်းဦးစီးဌာန)-ဒေါ်မြင့်မြင့်သန်း (တွဲဖက်ပါမောက္ခ-ရူပဗေဒ၊ တောင်ငူတက္ကသိုလ်)၊ ဦးဌေးဝင်း(မန်နေဂျာMPPE မြောင်းမြမြို့)-ဒေါ်မြင့်မြင့်ဦး၊ ဦးဇော်ဝင်း-ဒေါ်ခင်ဝင်းရီ၊ ဦးအောင်မြင့်-ဒေါ်သက်သက်ခိုင်(လ/ထ ကထိကသမိုင်း၊ အနောက်ပိုင်းတက္ကသိုလ်)၊ ဒေါ်သူဇာအေး(Plastic World)၊ ဒေါ်ညိုညိုအေးတို့၏ ကျေးဇူးရှင် ဖခင်၊မြေး(ရှစ်)ယောက်တို့၏ အဘိုးသည် ၁၇-၈-၂၀၀၄ရက် ညနေ ၅:၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၈-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင်ထွက်ခွာပါမည်)။**ကျန်ရစ်သူမိသားစု**

ဘုရား၊ သိမ်၊ ကျောင်း၊
ရဟန်းဒါယိကာမကြီး

ဒေါ်ခင်မြ(၈၀)နှစ်

(ပိန်းဇလုတ်)
(ကသစ်ပိုင်ဓမ္မရိပ်သာ)(ပဲခူးမြို့)

ပဲခူးမြို့၊ ကသစ်ပိုင်ဓမ္မရိပ်သာ၏ ဦးစီးပဓာန၊ နာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တပဒုမ၏ ရဟန်းမယ်တော်ကြီး၊ ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုတ်မြို့နေ (ဦးသန်းမောင်-ဒေါ်စိန်ညွန့်)တို့၏သမီး၊ ဦးကြင်ရွှေ၏အစ်မ၊ ဦးမြင့်သိန်း-(ဒေါ်ခင်အေးမြင့်)၊ ဒေါ်ချိုချို၊ ဒေါ်ကြူကြူ၊ ဦးဆောင်း-ဒေါ်ယုယုစိုး၊ ဒေါ်ဥတ္တရာထေရီ၊ ဦးအောင်နိုင်ဇော်-ဒေါ်ခင်မာဝင်း၊ ဦးခင်မောင်လွင်-ဒေါ်နီလာဝင်း၊ ဦးကိုကိုလွင်-ဒေါ်အေးအေးဦး၊ ဦးညီညီလွင်တို့၏ ကျေးဇူးရှင်မွေးသမိခင်(ဦးစံခင်)၏ဇနီးသည် ၁၆-၈-၂၀၀၄(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၈-၂၀၀၄ရက် မွန်းလွဲ ၃နာရီတွင် ကသစ်ပိုင်ဓမ္မရိပ်သာမှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

U.G. Hirjee

အသက် (၈၄) နှစ်

လ/ထညွှန်ကြားရေးမှူး(ငြိမ်း)၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊(မန္တလေး)

ရန်ကုန်မြို့၊ ကျိုက္ကဆံအိမ်ရာ၊ တိုက်(၅)၊ အခန်း(၀၀၃)နေ ဒေါ်မြူရီ၏ ခင်ပွန်း၊ ပုသိမ်မြို့နေ ဦးကျော်မြင့်-ဒေါ်ခင်သန်းလွင်၊ ဒုတိယဗိုလ်မှူးကြီး တင်မျိုးတင့်-ဒေါ်မာလာလွင်၊ ဦးဒေါ်နယ်-ဒေါ်မေလဲ့လဲ့ချို၊ ရန်ကုန်မြို့နေ ဦးသန်းဦး-ဒေါ်ဂျယ်ရဒင်း၊ ဦးဂျယ်ရီ-ဒေါက်တာဒေါ်အေးအေးသန်း၊ ဦးစတင်လီ-ဒေါ်မေရီကာတို့၏ ဖခင်၊ မြေး၁၇ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် ၁၈-၈-၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂၀-၈-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် တာမွေစိန်ဖရန့်စစ် ဘုရားရှိခိုးကျောင်းမှ ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

၁၆-၈-၂၀၀၄ရက်တွင်ကွယ်လွန်သွားခဲ့သော ဦးမောင်မောင်ခဆွေ (Managing director-Integrated Marketing Ltd)နှင့် Vice President-Focus Energy Ltd၏ဈာပနကိစ္စအဝဝတွင် အဘက်ဘက်မှအစစအရာရာကူညီဆောင်ရွက်ပေးကြသော စစ်ဘက်၊ နယ်ဘက်မှပုဂ္ဂိုလ်များအားလည်းကောင်း၊ သာသနာရေးဝန်ကြီးဌာနဒုတိယဝန်ကြီးနှင့် ဝန်ထမ်းများအားလည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန၊မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများအား လည်းကောင်း၊ မြန်မာ့အာမခံလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများအားလည်းကောင်း၊ FEL မှ Vice President နှင့် ဝန်ထမ်းများအားလည်းကောင်း၊ IML မှ ဝန်ထမ်းများအားလည်းကောင်း၊ နာဂလိုဏ်ဂူကလေးဝတောရစာသင်တိုက်အားလည်းကောင်း၊ ဖက်ပင်အိုင်စာသင်တိုက်အားလည်းကောင်း၊ ချမ်းမြေ့ဂုဏ်ဝေသီသီလရှင်စာသင်တိုက်အားလည်းကောင်း၊ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းများနှင့် ကုမ္ပဏီများအားလည်းကောင်း၊ ဈာပန ကိစ္စတွင် ကိုယ်တိုင်လိုက်ပါပို့ဆောင်သူများနှင့် ပန်းခြင်း၊ သက်န်း၊ ပရိက္ခရာစသည်များပေးပို့ခြင်း၊လူကိုယ်တိုင်နှင့်Fax,e-mail,Phoneတို့ဖြင့် နှစ်သိမ့်အားပေးကူညီကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးတို့အား လည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ရေကန်ဒါယိကာမကြီး

ဒေါ်ညွန့် (၈၂)နှစ်

(လပွတ္တာ-ကံဘဲ့)

(ဦးပွကြီး-ဒေါ်ပိုးကြူ)တို့၏ ချွေးမ၊ (ဦးကုတ်)၏ ဇနီး၊ မောင်မောင်ဝင်း-မစန်းရီလှိုင်၊ မောင်မောင်သန်း-ခင်နန်းမူ၊ (မောင်တင်ဝင်း)-မပြုံး၊ မောင်မြင့်ဝင်း-မလှဌေး၊ မောင်မောင်ငယ်-မခင်ဆွေလှိုင်၊ မောင်မောင်ထွေး-(မခင်ချို)တို့၏ မိခင်၊ မြေး၁၆ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၉-၈-၂၀၀၄ရက်တွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၁-၈-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [အမှတ်(၉၇)၊ မင်းနန္ဒာလမ်းမကြီး၊ သာကေတမြို့နယ်၊ မိခင်နှင့်ကလေးတိုက်သစ်မှ ကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ဒါယိကာမ

ဒေါ်စောရွှေ (၇၇)နှစ်

သမဂ္ဂသုခ စာအုပ်တိုက်၊ (ပခုက္ကူ)

ပခုက္ကူမြို့၊ (၈)ရပ်ကွက်၊ ပန်းစွာလမ်း၊ အမှတ်(၆)နေ (ဦးချို-ဒေါ်ဖွားမြစ်)တို့၏ သမီး၊ (ဦးစောလှိုင်)၏ ဇနီး၊ (ဦးကျော်တင့်)-ဒေါ်စန်းမြင့်တို့၏ အစ်မ၊ ဦးပေါ်လာကြည်-ဒေါ်စောသန်းထွေး(အထက-၁)၊ ဦးချစ်လှိုင်(တရားရုံးချုပ်ရှေ့နေ)-ဒေါ်ဌေးဌေးကြွယ်၊ (ဦးချစ်ခိုင်)၊ ဦးသိန်းထွန်း-(ဒေါ်စောမြင့်လှိုင်)၊ ဒေါ်ထားထားလှိုင်(အထက-၄)၊ ဒေါ်သီတာလှိုင်တို့၏ မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ပခုက္ကူမြို့၌ ၁၉-၈-၂၀၀ရက်တွင် ကွယ်လွန်သွားပါ၍ ၂၀-၈-၂၀၀၄ ရက် ညနေ ၄နာရီတွင် ပခုက္ကူမြို့၌ သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ကေသီခင်(၅၉)နှစ်

B.A (Geo) (ဝါးခယ်မ)

ဝါးခယ်မမြို့နေ (ဦးတင်ဝင်း-ဒေါ်ရိန်)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝ(၅)လမ်း၊ အမှတ်(၅၀-က)နေ ဒေါက်တာစိန်ရှမ်း - ဒေါ်ကေသီလွင်တို့၏အစ်မ၊ ဦးမောင်မောင်ခင်-ဒေါ်တင်တင်လှ၊ ဦးတင်နိုင်ဝင်း-ဒေါ်ဝင်းမြင့်၊ ဦးခင်လှိုင်-ဒေါ်ကျင်ဌေး၊ ဦးအောင်နိုင်-ဒေါ်ခင်မြင့်၊ ဦးထိန်ဝင်း-ဒေါ်ရင်နု၊ ဦးတင်နိုင်ထွေး - ဒေါ်ခင်နွဲ့နွဲ့အောင်တို့၏အစ်မကြီး၊ တူ၊ တူမ ၁၄ယောက်တို့၏ အဒေါ်ကြီးသည် ၁၈-၈-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၀-၈-၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

Upa Sangthanga

(ခ)ဦးဆန်းသန်း(၅၈)နှစ်

လ/ထ ပုံနှိပ်ထိန်း(မြန်မာ့မီးရထား)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ နယ်မြေ(၄)၊ ငွေစာရင်းလိုင်း-၂/စီ၊ မီးရထားဝင်းနေ Daw Remchhungi ၏ ချစ်လှစွာသော ခင်ပွန်း၊ Dolly Liankimi-Liansanga၊ Lalengmawiiတို့၏ ဖခင်၊ Rev. Ralliankapa-Daw Khuangkimi တို့၏ သားကြီးသည် ၁၉-၈-၂၀၀၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၀-၈-၂၀၀၄ရက် နံနက် ၁၁:၃၀နာရီတွင် ရေဝေး ခရစ်ယာန်သုသာန်၌ ဝတ်ပြုကိုးကွယ်ပြီး သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း၊အမကြီး

ဒေါ်သန်းရင်

အသက်(၇၀)

(ဒေးဒရဲ)

ဧရာဝတီတိုင်း၊ ဒေးဒရဲမြို့နယ်၊ ကုလားကုန်းတန်းရွာနေ (ဦးထွေး-ဒေါ်စောနု)တို့၏ သမီး၊ (ဦးသာစိန်)၏ ဇနီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၆)ရပ်ကွက်၊ အမှတ်(၄၁၇)နေ ဒေါ်အေးအေးသန်း (ငွေစာရင်းဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးလှထွန်း(မြို့နယ်ဥပဒေအရာရှိ၊ ကော့ကရိတ်မြို့)-ဒေါ်မိမြသိန်း(အထက်တန်းပြ၊ မော်လမြိုင်)၊ ဦးသက်ဝင်း(ဇော်မျိုးဆက်ကုမ္ပဏီလီမိတက်)-ဒေါ်မေစီ၊ ကိုကျော်နိုင်(ကျိုက်လတ် ရဲစခန်း)-မအေးအေးသွယ်၊ မောင်မင်းဆန်းတို့၏ မိခင်၊ မောင်မင်းဟံသာထွန်း၊ မမေသက်နိုင်၊ မောင်ဝင်းခန့်ကျော်၊မထက်ထက်သိမ်း၊ မောင်ထက်ဝေယံတို့၏ အဘွားသည် မြောက်ဥက္ကလာပဆေးရုံကြီး၌ ၁၈-၈-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၀-၈-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ထားဝယ်ချောင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်း၊ဒါယိကာမကြီး

ဒေါ်မြသီ(၆၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကျောင်းလမ်း၊ တိုက်(၆၅)၊ (၄)လွှာနေ (ဦးညွန့်-ဒေါ်သန်းကြည်)တို့၏ သမီး၊ (ဦးသန်း၊ အထက်တန်းအရာရှိ၊ ငြိမ်း၊ ပြည်တွင်းရေကြောင်း)၏ဇနီး၊ ဦးငြိမ်း-(ဒေါ်သို)၏ ညီမ၊ဦးကျော်ကျော်(ပြည်တွင်းရေကြောင်း)-ဒေါ်ညွန့်ညွန့်ဝင်း၊ ဒေါ်အေးအေးမြင့် (ကျောင်းဆရာမ၊ ဖျာပုံ)၊ ဦးညွန့်ရွှေ-ဒေါ်ရီရီမော်၊ ဦးလှဌေး-ဒေါ်ခင်မေရီ၊ ဦးတင့်အောင် (ပြည်တွင်းရေကြောင်း၊ ဖျာပုံ)၊ ဗိုလ်ကြီးမြင့်စန်း(စည်ပင်ရုံးချုပ်)-ဒေါ်နီနီထွေး၊ ဦးကြည်ဝေ(စစ်မှုထမ်းဟောင်းရုံး)တို့၏အဒေါ်၊မြေး၁၆ယောက်၊ မြစ်ခုနစ်ယောက်တို့၏ အဘွားသည် ၁၉-၈-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၁-၈-၂၀၀၄(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ဒါယကာ

ဦးမြင့်သိန်းဦး (၄၇)နှစ်

ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့၊ ဗောဓိကုန်းရပ်ကွက်၊ ပြည်လမ်း၊ အမှတ်(၁၁၅)နေ ဦးအောင်မြင့်-ဒေါ်လှတို့၏ သား၊ သာကေတမြို့၊ ရွှေအုတ်ဂူ(၅)လမ်းနေ ဦးလှအောင်-ဒေါ်လှမြင့်တို့၏ သားသမက်၊ တိုက်ကြီးမြို့၊တမိုင်ဝန်ထမ်းကွက်သစ်နေ ဦးခင်အောင်-ဒေါ်ခင်မြတို့၏တူ၊ မင်္ဂလာဒုံမြို့နယ်၊ (၂/က)ရပ်ကွက်နေ (ဦးကျော်မြင့်)-ဒေါ်ခင်မြင့်(တေဇာလင်းပုံနှိပ်တိုက်)၊ ဦးအောင်နိုင်-ဒေါ်ခင်ခင်အုန်း၊ဦးတင်ထွန်း(မြေစာရင်း၊ ငြိမ်း)-ဒေါ်စန်းမြင့်(ဖက်ဖူးအောင် ဝါး၊ ခရီးဆိုင်)တို့၏ညီ/မောင်၊ ဒေါ်ဝင်းမြင့်(အုတ်လုပ်ငန်း)၊ ဦးခင်မောင်မြင့်-ဒေါ်သီတာချိုတို့၏ အစ်ကို၊ မောင်ရန်နိုင်ချစ်(အထက-တိုက်ကြီး)၊ မောင်ကိုကိုဇင်၊ မောင်စိုးစံတို့၏ မွေးသဖခင်၊ ဒေါ်မြမြစန်း၏ခင်ပွန်းသည် ၁၈-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၀-၈-၂၀၀၄ (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် အမှတ်(၁၁၅)၊ပြည်လမ်း၊ ဗောဓိကုန်းရပ်ကွက်၊ တိုက်ကြီးမြို့ နေအိမ်မှ တိုက်ကြီးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယိကာမကြီး

ဒေါ်တောရင် (၁၀၄)နှစ်

(ခရမ်း)

ရန်ကုန်တိုင်း၊ သုံးခွမြို့၊ ရှမ်းစုကျေးရွာနေ (ဦးစံဖြိုး-ဒေါ်ငြိမ်းသူ)တို့၏ သမီး၊ ခရမ်းမြို့၊ အမှတ်(၂၄၁)၊ (၂)ရပ်ကွက်၊ ဘုရင့်နောင်လမ်းနေ (ဦးမောင်ညွန့်)၏ ဇနီး၊ ဦးတင်လှိုင်-(ဒေါ်ကြည်)၊ (ဦးခိုမောင်)-ဒေါ်ရီ၊ ဦးသောင်းလှိုင်-ဒေါ်လှကြည်၊ (ဦးဝင်းမောင်)-ဒေါ်ခင်လှ၊ ဦးချစ်တင်-ဒေါ်ခင်သန်းတို့၏ ကျေးဇူးရှင်မွေးသမိခင်ကြီး၊ ကိုအောင်လွင်-မနွယ်နွယ်ဝင်း(ခရမ်းသားသစ်ဆိုင်)၏ အမေကြီး၊ မြေး ၁၆ယောက်၊ မြစ် ၂၆ယောက်တို့၏ အဘွားသည် ၁၉-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၁-၈-၂၀၀၄ (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ခရမ်းမြို့သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

[၂၅-၈-၂၀၀၄ရက်တွင် အမှတ်(၂၆/ဘီ)၊တပင်ရွှေထီးလမ်း၊အေးချမ်းသာယာမြို့သစ်၊ ခရမ်းမြို့(ခရမ်းသားသစ်ဆိုင်)၌ နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားနာမည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု။

ဦးကိုကိုကြီး (၉၄)နှစ်

ယစ်မျိုးဝန်ထောက်(ငြိမ်း)၊ ပုသိမ်မြို့

ပုသိမ်မြို့နေ (ဦးဘသင်-ဒေါ်မို)တို့၏ သား၊ (ဒေါ်သောင်းမြ)၏မောင်၊ (ဦးကိုကိုလေး - ဒေါ်ကြည်ရှိန်)တို့၏ အစ်ကို၊ (ဒေါ်ခင်ညွန့်-ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း)၏ခင်ပွန်း၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၁၇)၊ ကုန်ဈေးတန်းလမ်းနေ ဦးချိုထွန်း (စီမံကိန်းမန်နေဂျာ၊ သာပေါင်းပျော့ဖတ်စက်ရုံစီမံကိန်း)-ဒေါ်ခင်စောဝင်းတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်ထက်ဇော်၊ မမေသန္တာ၊ မောင်ထက်ခိုင်ချိုတို့၏ အဘိုးသည် ၁၅-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၇-၈-၂၀၀၄ (အင်္ဂါနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၁-၈-၂၀၀၄ (စနေနေ့)နံနက်၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည် ဖြစ်ပါ၍ ကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

ဒေါ်ခင်ခင်မြင့် (၇၁)နှစ်

ကျောင်းအုပ်ဆရာမကြီး(အငြိမ်းစား)

အလက(၁)မြောက်ဥက္ကလာပ၊

အလက(၄)၊ ကြည့်မြင်တိုင်

(ပျဉ်းမနား)

ပျဉ်းမနားမြို့၊ ချမ်းအေးရပ်နေ (ဦးဘခြား-ဒေါ်မြတင်)တို့၏ သမီး၊ (ဦးဘညွန့်-ဒေါ်သန်းစိန်)တို့၏ ချွေးမ၊ ဦးမောင်မောင်သန်း - ဒေါ်ခင်သောင်း၊ (ဦးခင်ထွန်း)-ဒေါ်မြလွင်တို့၏ ညီမ၊ ရန်ကုန်မြို့၊ အမှတ်(၁၇၀/၃)၊ ပထမသီရိရိပ်သာ၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်နေ ဦးငွေဇင်၏ဇနီး၊ မမြတ်သူဇာဇင်-ကိုစန်းလွင်၊ မနန်းဉမ္မာဇင် (ပသဒ)၊ မနှင်းဉမ္မာဇင်(FMI City P & T, Section)၊ မခင်ကြေးမုံဇင် [O.E.M(C) Co., Ltd]-ကိုဝင်းဝင်းအောင်တို့၏ ချစ်လှစွာသောမိခင်သည် ၁၉-၈-၂၀၀၄ရက် မွန်းလွဲ ၁:၂၀နာရီတွင် အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၂၀-၈-၂၀၀၄ရက် ဇဟိုရ်ဂျွန်မာဇ်အပြီးတွင် ရေဝေးကဘာစတန်သို့ ပို့ဆောင်ဒါဖနာမည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်စန်းမြင့် (၅၂)နှစ်

(B.A.History)

အကြီးတန်းစာရေး

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊

ရန်ကုန်တိုင်း၊ အင်/ယာမှူးကြီးရုံး

ရန်ကုန်တိုင်း၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ တိုးချဲ့စံပြရပ်ကွက်၊ စီမံကိန်း(၂)နေ ဦးလှငွေ-(ဒေါ်ကြင်အုံ)တို့၏ သမီး၊ မှော်ဘီမြို့နယ်၊ ဆပ်သွားတောကျေးရွာအုပ်စု၊ ဘန့်ဘွေးကုန်းကျေးရွာနေ (ဦးကုလား-ဒေါ်စော)တို့၏ သမီးချွေးမ၊ ဦးဖိုးမောင်-(ဒေါ်စိန်ကြိုင်)တို့၏ ညီမ၊ ဦးသောင်းဌေး-ဒေါ်ခင်သန်းနု၊ ဦးမျိုးသန်း-ဒေါ်ခင်မာရီတို့၏ အစ်မ၊ မြဝတီရိပ်သာ၊တိုက်(၂၃)၊ အခန်း(၁)နေ အရာခံဗိုလ်ထွန်းရီ(ကကကွန်၊ ကာကွယ်ရေးဝန်ကြီးဌာန)၏ဇနီး၊ ဗိုလ်လောင်းရဲလင်းဇော်၏ ချစ်လှစွာသောမိခင် ဒေါ်စန်းမြင့်သည် ၁၈-၈-၂၀၀၄ရက်တွင် ကွယ်လွန် သွားပါ၍ ၂၀-၈-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀) အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

သီရိပျံချီဦးကြည်မောင်

(အငြိမ်းစားဗိုလ်မှူးကြီး)

ဘီစီ-၃၅၁၆

အသက် (၈၆) နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ရွှေတောင်ကြား(၁)ရပ်ကွက်၊ အမှတ်(၂၄)၊ ကမ္ဘောဇရိပ်သာနေ ဒေါ်ကြည်ကြည်သာ၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးကြည်စိုး)၊ (ဦးပြည်စိုး)-ဒေါ်မြင့်မြင့်(အမက-၃၊ ဗဟန်း)၊ ဦးအောင်သန့်-ဒေါ်ခင်မျိုးကြည်၊ ဦးမောင်မောင်တို့၏ ချစ်လှစွာသောဖခင် ဦးကြည်မောင်သည် ၁၉-၈-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၁၂:၁၅နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းလဲသွားပြီဖြစ်ပါသဖြင့် ၂၁-၈-၂၀၀၄ (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးတင်အုန်း အသက်(၈၀)

ပုလဲစာပေ၊ တောင်တွင်းကြီး

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့၊ ရွှေအင်ကြင်းရိပ်မွန်၊ တိုက်(K)၊ အခန်း(၁)မြေညီထပ်နေ ဒေါ်ကြင်မြိုင်၏ခင်ပွန်း၊ ဦးဌေးနိုင်(ပုလဲစာပေ၊ တောင်တွင်းကြီး)-ဒေါ်ဆွေဆွေဝင်း၊ ဦးမြင့်လွင်(စက္ကူစက်)-ဒေါ်သင်းသင်းလှိုင်၊ ဦးခင်မောင်လေး(SHANGRILA LEAP INT Co,Ltd)-ဒေါ်သင်းသင်းမြိုင်၊ ဦးအောင်သန်းထူး(2/0 MULTIGATE Co,)-ဒေါ်သင်းသင်းကြိုင်၊ ဒေါ်သင်းသင်းခိုင်(ပုလဲစာပေ၊ တောင်တွင်းကြီး)၊ ဦးဝင်းနိုင်(SHANGRILA LEAP INT Co,Ltd)-ဒေါ်ခင်ထွေးတို့၏ဖခင်၊ မြေး၁၃ယောက်တို့၏အဘိုးသည် ၁၉-၈-၂၀၀၄ရက်တွင်ကွယ်လွန်သွားပါသဖြင့်၂၁-၈-၂၀၀၄(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများနံနက်၁၀:၄၅နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်း၊ဒါယိကာမကြီး

ဒေါ်ကြင်ကြည် (၇၆)နှစ်

မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်း(ငြိမ်း)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သတိပဋ္ဌာန်လမ်း၊ အမှတ်(၄၂)၊ ကျောက်မြောင်းနေ (ဦးရွှေရန်-ဒေါ်လှတင်)တို့၏သမီး၊ (ဒေါ်ခင်ဝှေး)၏ညီမ၊ ဦးအေးကြိုင်(မြန်မာ့သစ်လုပ်ငန်း၊ ငြိမ်း)-ဒေါ်မူမူ(အထက-၁၊တာမွေ၊ ငြိမ်း)တို့၏ အစ်မ၊ ဦးစိုင်းမော်ခမ်း(MIPL)-ဒေါ်အေးရူပါ၊ ဦးစိုးဝင်း(CHC)- ဒေါ်အေးမာလာ၊ ဦးအောင်ကျော်မိုး(ဦးစီးအရာရှိ၊ ဘဏ္ဍာရေး၊အိုး/အိမ်)-ဒေါ်စုနှင်းအောင်တို့၏ ကြီးကြီး၊မြေးသုံးယောက်တို့၏အဘွား ဒေါ်ကြင်ကြည်သည် ၁၉-၈-၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၁-၈-၂၀၀၄(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်ဘီ (၈၇)နှစ်

မော်ကွန်းဝင်တတိယဆင့်

စစ်မှုထမ်းဟောင်းအဖွဲ့၊ကျောက်တံတား

(ထူးကြီး)

ဧရာဝတီတိုင်း၊ အင်္ဂပူမြို့နယ်၊ ထူးကြီးမြို့နေ (ဦးဖိုးချစ်-ဒေါ်ရွှေမြစ်)တို့၏ သား၊ (ဦးပု)၊ (ဦးစု)တို့၏ညီ၊ (ဒေါ်သန်းမြင့်)၊ (ဒေါ်ခင်လှိုင်)၊ (ဦးဘီစိန်)၊ (ဒေါ်ချော)၊ (ဦးခင်မောင်)တို့၏ အစ်ကို၊ ရဲမှူးကြည်စိုးသိမ်း(အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး)-ဒေါ်လှသန်း (လက်ထောက်စီစစ်ရေးမှူး၊ ငြိမ်း)၊ ဦးမြင့်တင်ဦး-ဒေါ်လဲ့လဲ့ရီ၊ ဦးတင်ဝင်း-ဒေါ်လှလှရီ၊ တကကမြဝင်း (တပ်မတော်-လေ)-မဝင်းဝင်းအေး၊ ရဲတကကတင်မိုးဇော်(ရန်ကုန်မှူးယစ်အထူးအဖွဲ့) - မနော်နော်စိန်၊ မောင်အောင်သူရတို့၏ ဖခင်၊ မြေးကိုးယောက်တို့၏ အဘိုး၊ (ဒေါ်မို)၊ ဒေါ်မြင့်ကြည်တို့၏ ခင်ပွန်းသည် ၁၉-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၁-၈-၂၀၀၄ (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [အမှတ်(၂၄၈)၊ မဟာဗန္ဓုလပန်းခြံလမ်း နေအိမ်မှကားများ မွန်းလွဲ ၂:၃၀နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဦးအုံးခင်ကြီး(၆၈)နှစ်

ရပ်ရှင်သရုပ်ဆောင်

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၆)ရပ်ကွက်၊ သပြေလမ်း၊ အမှတ်(၆၈)နေ (ဦးညွန့်မောင်-ဒေါ်စိန်ဥ)တို့၏ သားကြီး၊ ဦးခင်မောင် (ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ငြိမ်း)-(ဒေါ်တင်လှ)၊ (ဦးခင်အောင်)-ဒေါ်တင်အေး၊ ဒေါ်လှမြင့် (မြန်မာနိုင်ငံစာစစ်)၊ (ဦးကြည်မောင်)-ဒေါ်စန်းမြင့် (Asia Express Hotel)၊ ဦးစန်းဌေး(စာပေဗိမာန်) - ဒေါ်မြင့်မြင့်စန်း(ဖိုတိုလစ်သို)တို့၏ အစ်ကိုကြီး၊ တူ၊တူမ၁၂ယောက်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၁၈-၈-၂၀၀၄ရက်တွင် နေအိမ်၌ ကွယ်လွန်ပါ၍ ၂၀-၈-၂၀၀၄ (သောကြာနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ် မှကားများ နံနက်၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးစိုးမြင့်(ငြိမ်း)ဝါဒီ

အသက် (၆၃) နှစ်

မော်လမြိုင်မြို့နေ (ဦးတိုးရီ-ဒေါ်အေးဇင်)တို့၏ သား၊ (ဦးတိုးရီ-ဒေါ်အေးကြိုင်)တို့၏ မောင်၊ ဦးစိုးသိမ်း- ဒေါ်အေးသိန်းတို့၏ အစ်ကို၊ ဒေါ်ဖွားကြည်၏ ခင်ပွန်း၊ မခက်ခက်စိုး၊ မောင်ဝင်းထွဋ်အောင်တို့၏ဖခင်သည် ၁၇-၈-၂၀၀၄ ရက်တွင် မော်လမြိုင်မြို့ မြိုင်သာယာနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၈-၈-၂၀၀၄ ရက်တွင် မီးသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယကာကြီး

ဦးရန်အေး (၈၂) နှစ်

(မအူပင်)

မအူပင်မြို့၊အမှတ်(၃၁)၊ ဈေးလမ်းနေ ဒေါ်ပိုးတီ၏ ခင်ပွန်း၊ ဦးခင်မောင်ဇော် (ဘူမိဗေဒအရာရှိ)၊ ဦးတင်မောင်ဇော် (Makro Co., Ltd.)-ဒေါ်ချိုချို၊ ဒေါ်လှစိုး(အလက-၁)၊ဦးနေဝင်း (ဗဟိုတရားရုံးရှေ့နေ)-ဒေါ်စိုးစိုးရည်၊ မချိုချိုနိုင်၊ ကိုဟန်စိုး၊ ကိုခင်မောင်တင့်တို့၏ ဖခင်၊ မမေသဇင်ဇော်၏ အဘိုးသည် ၁၇-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၁-၈-၂၀၀၄ (စနေနေ့) မွန်းလွဲ၂နာရီတွင် မအူပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးဒေါ်မြမြထွန်း(ငြိမ်း)

စစ်သူနာပြုအပတ်စဉ်(၃)

အသက် (၆၂) နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ တိုက်(၂၆)၊ အခန်း(၁၉)နေ (ဦးထွန်းရှင်-ဒေါ်လုံ)တို့၏ သမီး၊ ဦးမောင်မောင်ကြီး(အငြိမ်းစား၊ SAT မင်းဘူး)၏ချစ်လှစွာသောဇနီး၊ ဦးညီညီဦး(Ocean Tanker Co.,Ltd)-ဒေါ်တင်မျိုးသီတာဦး(Ex.MAI)၊ ဦးဇော်မျိုးဦး (Ex. MAI)၊ မောင်အောင်မျိုးဦးတို့၏ ချစ်လှစွာသော မွေးသမိခင်၊ မောင်လင်းသစ်ညီညီ၏အဘွားသည် ၁၈-၈-၂၀၀၄ ရက်တွင် အမှတ်(၂)တပ်မတော်ဆေးရုံတွင် ကွယ်လွန်သွားပါ၍ ၂၂-၈-၂၀၀၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်သန်း

အသက်(၄၀)

စိန်ရတနာရောင်းဝယ်ရေး

(ရမ်းဗြဲ-မာန်အောင်)

ရမ်းဗြဲမြို့၊ ရွှေတုံးရပ်ကွက်နေ (ဦးပန်းမောင်ဦး)-ဒေါ်ဦးကြာဖြူတို့၏သား၊ မာန်အောင်မြို့၊ ရန်အောင်မြင်ရပ်ကွက်နေ (ဦးနီထွန်း)-ဒေါ်နှင်းကြိုင်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ကျောက်မြောင်းလမ်း၊ အမှတ်(၂၀)နေ ဒေါ်ဆွေဆွေမြင့်(ပုံ့ကလေး)၏ ခင်ပွန်း၊ မနေကြည်လှိုင်၊ မကြယ်စင်ဝင့်ထည်တို့၏ဖခင်၊ ဦးပန်းရွှေအောင်-ဒေါ်သန်းရွှေ၊ဦးကျော်မြ-ဒေါ်ကြည်ကြည်မြင့်၊ ဒေါ်မြခင်-ဦးထိန်လှ၊ (ဦးမြသောင်း)-ဒေါ်ချိုချို၊ မမြသန်း၊ မမြကြည်၊ မသန်းသန်းနွယ်၊ ဦးထွန်းမြင့်-ဒေါ်သန်းခင်တို့၏ညီ/မောင်/အစ်ကိုကြီးသည် ၁၇-၈-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၁-၈-၂၀၀၄ (စနေနေ့)မွန်းလွဲ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ကျောက်မြောင်းနေအိမ်မှ ကားများ မွန်းတည့်၁၂နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ပြည်တော်ပြန် မြတ်စွာဘုရားကြီးနှင့်ဘုန်းတော်ကြီးဦးသီလစေတီဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ ရွှေကျင်နိကာယရတနာ့သူမဟာနာယကသာသနာ့ဓဇသိရိပဝရဓမ္မာစရိယ၊ ဆင္ဃသံဂီတိဘာဏက၊ ဆင္ဃသံဂီတိကာရက ဂန္ဓာရုံကျောင်းတိုက်၏ပဓာနနာယကဆရာတော်

ဘဒ္ဒန္တကောသလ္လ

သိက္ခာတော်(၆၁)ဝါ၊ သက်တော်(၈၂)နှစ်

ဧရာဝတီတိုင်း၊ ဟင်္သာတခရိုင်၊ ဇလွန်မြို့၊ ဂန္ဓာရုံကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော်ဘဒ္ဒန္တ ကောသလ္လသည် (၁၃၆၆ခုနှစ်၊ ဝါခေါင်လဆန်း ၂ရက်)၊ ၁၇-၈-၂၀၀၄ရက် မွန်းလွဲ ၁:၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား (၁၃၆၆ခုနှစ်ဝါခေါင်လဆန်း၆ရက်) ၂၁-၈-၂၀၀၄(စနေနေ့)တွင် အန္တိမအဂ္ဂိဈာပနပူဇာသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီး၊ရပ်ဝေးနေ တပည့်အပေါင်းနှင့် ဓမ္မမိတ်ဆွေအပေါင်းတို့အား အကြောင်းကြားပါသည်။ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

သူရဲသမိန် သုဓမ္မာ မဟာနိကာယ အကျိုးတော်ဆောင် သူရဲသမိန်ရွာ မင်္ဂလာရာမပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်

ဘဒ္ဒန္တဥယျ

သိက္ခာတော်(၅၆)ဝါ၊ သက်တော်(၈၂)နှစ်

ပဲခူးတိုင်း၊ ဝေါမြို့နယ်၊ သူရဲသမိန်ရွာ၌ သီတင်းသုံးတော်မူသော ဘဒ္ဒန္တဥယျ အရှင်မြတ်သည်(၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၄ရက်)၊၄-၈-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂:၃၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ဥတုဇရုပ်ကလာပ်တော်အား(၁၃၆၆ခုနှစ်၊ဝါခေါင်လဆန်း၇ရက်)၊ ၂၂-၈-၂၀၀၄ (တနင်္ဂနွေနေ့)တွင် အန္တိမအဂ္ဂိဈာပနသာဓုကီဠနသဘင်ကျင်းပမည့်အစား (၁၃၆၆ခုနှစ်၊ဝါခေါင်လပြည့်ကျော် ၁၃ရက်)၊ ၁၂-၉-၂၀၀၄(တနင်္ဂနွေနေ့)တွင် ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ တပည့်ဒါယကာ၊ဒါယိကာမအပေါင်းတို့အား ထပ်မံအကြောင်းကြားပါသည်။

တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ(သူရဲသမိန်ရွာ)

ဘုရား၊သိမ်၊ကျောင်း၊ရဟန်း၊ဒါယကာ

ခနောင်ဖြူဆရာကြီးဦးအေးဖေ (၇၉)နှစ်

(ခနောင်ဖြူ)

ဧရာဝတီတိုင်း၊ ခနောင်ဖြူမြို့နယ်နေ (ဦးဘသိန်း-ဒေါ်သိုက်)တို့၏သား၊ (ဦးလှမောင်-ဒေါ်အေး)တို့၏သားသမက်၊ (ဦးကျော်သိန်း)-ဒေါ်ခင်မိတို့၏ မောင်၊ ရန်ကုန်မြို့၊ အမှတ်(၄၀/င)၊ တရုတ်ကျောင်းလမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်စိန်မြင့်၏ ခင်ပွန်း၊ ဦးခင်မောင်အေး-ဆရာမဒေါ်ဥမ္မာစိန်၊ ဦးမျိုးသန်း-ဒေါ်စိမ်းစိမ်းထွေး၊ ဦးဗိုလ်လွင်-ဒေါ်သူဇာစိန်၊ ဦးမျိုးဆန်းတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မဆန်းမြင့်မြတ်ဦး၊ မောင်မျိုးထက်ဝင်း၊ မောင်လင်းသန့်မောင်၊ မောင်သစ်လွင်သော်တို့၏ချစ်လှစွာသောအဘိုးသည် ၁၉-၈-၂၀၀၄ရက်တွင် တရုတ်ကျောင်းလမ်းနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၁-၈-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဆရာကြီး Gabriel စောဖိုးစိန် (B.A;D.T)

အသက် (၆၉) နှစ်

စိန်ဂျွန်းဒိုင်အိုစီဇင်ဟိုက်စကူး

အထက်တန်းပြ(ငြိမ်း) အထက(၂)ဗဟန်း

သန့်ရှင်းသောကားတိုင်အသင်းတော်၏ဘဏ္ဍာထိန်း

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၏အချိန်ပြည့်စာချပုဂ္ဂိုလ်

သံတောင်မြို့နယ်၊ နန်းချိန်ခွင်ရွာနေ ဦးစောမေးရှာ၏သားကြီး၊ နော်သာမော်၊ ဒေါ်စာရာတို့၏မောင်၊ ဦးစောရှာဒရာ၊ နော်စိန်ဂျူးဗလီမူးမူတို့၏အစ်ကို၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၉)ရပ်ကွက်၊ (၁၀၄)၊ အင်းလျားလမ်း၊ သန့်ရှင်းသောကားတိုင်ဘုရားကျောင်းဝင်းနေ ဆရာကြီး Gabrielစောဖိုးစိန်သည် ၁၉-၈-၂၀၀၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၁-၈-၂၀၀၄(စနေနေ့)မွန်းလွဲ ၂နာရီတွင် အမှတ်(၁၀၄)၊အင်းလျားလမ်း သန့်ရှင်းသောကားတိုင်ဘုရားကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

အောက်မေ့ဖွယ်ဝတ်ပြုခြင်းကို ၂၂-၈-၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ၁၀၄၊ အင်လျားလမ်း၊သန့်ရှင်းသောကားတိုင်ဘုရားကျောင်း၌ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး

ဒေါ်ဟန်ကြည် (၇၈)နှစ်

(ဆကာကြီး)

ဆကာကြီးမြို့နေ(ဦးကုဝ-ဒေါ်သဲမှုန်)တို့၏ သမီး၊ (ဦးကျင်ခိုင်)၊ (ဦးကျင်လှိုင်)၊ (ဒေါ်ကျင်သို)၊ (ဒေါ်ကျင်မြ)တို့၏ ညီမ၊ (ဦးမြင့်စိုး)၏ဇနီး၊ ဦးစိုးကြည်၊ဒေါ်နီလာစိုး၊ ဦးမြင့်ဌေး၊ ဒေါ်ဥမ္မာစိုး၊ ဒေါ်သူဇာစိုးတို့၏ မိခင်၊ မြေး ၁၁ ယောက်တို့၏ အဘွားသည် ၁၉-၈-၂၀၀၄ရက် နံနက် ၃:၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၁-၈-၂၀၀၄ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။[အမှတ်(၁၆၄)၊လမ်း(၅၀) နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဆရာကြီးစောဖိုးစိန်(ခ)

ဆရာစော(၆၉)နှစ်

အထက(၂)ဗဟန်း(ငြိမ်း)

ဆရာကြီးစောဖိုးစိန်(ခ) ဆရာစောသည် ၁၉-၈-၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂၁-၈-၂၀၀၄ (စနေနေ့) မွန်းလွဲ ၂နာရီတွင် အမှတ်(၁၀၄)၊ အင်းလျားလမ်းရှိ သန့်ရှင်းသော ကားတိုင်ဘုရားကျောင်း၌ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သချိုင်းသို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

တပည့်ဆရာ/ဆရာမများ။

ဒေါ်အေးမြင့်အသက်(၈၀)

(ဥက္ကံ)

ဥက္ကံမြို့နေ တောအုပ်ကြီး(ဦးဘဖြိုး-ဒေါ်စောခင်)တို့၏ သမီး၊ (ဦးသူငယ်-ဒေါ်ထင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ တိုက်(၃၃၂)၊ အခန်း(၁)၊ (၅)ရပ်ကွက်၊ အနောက်ရန်ကင်းနေ (ဦးလှအေး၊ ကုန်သွယ်/လယ်ယာ)၏ဇနီး၊ ဒေါ်သိန်းရီ၊ ဦးသိန်းဖံ-(ဒေါ်သန်းမေ)တို့၏ ညီမ၊ ဗိုလ်မှူးအောင်မြင့်(ငြိမ်း)၊ ဒေါ်ခင်ဦး၊ (ဒေါ်စိန်စိန်)၊ ဦးမျိုးမြင့်(ထ-၄၊ မ/ဥက္ကလာ) - ဒေါ်စန်းစန်းဝင်း(မူအုပ်၊ အမက-၄၊ မ/ဥက္ကလာ)၊ ဦးမြင့်အောင်(ကုန်သွယ်/ လယ်ယာ၊ငြိမ်း)-ဒေါ်အေးအေးဝင်း၊ ဒေါက်တာကျော်ဝင်း-ဒေါက်တာဝေဝေခင် (မွေး/ကုဦးစီး)၊ ဒေါ်သင်းသင်းထွေးတို့၏ မွေးသမိခင်၊ မဝင့်သူဇာမျိုး(B.Sc, Mentor Co.,)၊ မစိုးသန္တာမျိုး(E.C.C.D၊မူကြို)၊ မအိစန္ဒာမျိုး(မူလွန်ကွက်သစ်၊မှော်ဘီ)၊ မဖြူသဇင်(တ-နှစ်၊ သတ္တဗေဒ)၊ မချောသိင်္ဂီ(BCSC)၊ မလတ်ဝတ်ရည်(BCSC)၊ မောင်ထက်အောင်ဖြိုး(ဒု-နှစ်၊ ဓာတု၊ဒဂုံတက္ကသိုလ်)၊ မသီရိဆုဝေ(X-B၊ထ-၂၊ဗဟန်း)တို့၏ ချစ်လှစွာသောအဘွားသည် တိုက်(၃၃၂)၊ အခန်း(၁)၊ အနောက်ရန်ကင်းနေအိမ်၌ ၁၈-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၀-၈-၂၀၀၄ (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြော်ငြာနှင့်လိပ်ကြေး-မုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

လူမှုဝန်ထမ်းဝန်ကြီး ဗိုလ်ချုပ်စိန်ထွား မီးသတ်ဦးစီးဌာနက တည်ဆောက်ထားသည့် တီအီး မီးသတ်ယာဉ်များ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ယနေ့နံနက်ပိုင်းတွင် မီးသတ်ဦးစီးဌာန(ရုံးချုပ်)၌ မီးသတ်ဦးစီးဌာနမှ အင်ဂျင်နီယာအရာရှိများ ပြုပြင်တည်ဆောက်ထားသည့် စစ်ကိုင်းတိုင်း ရေဦးမြို့နယ်နှင့် ခင်ဦးမြို့နယ်တို့သို့ ပေးပို့မည့် တီအီးမီးသတ်ယာဉ် နှစ်စီး၊ ချင်းပြည်နယ် မင်းတပ်မြို့နယ်သို့ ပေးပို့မည့် တီအီးမီးသတ်ယာဉ်တစ်စီး၊ ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်နှင့် တနိုင်းမြို့နယ်တို့သို့ပေးပို့မည့် တီအီးမီးသတ်ယာဉ်နှစ်စီး၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုး(ကင်မွန်းစခန်း)သို့ ပေးပို့မည့် တီအီးမီးသတ်ယာဉ်တစ်စီး စုစုပေါင်း ခြောက်စီးကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ၊ သက်ဆိုင်ရာမြို့နယ်များမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ဝန်ကြီးက ပေးပို့ရမည့်ဒေသများသို့ စနစ်တကျ အမြန်ပို့ဆောင်ရေး မှာကြားသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံဆိုင်ရာ ကနေဒါသံအမတ်ကြီး ခန့်အပ်ရန်သဘောတူ

ရန်ကုန် ဩဂုတ် ၂၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကနေဒါသံအမတ်ကြီးအဖြစ် မစ္စတာ ဒင်နီကော်မိုးအား ခန့်အပ်ရန် အဆိုပြုခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ဒင်နီကော်မိုးသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ရုံးစိုက်နေထိုင်လျက် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါသံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည် ဖြစ်သည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ရေဦးမြို့နယ်၊ ခင်ဦးမြို့နယ်၊ မင်းတပ်မြို့နယ်၊ ဝိုင်းမော်မြို့နယ်၊ တနိုင်းမြို့နယ်နှင့် ကျိုက်ထီးရိုး (ကင်မွန်းစခန်း)သို့ ပေးပို့မည့် တီအီး မီးသတ်ယာဉ် ခြောက်စီးကို ကြည့်ရှုစစ်ဆေးစဉ်။ (မီးသတ်ဦးစီး)

မြန်မာ ပြေးခုန်ပစ်အဖွဲ့ လေ့ကျင့်ပြင်ဆင် စင်ကာပူနှင့် မလေးရှားတွင် ပြိုင်ပွဲဝင်မည်

ရန်ကုန် ဩဂုတ် ၁၉

မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်သည် နိုင်ငံတကာပြေးခုန်ပစ်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် အမျိုးသား ၁၁ ဦးနှင့် အမျိုးသမီး ၁၅ ဦးတို့ကို စခန်းသွင်း လေ့ကျင့်ပေးလျက်ရှိသည်။

ဝင်ရောက်ယှဉ်ပြိုင်မည်

မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်သည် စက်တင်ဘာလဆန်းတွင် နိုင်ငံတကာပြေးခုန်ပစ်ပြိုင်ပွဲနှစ်ခုသို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာပြေးခုန်ပစ် အားကစားအဖွဲ့သည် စက်တင်ဘာ ၄ရက်မှ ၅ရက်အထိ စင်ကာပူနိုင်ငံတွင် ကျင်းပမည့် (၆၆)ကြိမ်မြောက် စင်ကာပူနိုင်ငံ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြေးခုန်ပစ်ပြိုင်ပွဲနှင့် စက်တင်ဘာ ၈ရက်မှ ၁၂ရက်အထိ မလေးရှားနိုင်ငံတွင် ကျင်းပမည့် (၈၁)ကြိမ်မြောက် မလေးရှားဖိတ်ခေါ် ပြေးခုန်ပစ်ပြိုင်ပွဲတို့၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဟု သိရသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ●

မလေးရှား ဖိတ်ခေါ်ပြေးခုန်ပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာပြေးခုန်ပစ် အားကစားအဖွဲ့မှ တုတ်ထောက်ခုန် အားကစားမယ် နေနေဝင်း လေ့ကျင့်စဉ်။

ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

ကွန်ပျူတာသုံး မြန်မာစာစနစ်နှင့် စပ်လျဉ်း၍ ပညာရှင်များ အကြံပြုချက်များ ပေးပို့နိုင်

ရန်ကုန် ဩဂုတ် ၁၉

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်သည် e-National Task Force, ICT Standardization Steering Committee ၏ တာဝန်ပေးချက်အရ ကွန်ပျူတာသုံး မြန်မာစာစနစ် အကောင်အထည်ဖော်ခြင်း (Myanmar Language Implementation) ကို လုပ်ဆောင်လျက်ရှိရာ ဘာသာပြန်ပြီးသော Interface များကို စံသတ်မှတ်ခြင်း ဆောင်ရွက်လျက်ရှိပြီး ပညာရှင်များ၏ အကြံပြုချက်များကို ရယူလိုသဖြင့် မိမိတို့၏ အကြံပြုချက်များကို URL:www.mcf.org.mm/unicode/translation တွင် ကြည့်ရှု၍ URL ပါ e-mail ဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း ၂၀၀၄ ခုနှစ် စက်တင်ဘာ ၁၅ရက် နောက်ဆုံးထား၍ အကြံပြုနိုင်ကြောင်းနှင့် ယင်းနေ့ရက်ကျော်လွန်ပါက စံအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

အီရတ်ကို ကန်တိုက်ခိုက်မှု မှားယွင်း ရီပတ်ဗလီကန်အမတ် ပြောကြား

ဝါရှင်တန် ဩဂုတ် ၁၉

အီရတ်နိုင်ငံအား အမေရိကန်ပြည်ထောင်စုက စစ်ရေးအရ တိုက်ခိုက်မှုသည် မှားယွင်းမှုတစ်ရပ်ဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စု နီဘရာစကာပြည်နယ်မှ ရီပတ်ဗလီကန် အမတ်ဖြစ်သူ ဒူဘာရူတာက မဲဆန္ဒရှင်များထံ ပေးပို့သည့် စာတစ်စောင်တွင် ဖော်ပြထားသည်။

အီရတ်စစ်ပွဲသည် အလျင်အမြန် ထွက်ပေါက်ရှာမရသည့် ငွေကုန်ကြေးကျများသော အရှုပ်အထွေးတစ်ခုဖြစ်ကြောင်း အောက်လွှတ်တော် ထောက်လှမ်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် အောက်လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီ ထိပ်တန်းအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဘရူတာက ဖော်ပြပါစာတွင် ရေးသားထားသည်။

နောက်ကြောင်းပြန်၍ ဆင်ခြင်သုံးသပ်ကာ နိဂုံးချုပ်ရပါက ယခုအခါ ပြည့်စုံလုံလောက်မှု မရှိသည့် ထောက်လှမ်းရေးသတင်းများရရှိခဲ့ပြီး မှားယွင်းသည့် ကောက်ချက်ချမှုများပေါ်ပေါက်သည်ကို ထုတ်ဖော်

စာမျက်နှာ ၉ ကော်လံ ၄ သို့ ❑